မန္တလေးမြို့
မြောက်ပြင်-ခါးဝယ်ရပ်
စတုဘုမ္မိက မဂ္ဂင်ရိပ်သာ
သစ္စာသင်တန်းပြ ဆရာတော်
နံ့ယော ဦးဇာဂရ မထေရ်
ရေးသားပြုစုသော

စတုဘုမ္မိကကျင့်စဉ်

ဓမ္မဒါန

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

●

ကျော်ဝင်းဆွေပုံနှိပ်တိုက်
၁၃၊ ၉၇-လမ်း၊ ကန်တော်လေးစာတိုက်၊ ရန်ကုန်မြို့။

မန္တလေးမြို့

မြောက်ပြင် · ခါးဝယ်ရပ်

စတုဘုမ္မိက မဂ္ဂင်ရိပ်သာ

သစ္စာသင်တန်းပြ ဆရာတော်

နံယော ဦးဇာဂရ မထေရ်

ရေးသားပြုစုသော

စတုဘုမ္မိကကျင့်စဉ်

ဓမ္မဒါန

ကျော်ဝင်းဆွေပုံနှိပ်တိုက်

၁၃၊ ၉၈-လမ်း၊ ကန်တော်လေးစာတိုက်၊ ရန်ကုန်မြို့။

ပထမအကြိမ် ရိုက်နှိပ်ခြင်း
၁၉၇၇-ခု၊ ဂျွန်လ
အုပ်ရေ ၁၀၀၀

၂၄၉၂၂

Printed in the Union of Burma
by the Kyaw Win Swe Printing Press, Rangoon.

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ် (၄၃၁၆)
ထုတ်ဝေသူ မှတ်ပုံတင် ကင်းလွတ်ခွင့် အမှတ် (၀၃၅၇၉)

ထုတ်ဝေသူ— ဦးဉာဏဝံသ
စတုဘုမ္မိက သာသနာပြုကျောင်း
၇၇၊ အနော်ရထာလမ်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ— ဒေါ်မြရီ
ကျော်ဝင်းဆွေပုံနှိပ်တိုက် (၀၁၄၁၃)
၁၃၊ ၉၇-လမ်း၊ ရန်ကုန်မြို့။

မာတိကာ

နိဒါန်း	စ
ရောင်ခြည်တော်ဘွင့် ဘုရားပင့်	၁
ပဌမ ငှက်တွင်းဆရာတော် ဘုရားကြီးအား ကန်တော့ခန်း	၄
ကွမ်းခြံကုန်းဆရာတော်ဘုရားကြီးအား ကန်တော့ခန်း	၈
နံ့ယောဆရာတော် ဘုရားကြီးအား ကန်တော့ခန်း	၁၃
ဂုဏ်တော်ဘွင့် ရတနာသုံးပါး ရှိခိုးခန်း	၁၇
ဩကာသဝန္ဒနာ	၂၀
အာဇီဝဋ္ဌမကဥပေါသထ ရှစ်ပါးသီလ တောင်းခံနည်း	၃၇
အာဇီဝဋ္ဌမကဥပေါသထ ဆယ်ပါးသီလ တောင်းခံနည်း	၃၈
သရဏဂုဏ်အနက်	၄၀
ဝါရိတ္တသိက္ခာပုဒ် အနက်	၄၁
စာရိတ္တသိက္ခာပုဒ် အနက်	၄၄

မာတိကာ

ဣမာယ စသော ပါဠိ အနက်	၄၇
အဒ္ဓါဣမာယ စသော ပါဠိ အနက်	၄၈
ဥဒ္ဒံပါဒတလာ စသော ပါဠိ အနက်	၄၈
သဗ္ဗေသင်္ခါရာ စသော ပါဠိ အနက်	၄၉
ဘုရားဂုဏ်တော် ကိုးပါး အနက်	၅၂
တရားဂုဏ်တော် ခြောက်ပါး အနက်	၅၅
သံဃာဂုဏ်တော် ကိုးပါး အနက်	၅၈
သုပ္ပဗုဒ္ဓံ စသော ပါဠိ အနက်	၆၂
သိယာကုသလံ စသော ပါဠိ အနက်	၆၃
ကုသိုလ် ၁၁ - ပါး	၆၅
ပဋိပတ် နှင့် ထုံးအကျိုး	၆၆
ဥဂ္ဂဟ နှင့် မနသိကာရကောသလ္လဉာဏ် သံခေပါက်လင်္ကာ	၆၈
ခေမာမိဖုရား အမွှန်း	၇၃
အရှင်စူဠပန် အမွှန်း	၇၆
အရှင်အာနန္ဒာ အမွှန်း	၇၉
ကောဏ္ဍဓာန အမွှန်း (ဓမ္မပဒပါဠိတော်)	၈၂
မဟာသတိပဋ္ဌာန် ဒွတ္တိံသကာယ ပွားနည်းများ (မြန်မာဘာသာ)	၈၃
မဟာသတိပဋ္ဌာန် ဒွတ္တိံသကာယ ပွားနည်းများ (ပါဠိဘာသာ)	၉၃

ကောဋ္ဌာသအစဉ် ပဋိကူလထင်ရန် ပွားများပုံ (မြန်မာဘာသာ) ၁၀၄

ကောဋ္ဌာသအစဉ် သုညတ နှင့် ဓာတ် စသည် ထင်မြင်ရန် ပွားများပုံ (မြန်မာဘာသာ) ၁၀၉

ကောဋ္ဌာသအစဉ် လက္ခဏာတင်၍ ဆင်ခြင်ပွားများပုံ (မြန်မာဘာသာ) ၁၁၇

ကောဋ္ဌာသအစဉ် ပဋိကူလထင်ရန် ပွားများပုံ (ပါဠိဘာသာ) ၁၂၁

ကောဋ္ဌာသအစဉ် သုညတ နှင့် ဓာတ် စသည် ထင်မြင်ရန် ပွားများပုံ (ပါဠိဘာသာ) ၁၂၈

ကောဋ္ဌာသအစဉ် လက္ခဏာတင်၍ ဆင်ခြင်ပွားများပုံ (ပါဠိဘာသာ) ၁၃၄

ကာယငါးပါး ရွတ်ပွားရန် တိုက်တွန်းချက် အမွှန်း ၁၃၉

ကာယငါးဖြာ, သဘာဝ ၁၀ - ချက်, လက္ခဏာ ၃ - နက် ၁၄၁

ဆဝိဇ္ဇာ ဘာဂိယ ပွားများရန် တိုက်တွန်းချက် ၁၆၀

ဆဝိဇ္ဇာ ဘာဂိယ ပွားများနည်း (ပါဠိဘာသာ) ၁၇၀

ဆဝိဇ္ဇာ ဘာဂိယ ပွားနည်း (မြန်မာပြန်) ၁၇၂

ခန္ဓာငါးဖြာ ဝိပဿနာ ရှုပွားနည်း (ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ) ၁၇၆

မာတိကာ

တနည်း - ကာလသုံးပါး ပိုင်းခြား၍ ပွားများသုံးသပ်ရန် ၁၇၆
ခန္ဓာငါးပါး၌ ဝိပဿနာ ၇-ဌာန ၁၇၇
အာယတန ၁၂-ပါး ဝိပဿနာရှုပွားနည်း ၁၇၈
ဓာတ် ၁၈-ပါး ဉာဏ်အားထင်မှု ဝိပဿနာ ရှုပွားကြရန် ၁၇၈
ရုပ်ဓာတ် နာမ်ဓာတ် ၅၂-ရုပ်၌ ဝိပဿနာ ရှုပွားနည်း (မြန်မာဘာသာ) ၁၈၀
တောလေးဆယ်ကို မြန်မာပြန်ဆိုခြင်း ၁၈၃
အာရုံခြောက်ပါး ဝိပဿနာတရား (အမေး - အဖြေ) ၁၈၉
မဂ္ဂင်ရှစ်ပါး (အမေး - အဖြေ) ၁၉၇
သမ္ပဒါရှစ်ပါး (အမေး - အဖြေ) ၂၀၈
သစ္စာအနက် ၁၆-ချက် (အမေး - အဖြေ) ၂၁၂
ဝိသုဒ္ဓိ ၇-ပါး နှင့် ဉာဏ်စဉ်များကို ပြဆိုခြင်း ၂၁၆
အဘိဏှသုတ် ရွတ်ပွားရန် နှိုးဆော်ချက် ၂၂၇
အဘိဏှသုတ် ၂၂၈
သံဝေဂ ဂါထာ ၂၃၃
သီလတောင်း ၃-ပုဒ် ၂၃၄
တရားတောင်း ၄-ပုဒ် ၂၃၈

မာတိကာ

တရားသိမ်း	၂၄၂
မေတ္တာပို့	၂၄၅
စတုဘုမ္မိကရိပ်သာ အမျှဝေ	၂၄၇
အဓိသီလ, စိတ္တ, ပညာ ရှစ်လုံးဘွဲ့ကဗျာ နှင့် လင်္ကာသံပေါက်များ	၂၄၈
ပါရမီဆယ်ပါး ကျင့်စဉ်တရား	၂၅၀
မီးဘေးကိုရှောင် မလောင်ခင်တား	၂၅၂
နိဂုံး	၂၅၃

နိဒါန်း

ဤ 'စတုဘုမ္မိက ကျင့်စဉ်' စာအုပ်သည် ၁၂၉၉-ခုနှစ်တွင် နံယောဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ပြုစု ရေးသားခဲ့သော စာအုပ် ဖြစ်၏၊ ထိုစာအုပ်ကို ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ် လေးကြိမ်တိုင်တိုင် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ယခု ဆရာတော်ဘုရားကြီး မရှိသည့်နောက် ဆရာတော်၏ တပည့်ရင်း ဖြစ်သော အနော်ရထာလမ်း အမှတ်၇၇-စတုဘုမ္မိက သာသနာပြု ကျောင်းထိုင် ဘုန်းတော်ကြီး အရှင်ဉာဏဝံသက ထို 'စတုဘုမ္မိက ကျင့်စဉ်' စာအုပ်ကိုပင် ထပ်မံ ဖြည့်စွက်၍ စတုဘုမ္မိက ဂိုဏ်းသူ ဂိုဏ်းသားများ နှင့် အခြားသော တရားလိုက်စား လိုသူတို့ အသိဉာဏ် ထွက်ဘို့ရန် ဆက်လက် ထုတ်ဝေခြင်း ပြုအပ်ပါသည်။

စတုဘုမ္မိကကျင့်စဉ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ရောင်ခြည်တော်ဖွင့် ဘုရားပင့်

စတုက္ကရံသိ နိက္ခန္တာ၊ မေရုရာဇာ ဂိရုတ္တမော၊
သောဘတေဝ သကဘာယာ၊ ဩဘာသယံ သမန္တတော။

တထာ စ သောဘတော ဗုဒ္ဓေါ၊ ဆဗ္ဗဏ္ဏရစိယာ ဘာသံ၊
အနန္တဇုတိမံ ဘန္တေ၊ ဂန္တွာ ဌာတု သိရမှိ မေ။ ။

ဂိရုတ္တမော၊ ကမ္ဘာပေါ်တွင် ထင်ရှားရှိသမျှ၊ တောင်တကာ့ ထွဋ်မှူး လေးရောင်မြူးသည့်၊ တောင်ဦး တောင်မြတ်ကြီး ဖြစ်ပေထသော။ စတုက္ကရံသိနိက္ခန္တာ မေရုရာဇာ၊ ရွှေ, ငွေ, မြ, ဖလ် လေးတန်ရောင်ခြည်၊ ထွက်လည် ကွန့်မြူး၊ တင့်ထူး လျှံပြိုင်၊ မလျှိုင် ချက်မွေ၊ နေစက် လစက်၊ နက္ခတ်တာရာ၊ ကြယ်တကာတို့၊ ဝဲယာ ပတ်ဝိုက်၊ ဦးခိုက်ကြရာ၊ မဟာမြင့်မိုရ် တောင်မင်းသည်။ သကဘာယာ၊ ဝါဝင်းရောင်, ဖြူဝင်းရောင်, စိမ်းလဲ့ဝင်းရောင်, ဖလ်မှန်ရောင် တည်းဟူသော မိမိအရောင်အဝါဖြင့်။ သမန္တတော၊ နှစ်ထောင် ကျွန်းငယ်၊ လေးသွယ် ကျွန်းကြီး၊ သီးသီး မွှားမွှား၊ အဏ္ဏဝါ လေးသွယ်၊ မြစ်ငယ်ငါးရာ၊ ငါးဖြာ မြစ်မ၊ ရှိသမျှအကုန်၊ အလုံးစုံ ရပ်ဒီ၊ ပတ်ပတ်လည်၌။ ဩဘာ

No 1

သယံ-ဩဘာသယာန္တော၊ ထွန်းလင်း တောက်ပြောင်၊ မြင့်မိုရ် ရောင်က၊ မိုက်မှောင်ပယ်ခွာ၊ အသာကြီး သာစေလျက်။ သောဘတေ ဣဝ၊ လေးကျွန်းလုံး အလယ်၊ တန်ခိုး ကြွယ်ဖြိုး၊ တင့်တယ်မြင့်မောက်၊ အထက်တန်း ရောက်နေဘိသကဲ့သို့။ တထာစ၊ ထိုမြင့်မိုရ် တောင်ကြီး၊ ပမာ မှီးလျက်၊ ပုံနည်း စံယူ၊ အလားတူ သာလျှင်။ ဆဗ္ဗဏ္ဏရုစိယာ၊ ကြာညိုရောင်, ဖဲညိုရောင်, ပုလဲညိုရောင်, မြစိမ်းညိုရောင် အဆင်းကဲ့သို့ ညိုဝင်းသော ရောင်ခြည်တော် - နေမင်းအရောင်, ရွှေဆင်းအရောင်, ပယင်း ဝါရောင်, စလင်း အဝါရောင်, ပုလဲအဝါရောင်, ဖဲအဝါရောင်, ပတ္တမြား အဝါရောင် အဆင်းကဲ့သို့ ဝါဝင်းသော ရောင်ခြည်တော် - တိမ်နီရောင်, စိန်နီရောင်, ကြာနီရောင်, သာဂီရောင်, သန္တာနီရောင်, ကမ္ဗလာနီရောင်, ပတ္တမြားနီရောင် အဆင်းကဲ့သို့ နီဝင်းသော ရောင်ခြည်တော် - ဘော်သာခွာရောင်, သင်တာလရောင်, မကာရ်း အဖြူရောင်, ဂွမ်းအဖြူရောင်, ကြယ်အဖြူရောင်, စမ္ပယ်အဖြူရောင်, စကားအဖြူရောင်, ခရုအဖြူရောင်, ရတီစိန် အဖြူရောင်, ဝဇီရိန်အဖြူရောင်, ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူဝင်းသော ရောင်ခြည်တော် - မည်းရောင်, နီရောင်၊ ညိုရောင် ထည့်လောင်း၊ ကူးယှက် ပေါင်းသဖြင့်၊ မှည့်မှောင်း မှိုင်းအုံ၊ ရည်မှုံသော အဆင်းရှိသော မဉ္ဇိဋ္ဌ ရောင်ခြည်တော် - မင်းလွင် မြူခိုန်၊ ကဆုန် မာသ၊ ခါသမယဉ္စ၊ မိုယ်းဝပြင်ကျယ်၊ ကောင်းကင် လယ်က၊ လျှပ်ပန်းနွယ် ယှက် ကူး၊ ပိုးယစ်မြူး သဏ္ဍာန်၊ မီးပန်းတွေ ပျံ့သလို၊ အလျှံ တလဲ့လဲ့၊ တောက်သက် ကွန့်လည်၊ ညှိမှ ထိုမှ၊ လူးလာပြိုးပြက်၊ တခဲနက်

သော ပဘာသရ ရောင်ခြည်တော် တည်းဟူသော ခြောက်သွယ်သော ရောင်ခြည်တော် ဓာတ်အပေါင်းဖြင့်။ သောဘဏော၊ မြင်ရသူ အများ၊ တွေ့ရသူ အများ၊ ဖူးရသူ အများ၊ ကြည်ညိုသူ အားမရနိုင်အောင် အတင့်တယ်ကြီး တင့်တယ်တော် မူပေထသော။ ဗုဒ္ဓေါ၊ သစ္စာလေးပါး၊ အကျယ်ပွားလျက်၊ ထင်ရှားသိတတ်၊ လူ နှင့် နတ်ကို၊ အထပ်ထပ် သိစေတော် မူပေထသော၊ ဘဂ္ဂေ၊ ဘုန်းတော် ခြောက်ဆိုင်၊ ဘဝဂ်တိုင်အောင်၊ ပြန့်လှိုင်ကျော်ကြား မြတ်စွာဘုရား။ အနန္တဇုတိမံ၊ မြေအဆုံး မိုးအဆုံး၊ စကြာဝဠာဆုံးအောင်၊ အုပ်ဖုံးဖြန့်မိုးခြင်းငှာ၊ စွမ်းနိုင်ရာသောကြောင့်၊ မိုင်တာဃောသ၊ ဂါဝုတ ယူဇနာ၊ သင်္ချာပမာဏ၊ ဂဏန်းပြလည်း၊ မရနိုင်ချေ၊ အပ္ပမေ အနန္တ၊ ဆုံးစ မထင်၊ ရောင်ရှင်တော် ဓာတ်အပေါင်းနှင့်၊ ပြည့်စုံတော် မူပေထသော။ ဘဂံ၊ ဘဝ သုံးပါး၊ ဟုန်းဟုန်းသွားတဲ့၊ ရထားပမာ၊ စက်သံသရာကြီးကို၊ ပညာဖြင့် ဖျက်ဆီး အောင်မြင်တော် မူပြီးသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး သည်။ အာဂန္တွာ၊ တရားချစ်ကျက်၊ ဇာတ်စုံထွက်သည့်၊ ရွှေစက်နှစ်ဖုံ၊ ကြာပဒိုကို၊ ညွတ်ချိုဖြန့်မြန်း၊ နိဗ္ဗူနန်းမှ၊ ကြွလှမ်း ဖြန့်ချီတော် မူခဲ့သည် ဖြစ်၍။ မေ·ပပါ၊ သိက္ခာသုံးလီ၊ ဆောင်ပွားတည်၍၊ ယောဂီသမုတ်၊ အကျွန်ုပ်တို့၊ သိရမို့၊ ကိုယ်ဒြပ်တွင်၊ အမြတ်ပင် ဟု၊ မှတ်ထင်ပူရပါ၊ ဦးခေါင်း တည်းဟူသော နေရာတော်၌။ ဌာတု၊ သာဂက အများ၊ ကောင်းကျိုးပွားရအောင်၊ တန့်နား ရှင်ပြုံ၊ သိတင်းသုံးတော် မူလှဲပါ၊ စိန်ရောင်ခြည် နေတန့်ကဲ့သို့၊ ရွှေဘုန်းတော် သခင် အရှင် သူမြတ်ကြီးဘုရား။ ။

၁၄မ ငှက်တွင်း ဆရာတော် ဘုရားကြီးအား

ကန်တော့ခန်း

—

သာသနာဂီရိ မာရဇ္ဇေ၊ ထေရော ကရဝိကော တမံ။
ဓမ္မပကွေဟိ ဘိန္ဒန္တော၊ ဠပိတော ဂဏမုတ္တမံ။
နိဗ္ဗုတော ကထကူဇေဟိ၊ ထေရံ ဝန္ဒာမ တံ မယံ။

ယော ထေရော ကရဝိကော၊ သုံးသွယ် ပိဋကတ်၊ ငါးရပ်နိကာယ်၊ ကိုးသွယ် အင်္ဂါ၊ ဓမ္မက္ခန္ဓာ အပေါင်း၊ ရှစ်သောင်းလေးထောင်၊ အစောင်စောင်ကို၊ များမြောင် ကုန်စင်၊ သိကျွမ်းကျင် သဖြင့်- "ပညာဒီပ ကာဝိဓဇ ဒိသာ ပါမောက္ခ တိပိဋကာ လင်္ကာရ" ဟု၊ နာမဂုဏ်ဟိတ်၊ ပုံတံဆိပ်ဖြင့်၊ ခပ်နိုပ်အကျော် - (အသရေ သတင်းမှာ, ပရမေ မင်းပမာ, အထွေထွေ လင်းဖြာ, ဓမ္မ အရင်းပါဘဲ့၊ ရွှေမင်းဝံ ငှက်တွင်း ဆရာတော်ဘုရား တည်းဟူသော အတိတ် အဆက်နှင့်၊ တံဆိပ်နက်တဲ့၊ အကြောင် ကရဝိတ် ငှက်မင်းကြီးသည်)။ သာသနာဂီရိ၊ အသရေ သတင်းအရောင်, အထွေထွေ လင်းပြောင်, နေမင်းပမာ ဆောင်သည့်၊ သာသနာတော် တည်းဟူသော ရွှေမင်းဝံ

ဖောင်တော်ထက်သို့။ အာရုဋ္ဌော၊ သတ္တဝါ ဝေနေ၊ များထွေထွေအား၊ ကယ်မမည့် စိတ်တော် ထားလျက်၊ ကြွားကြွား မြင့်မောက်၊ ထက်တန်း ပေါက်အောင်၊ ကြွရောက် တက်ချီတော်မူခဲ့ရှု။ တမံ- အန္တတမံ၊ ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထ နုယောဂ ဒွေအန္တ ဟု။ သံသရာ့ ဂေါင်းတွဲ၊ အစွန်း နှစ်ဘက် တည်းဟူသော အမိုက်ခဲကြီးသေ့ကို။ ဝါ၊ ကုသလာဘိ သင်္ခါရော ဓေကော အန္တော, အကုသလာဘိ သင်္ခါရော ဓေကော အန္တော ဟု၊ ကျမ်းဓမ္မာက၊ ထုတ်ဖော ပြသည့်၊ သင်္ခါရ ကုသိုလ်၊ အကုသိုလ် တည်းဟူသော- (အပိုအမို များမြောင်, အရှိုရှို ပွားအောင်, ယိုထို တရားအရောင် ကံကတ္တား ငါးဆယ် ခြောက်ဆယ် ဆိုတဲ့ အမိုက်မှောင်များကို) ဝါ၊ သံသရာ ဘေးဘဝ၊ ရန်ဘယာ ထွေးအပွန့်၊ ဖန်ခါခါ ပြေးကြ ရသဖြင့် (အဖေးအကူ မရ ကိုက်အောင်, အဆွေးအပူ ဗလတိုက်လှောင်, အလေး မမူရမည့် တောကူမက အမိုက်မှောင်ကို)။ ဓမ္မပက္ခုဟိ၊ အသက် အသွင်အလား၊ လက်ဘွင် ထားရမည့်၊ မဂ္ဂင်ရှစ်ပါး၊ မဇ္ဈိမ ပဋိပတ် တရားမြတ် တည်းဟူသော အခေါင်ညီးညီး အရောင်ဟီးတဲ့၊ အတောင်အမြီးတို့ဖြင့်။ ဝါ၊ စတုဘုမ္မိက၊ ဂုဏ်မည် ရှေ၊ ကြကြ ငွားငွား၊ လှုလှု ထွားသည့်၊ မဇ္ဈိမ ပဋိပတ် တရားမြတ် တည်းဟူသော (အစားစား ဂုဏ်ရောင်, အသွားထွား ပုံဆောင်, ငွားငွား စုံပြောင်, အခေါင် မပျက်၊ အခေါင် လက်သည့်၊ အတောင်နှစ်ဘက်တို့ဖြင့်)။ ဘိန္နန္တော၊ မိုဃ်းတိမ် မှောင်မိုက်၊ လေဟုန်တိုက်သလို၊ ဖရိဖရဲ၊ ရှို အတွဲဖြင့်၊ ပြိုလဲပျက်စေ၊ ဖြိုခွဲ ဖျက်

ချေတော် မူလျက်။ ဥတ္တမံ၊ တေဘုံနှင့်စပ်၊ အကုန် ဖြတ် သဖြင့် - (တင့်အပ် လျော်စေ, ဆင့်ထပ် ကျော်စေ, ရင့်မြတ် တော် မူပေထသော)။ ဂဏံ၊ စတုဘုမ္မိက သာသနာ၊ ရောင် တော် ဖြာလျက်၊ ပြည်မြန်မာတိုင်း၊ ပြန့်နှံ့ ဝိုင်းတဲ့၊ ဤမဟာ သတိပဋ္ဌာန် ငှက်တွင်း ဂိုဏ်းကြီးကို။ ဌပိတော၊ ရန်သူတွေ ဗလဗွ၊ မန်မူ နေကြသော်လည်း၊ ပမာဏ မထား၊ မြက်မှိုက် လောက် မထင်ငြားဘဲ- (ရှင်များ နှောင်လူ, ပွင့်ထွားအောင် ဟူ, မြင့်မားရောင်ဖြူ, အောင်ဇေယျတု၊ ငွေခရုဖြင့်၊ အသရေ ပြူခါ၊ ထင်ရှား တည်ထောင်တော် မူခဲ့ ပါပေ သတည်း)။ ဌပေတွာ၊ အလျှံ ညီးညီး၊ စံကမ္ဗည်းနှင့်၊ ဖန်တည်း တည် ထောင်တော် မူပြီး၍။ ကာထာကူဇေဟိ၊ ငါးဆယ်ငါးဝါ၊ ကာလ ကြာအောင်၊ ဒေသနာ အစားစား၊ အသွေ့ထွေ့ အဖြာဖြာ အား ဖြင့်၊ ဟောကြား ပြီသ၊ ဆုံးမတော်မူခြင်း တည်း ဟူသော (အဦးအမွန်ပဌမ, အထူးအလွန် မှန်လှသည့်, မြူးတွန်သံ ဓမ္မတို ဖြင့်)။ နိဗ္ဗူတော၊ ပစ္ဆုပ္ပန်က၊ ရုပ်နာမ် နှစ်ဖြာ၊ ငါးခန္ဓာကို၊ မြန် စွာယုတ်သိမ်း၊ နိဗ္ဗူ ကိန်းလို့၊ ချုပ်ငြိမ်း ကွယ်ပတော်လေပြီ။ တံ -ထေရပရိနိဗ္ဗူတံ၊ သထုံမြို့ ရွှေစာရံက၊ အဟုန်မချို့ နေ အလျှံ ထလျက်၊ ခန္ဓနိဗ္ဗူ၊ စံကြွတော် မူသည်ဟု၊ လူရှင် တို့အား လွန်ထင်ရှားသဖြင့် - (ဘုရားသခင် အဘူ, အလား အသွင် တမူ, မမှား ထင်ယူ, များရှင် လူတို့၊ ကြည်ဖြူ ကိုယ်စား၊ ထိုကျေးဇူးရှင်၊ ငှက်တွင်း ဆရာတော် ဘုရားကြီးကို)။ မယံ၊ ရတနာ သုံးတန်၊ အစစ်အမှန်ကို၊ အရှင့်ထံမှ၊ နည်းခံရသဖြင့်၊ ကျ, န ပိုင်းခြား၊ ကိုးကွယ်ပုံ နားလည် ထားရသည့်၊ ဘုရား

တပည့်တော်တို့သည်။ ဝန္ဒာမ၊ သာသနာ့ခဇ အဟုန်၊ ပဏာမာ ရဟာ အကုန်၊ ဆရာ သမဏဂုဏ်၊ အလုံးစုံကို၊ ကြည်ယုံမြတ်နိုး လက်အုပ်မိုးခါ၊ ရှိခိုး ကန်တော့ပါကုန်၏ အရှင်ဘုရား။

ရှစ်လုံးဘွဲ့

ကရုဝိတ် ငှက်မင်း - ပုံခင်း စံတင်။
မင်းဝံဘုရား - ထွေ့ဖျား သခင်။
သာသနာ မည်ဟီး - တောင်ကြီးပေါ်တွင်။
တက်ရောက်ပြီး - မငြီး စံပျော်ရှင်။ ။

တေဘူမက - သခ်ါရ မှောင်။
စတုဘူမိ - မည်ရှိ အတောင်။
ဖြန့်ကာကျက်လို့ - ဖိုဖျက် ပြောင်ပြောင်။
ငှက်တွင်းဂိုဏ်း - နယ်တိုင်း ဖွင့်တည်ထောင်။ ။

ဝါငါးဆယ့်ငါး - ထင်ရှား ပိုင်ပိုင်။
သာသနာကျိုး - သည်ပိုး နိုင်နိုင်။
တပည့် တပန်း - ရဟန်း ဖြိုင်ဖြိုင်။
ပြန့်နှံ့ပွား - ကျော်ကြား နယ်ခရိုင်။ ။

ဇရာ ထောင်းဖိ - ပြောင်းအိ သည်ခါ။
သထုံနဂရ - မြို့မ မဟာ၊
ရွှေစာရံမှ - မြန်းကြွ ခန္ဓာ၊
နိဗ္ဗူကိန်း - ချုပ်ငြိမ်း ကွယ်လွန်ရှာ။ ။

ကွမ်းခြံကုန်း ဆရာတော် ဘုရားကြီးအား

ကန်တော့ခန်း

—

သောဘိတံ သီလပက္ခေန၊ ဓမ္မစက္ခုဥဿယ သာသနေ။
ကာနနေ သီဿမောဇရေဟိ၊ ကူဇောဝါဒေဟိ ဥက္ကဋ္ဌံ။
ထေရမောရံ မယံ နိစ္စံ၊ ဝန္ဒာမ ဂုဏဘာဇနံ။ ။

သာသနေကာနနေ၊ အတိဒုလ္လဘ ဘုံဘာဝနှင့် ကြုံရခဲလှော်၊ သီလ ၊ သမာဓိ ၊ ပညာခေါ်တဲ့ ဘုရားရှင်၏ သာသနာတော်တည်းဟူသော အထူး ထင်ပေါ် မြူးရွှင်ပျော်တဲ့ ဥယျာဉ်တော်၌။ သီလပက္ခေန၊ မညှိုးမခြောက် ဖြိုးဖြိုးတောက်ခါ ကိလေသာ အပူအပင် အရှုပ်ခမ္မတိုက် ထိချွေခါ အမြုအစင် ဖြုတ်ချသဖြင့် အနုတ္တရ အမည်ရတဲ့ (အညီအမျှ ဖွေးပြောင် ၊ ဝသီမွေ့ သွေး အရောင် ၊ အကိမသွ ရွေးဆောင် ၊ သီလတော် တည်းဟူသော အမွေးအတောင်ဖြင့်ရှင်း)။ ဓမ္မစက္ခုဥဿယ စ၊ မယိမ်းမယိုင် တောင် မလျှိုင်သို့ မြဲခိုင် စွာတိ သမာဓိနှင့် နေ၏ အရောင် ပမာ ဆောင်သည့် ဝင်းပြောင်ပညာ မင်္ဂလာနှင့် ယှဉ်ကာထွန်းတောက် လောကီ လောကုတ္တရာ ဒေသနာ ဓမ္မတော် တည်းဟူသော ဦးစွန်း အမောက်ဖြင့်ရှင်း။ ဝါ၊ သဗ္ဗာဝါဝေနေ မျှားထွေထွေ

အား ဣန္ဒြေ နှုရင့် ခွဲဝေ ချင့်ခါ ပဉ္စမေ ဘဂဝါ ဘုရားရှင် တမျက်ကဲ့သို့ အသေအချာ မမှားအစဉ် ပြတဲ့ ဒေသနာ တရား အယဉ် ဓမ္မတော် တည်းဟူသော ကြက်သရေ မေဓာကွန်း တက်နေဝန်းသို့ မြန်ကျွန်း တဋလျောက် စိုးညွှန်း လောက်အောင် အလျှံ ထွန်းတောက်သည့် အမြောက် ဦးစွန်းဖြင့်ရင်း။ သောဘိတံ၊ ကြားမြင် သူပေါင်း ပီတိ ငြောင်းအောင်- (ဖောင်းဖောင်း ဝင့်ထယ်, သောင်းသောင်း ဆင့်ကယ်, ကောင်းကောင်း မြင့်ကြယ်, ရှင့် အလယ်၌ တင့်တယ်တော် မူပေထသော)။ သိဿ မောရေဟိ၊ ဘုရားမျက်နှာ သာသနာနှင့် ကိုယ်မှာ နောင်ရေး ကောင်းဘို့ တွေးလျက် လေးလေး မိမိ စိတ်အားရှိသည့် တပည့် သောင်းသောင်း ထေရ, နဝ, မဇ္ဈိမဖြစ်ကြတဲ့ ရွှေဥဒေါင်းတို့ဖြင့်။ ဝါ၊ ကျမ်းစမ္မခန် အခြေဓမ္မတို့ကို အစွမ်းသန်သန် ဖွေရှာကြလျက် လမ်းမှန်မှန် သွေမကွာကြသည့် ရဟန်း သံဃာ ထေရ် သမဏ တည်းဟူသော သွေးတူ မွေးတူ ဆေးမကူတဲ့ ဒေါင်းရွှေကူတို့ဖြင့်လည်း။ သောဘိတံ၊ ဖူးမြင်သူများ ပီတိ ပွားအောင် (ငွားငွား စွင့်ကယ်, ကားကား ပွင့်နွယ်, တွားတွား မြင့်ကြွယ် ဆင့်ဆင့် ချယ်လျက် တင့်တယ်တော် မူပေထသော)။ ဩဝါဒ ကူဇေဟိ၊ တပည့် အပေါင်း ရွှေဥဒေါင်းတို့အား ဆိုးကောင်း ဓမ္မ ကြိုးကြောင်း ပြခါ ယဉ်ကျေး လိမ္မာစေတော် မူသည့် စောဘဂဝါ တမျှ ဟောခါပြတဲ့ ဩဝါဒတော် တည်းဟူသော မြူတွန်သံတို့ဖြင့်၊ ဥက္ကဋ္ဌံ။ မဟာသတိပဋ္ဌာန် ဂနိုင် ဟောမြိုင်၌ သာသနာပိုင်ဟု မဏ္ဍိုင်ပြုလုပ် စီးနင်း အုပ်ချုပ်တော်မူလျက်။ ဝါ၊ တပည့် အပေါင်း ရွှေဥဒေါင်းငယ် အသွယ်သွယ်ကို

မွေးမယ် မခြား၊ ရင်ဝယ် ထားခါ၊ လောကီ လောကုတ္တရာ တည်းဟူသော၊ နှစ်ဖြာ ပေါင်းယှက်၊ တောင်နှစ်ဘက်ဖြင့်၊ ဖြန့်ကျက်ကာမိုး၊ အုပ်စိုးတော် မူပေထသော။ ဂုဏာဘာဇနံ၊ သီလဂုဏ်, သမာဓိဂုဏ်,ပညာဂုဏ်၊ သွန်သင်ပြွသ၊ ဆို ဆုမ္မတဲ့ ကျေးဇူးတော် ဂုဏ်တို့၏·(ပေါင်းဆုံ စီခါ, သောင်းဝသုံ မဟီပထဗျာ, ကြောင်းစုံ ဟီခါ, ဤကမ္ဘာဌ်၊ မှီရာတဆူ၊ ဖြစ်တော် မူပေထသော)။ ဝါ·ဂုဏာဘာဇနံ၊ ကျင့်ဝတ် တရား၊ မမှားစိမ့်ငှာ၊ သုံးသိက္ခာကို၊ လေ့လာ ရင့်ရင့်၊ ကောင်းမွန်စွာ ကျင့်တော်မူခြင်း တည်းဟူသော သုပ္ပဋိပန္နဂုဏ်, ဖြားရောင်း လှည့်ပတ်၊ မရှိလတ်ဘဲ၊ တည့်မတ် မှန်ကန် မကွေ့မထောင့်၊ ဖြောင့်ဖြောင့်ကြီးကျင့်ကြံတော် မူခြင်း တည်းဟူသော ဥဇုပ္ပဋိပန္နဂုဏ်, နိဗ္ဗာန်လမ်းနှင့်၊ စခန်းသင့်တန်၊ အကျင့်မှန်ကို၊ ကျင့်ကြံတော် မူခြင်းတည်းဟူသော ဉာယပ္ပဋိပန္နဂုဏ်, နုတ်လူ အများ၊ ခဝပ်တွားချ၊ လေးစား ဘိုးရာ၊ ကောင်းစွာ ကျင့်ကြံတော်မူခြင်း တည်းဟူသော သာမိစိပ္ပဋိပန္နဂုဏ်, ဤလေးပါးသော အတွင်း ဂုဏ်တို့ကြောင့် ဝေးမှ ဆောင်အပ်၊ ပစ္စည်း ရပ်ကို၊ ကြီးမြတ် ဘိုးရန်အလှူခံ တိုက်ခြင်း တည်းဟူသော၊ အာဟုနေယျဂုဏ်, ဧည့်သည်ဘိုးထား၊ ပစ္စည်းများကို၊ လေးစား ပူဇော်၊ အလှူတော် ခံထိုက်ခြင်း တည်းဟူသော ပါဟုနေယျဂုဏ်, အလှူတော်မြတ်၊ ပူဇော်လာဘ်ကို၊ သတ်မှတ် မယွင်း၊ ခံတော်မူထိုက်ခြင်း တည်းဟူသော ဒက္ခိဏေယျဂုဏ်, လူနတ်ဦးခိုက်၊ ဖူးထိုက် ပူဇော်၊ လက်အုပ် ချီမိုး၊ ရှိခိုးခြင်းငှာ ထိုက်တော် မူခြင်း တည်းဟူသော အဉ္ဇလိကရဏီယဂုဏ်, ပါရမီမျိုး၊ စိုက်ပျိုးရာအစစ်၊ မြေကောင်း

ပမာ ဖြစ်တော်မူခြင်း တည်းဟူသော အနုတ္တရပုညခေတ္တဂုဏ် ဤကိုးပါးသော အတွင်း အပြင် သံဃဂုဏ်တို့၏ - (လုံးစုံ မှီရာ , သုံးဘုံ ဤရွာ , ထုံးပုံ ညီညာ , မဟီ ပထဗျာသို့ တည်ရာ တဆူ ဖြစ်တော်မူပေလသော)။ ထေရမောရုံ၊ ခန္ဓနိဗ္ဗူ ,ပရုံပရ ဘောင် ပျံ့ယူလျက်၊ အောင်လံတော် တူသွားသည့်၊ ကျမ်းဓမ္မခန် အလုံး လန်းမှုန်သုံးတဲ့၊ ကွမ်းခြံကုန်း ဆရာတော်ဘုရား တည်းဟူသော အသရေကောင်း အထွေထွေပေါင်းတဲ့၊ ရွှေဥဒေါင်း မင်းကြီးကို။ နိစ္စံ၊ အာရမ္မဏာ မိပတိ၊ ဖန်ခါခါရှိုလျက်၊ ထိမိ စိတ်စွဲ၊ အမြဲ မပြတ်။ မယံ၊ ရှင်တော် ကျေးဇူး၊ ဂုဏ်အထူး၌၊ ကြည်နူးရွှင် ပျော်၊ ဘုရားတပည့်တော်တို့သည်၊ ဝန္ဒာမ၊ ဂုဏ်တော် ရည်မှတ် အကြည်ဓာတ်၌၊ မှီကပ် သဒ္ဒါ၊ စေတနာဖြင့်၊ ဘယ်ညာ လက် ချောင်း၊ ဆယ်ဖြာပေါင်းခါ၊ ညွတ်ပြောင်း ကန်တော့ပါကုန်၏ အရှင်ဘုရား။ ။

—

ရှစ်လုံးဘွဲ့

သာသနာ့မည်ရှိ - တော၏ အလယ်။
တပည့်အပေါင်း - ဥဒေါင်း သွယ်သွယ်။
ဝန်းပတ် ခန့်ငြား - ပြန့်ပွား ထယ်ထယ်။
မြန်တကြော - အံ့သြ လွန့်တင့်တယ်။
ဥဒေါင်းမင်း - ပုံခင်း စံပြဘွယ်။ ။

သီလ ကြူမွေး - ဖြူဖွေး စင်ကြယ်။
မွေး အတောင်ဖြင့် - ရောင်ဝင့် ထယ်ထယ်။
ဖူးမြင် သူပေါင်း - နှစ်ထောင်း သွယ်သွယ်။
ပီတိအား - ပြန့်ပွား စေနိုင်တယ်။
အထက်အောက် - တက်ရောက် ပြန့်နှံ့ကျယ်။ ။

မိန့်တော် ထူးဖြင့် - ကြူးရင့် သံသာ။
သုဘာ ပိယ - သစ္စာ့ ဓမ္မာ။
လေးအင်္ဂါဖြင့် - စုံလင့် ညီညာ။
လောကီအုပ် - လောကုတ် သေသေချာ။
မောက်ဦးစွန်း - တင့်ရှန်း ဝေဝေဆာ။ ။

ဂုဏ်တော် စုပေါင်း - ဥဒေါင်း ရာဇာ။
မြို့ကွန်းခြံကုန်း - ထေရ်ဘုန်း မဟာ။
အာရုံ လေးပြု - ရှေးရှု ပြီးခါ။
ဦးနှိမ်ကျိုး - ရှိခိုး လက်ဆယ်ဖြာ။
တပည့်ပေါင်း - ဥဒေါင်း ဝန္ဒနာ။ ။

နံယော ဆရာတော်ဘုရားကြီးအား

ကန်တော့ခန်း

သဒ္ဓါပါလံ ဆန္ဒမဟိ၊ ဒယာဉာဏ ကမ္မကရိံ။
ဓမ္မဆေက ဂုဏစယိံ၊ ဝန္ဒာမ အမှ မာစေရိံ။

သဒ္ဓါပါလံ၊ မိမိ နှင့် သူတပါး နှစ်ဦးသားတို့၏ (ဆင့်ပွား သဒ္ဓါ, တင့်ထွားမကြာ, ပွင့်ကား လာအောင် များစွာ စောင့် ရှောက်တော် မူပေထသော)။ ဆန္ဒမဟိံ၊ သာသနာ ကြီး ကမ္ဘာဟီးအောင် ပွား့စီးရန် အာရုံကပ်သဖြင့် ကြီးမြတ်သော သမာဆန္ဒလည်း ရှိတော် မူပေထသော။ ဒယာဉာဏံ၊ သာမန် ဥပမာ မတုသာတဲ့ ကရုဏာ ဓာတ်ခံ လောကီ လောကုတ္တရာ အရာရာ၌ လျှင်စွာ မြန်သိ ပညာဉာဏ် ရှိတော် မူပေထသော။ ကမ္မကရိံ၊ ဂုဏ်နှင့် အလိုက် စုံလင့် ကိုက်ဘို့ ချီးမြှောက် ထိုက်သူ များရှင် လူကို ကြည်ဖြူ ပင့်ယောက် ခရီး ရောက်အောင် ချီးမြှောက်တော် မူခြင်း တည်းဟူသော ပဂ္ဂဟာကံ အပြစ် ရှိသူ များရှင် လူလည်း ကြည်ဖြူ ဟာဒယ အပြစ် ပြု၍ ဆုမ္မတော် မူခြင်း တည်းဟူသော နိဂ္ဂဟာကံ · ဤနှစ်တန်ကို ကျမ်းဂန်အသွား

လမ်းမှန် ထားလျက် (မမှား လျော်ကာ, စကားမချော်ရန်, တရားတော် အမှန်, ဗုဒ္ဓေါဝါဒ ထုတ်ဟောပြတဲ့ ခမ္မကာကို စိမ် အားထုတ် ပြုလုပ်တော် မူပေထသော)။ ဓမ္မဆောက်၊ ကုသလာ ကုသလ ဓမ္မ နှစ်တန် ခွဲဝေဘန်၍ ကျမ်းဂန် ဓမ္မ လမ်းမှန် ကျအောင် ညွှန်ပြသည့် အရာ သိကျွမ်း လိမ္မာတော် မူလှတဲ့ (အဆ လျှံပြောင်, ဝရ တံဆောင်, ဓမ္မဉာဏ်ရောင်, ရာ အဆောင်ဖြင့် ထွန်းပြောင်တော် မူပေထသော)။ ဝါ - ထိုထို သံယောဇနေနှ မတွေ့ရကြောင့် စာဂ အမူ နူန့်နေ့း သူကို ကြည်ဖြူ နှစ်သက် သဒ္ဒါ တက်၍ ဆက်ချုပ်ကိုဖြိ လက် ဆုပ်ပြီအောင် စာဂီ ဓမ္မ ပါရမီကျုဘို့ ညွှန်ပြသည့် အရာ သိကျွမ်း ‘လိမ္မာတော် မူလှဘဲ့ (ဘဂဝါ တမျ မာရ်အောင်, ရတနာ ဿရ. တံဆောင် အရာမက ဉာဏ်ရောင်, ဂုဏ်တော် ရောင်ဖြင့် ထွန်းပြောင်တော် မူပေထသော)။ ဓမ္မဆောက်၊ လူရှင် ထုတ်ဆိုများပုဂ္ဂိုလ်၏ ထိုထိုသဏ္ဍာန် အသိဉာဏ်နှင့် လမ်းမှန် မရောက်မကြည် နောက်ခါ ဖြေရှင်း မရ ရှုပ်ထွေးလှတဲ့ အရာရာကို မကြာ ခဏ ဖြေရှင်းခြင်း‌ငှာ လိမ္မာတော် မူလှတဲ့ (ဒေသကတံဆောင်, နေလ လျှံပြောင်, ဆေက ဉာဏ်ရောင်, ရာ အဆောင်ဖြင့် ထွန်းပြောင်တော် မူပေထသော)။ ဝါ - အဝိဇ္ဇာ နှင့် တဏှာဒိဋ္ဌိ မာန်ဒြိဘဲ့ ဖယ်တိ ဖယ်ကပ် လူကပ်သတ် တို့ကို အပြတ်အသတ် နှိမ်နင်းခါ ဒေသနာ ဓမ္မ သေအချာ ပြနိုင်တဲ့ - (အဓပ္ပာဝတ မာန်ခအောင်, သဘောဓမ္မ မှန်ပြောင်, မနောမယ တံဆောင်, ဇောတက ဉာဏ်တော် ရောင်တို့ဖြင့် ထွန်းပြောင်တော် မူပေထသော)။ ဂုဏာစယံ၊ သီလဂုဏ်, သမာဓိဂုဏ်,

ပညာဂုဏ်ဖြင့် အဟုန် မြင့်လျက် (ပုံဆင့် သာလှိုင်, ထုံသင့် ဖြာဆိုင်, စုံတင့်ခံမြိုင်)။ ဝါ · စည်းမှန် မယွင်း မှီးညာဏ်ခင်း၍ သီးခံခြင်း တည်းဟူသော ခမာဂုဏ်, မပျင်း လုလ္လ ဥဿာဟဖြင့် ထကြွတော် မူခြင်း တည်းဟူသော ဥဋ္ဌာနဂုဏ်, ကြိုးစားသတင်း တိုးပွား လင်းအောင် နိုးကြားခြင်း တည်းဟူသော ဇာဂရိယ ဂုဏ်, ပစ္စယ နှင့် သဗ္ဗဓမ္မံ ဤ နှစ်တန်ကို လမ်းမှန် မယွင်း, ပြစ်လွတ်ကင်းအောင် ဝေဘန်တော် မူနိုင်ခြင်း တည်းဟူသော သံဝိဘာဂဂုဏ်, အို နာ သေ ရေး ဒုက္ခဘေးဖြင့် လုံးထွေး ကျက်စား ဝေနေသားကို ဘုရား တမူ, မခြား အတူ, သနား တော်မူခြင်း တည်းဟူသော ဒယာဂုဏ်, သတ္တဝါများ ဝေနေ သားတို့၏ တိုးပွား အမှု ကောင်းကျိုးကိုသာ ကြည့်ရှုတော် မူခြင်း တည်းဟူသော ဣက္ခနဂုဏ် ; ဤခြောက်ပါးသော နာ ယကဂုဏ် တို့ဖြင့်လည်း (မြင့်စွန်း မကျိုင်, တင့်ထွန်း သံလှိုင် ပွင့်ရွှန်း လျံဖြိုင်, မြိုင်ဆိုင်ဆိုင်ကြီး စုစည်းတော် မူပေထသော)။ အမှ်၊ လေးမြတ် စိတ်စေ တို့တတွေ၏။ အာစေရိံ၊ မြန်တကြော တွင် မဟော်, အမှန်သဘော ထင်ပေါ်, နံယော တွင်ခေါ်, အ သရေထူး ထွေထွေကြူးတဲ့ ကျေးဇူးရှင် ဆရာတော်ကို။ မယံ၊ စတုဘုမ္မိက ပရမတ်တရား ယခု ကြုံရှိခါ အမြတ် ထားကြသည့် ဘုရားတမည့်တော်တို့သည်။ ဝန္ဒာမ၊ ဘယလာဘ ကုလ မစွက် ဂုဏ်တော် ဘက်၌ သက်သက် သဒ္ဓါ ဆက်လက်ခါဖြင့် စေတနာ မိုဃ်း စွေကာ ဖြိုး၍ ရှိခိုး ကန်တော့ကုန်ပါ၏ အရှင် ဘုရား။

ရှစ်လုံးဘွဲ့

သိက္ခာသုံးပါး - လေးစား ကြည်ဖြူ။
မိမိနှင့် ကား - အများ ဗိုလ်လူ။
သဒ္ဓါ ဆင့်ပွား - ပွင့်ကားစေဟူ။
စောင့်ရှောက်ရေး - အားပေးနေတော်မူ။ ။

သာသနာကြီး - ပွားစည်းစေဟူ။
အာသာ ဆန္ဒ - ပြည့်ဝတော်မူ။
ကရုဏာစေတ - မြင့်မြတ် ကြည်ဖြူ။
လောကီအုပ် - လောကုတ် ဉာဏ်တံချူ။ ။

ဖြေရှင်းမရ - ကိစ္စဖြာဖြာ။
ခဏ ချက်ချင်း - ဖြေရှင်း ဘို့ရာ။
နည်းညွှန်လမ်းပေး - ယဉ်ကျေး လိမ္မာ။
ဒေသက - ဆေက ဉာဏ်ပညာ။ ။

ပါရမီမျိုး - စိုက်ပျိုး ဘို့ရာ။
ဒေသနာစေတ် - ပေးအပ် သည့်ခါ။
လက်ဆုတ် ဖြိုချ၊ ပြိုကျစေပါ။
ဟောညွှန်လမ်း၊ သိကျွမ်း တတ်လိမ္မာ။ ။

နာယကဂုဏ်နှင့် - ခြောက်ဆင့် ဖြိုင်ဖြိုင်။
သိက္ခာဂုဏ်လည်း - သိပ်သည်း ခိုင်ခိုင်။
နိယောဂ [illegible] - မူလ နေ့ထိုင်။
သိတင်းသုံး - ထေရ်ဘုန်း ဒို့ မလျှိုင်။
တမည့်များ - ညွှတ်တွား လက်ဆယ်ခိုင်။ ။

ဂုဏ်တော်ဖြင့် ရတနာသုံးပါး ရှိခိုးခန်း

၁ ။ ဗုဒ္ဓေါ မေ နာထော ဗုဒ္ဓံ သတ္တာနုပါကာရံ ဇီဝိတံ ယာဝ နိဗ္ဗာနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂ ။ ဓမ္မော မေ နာထော ဓမ္မံ သတ္တာနုပါကာရံ ဇီဝိတံ ယာဝ နိဗ္ဗာနံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃ ။ သံဃော မေ နာထော သံဃံ သတ္တာနုပါကာရံ ဇီဝိတံ ယာဝ နိဗ္ဗာနံ သံဃံ သရဏံ ဂစ္ဆာမိ။

ဘုရားဂုဏ်

အစိန္တေယျ အပ္ပမေယျ အရဟံ အစ ဘဂဝါ အဆုံးရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

ဣသာရိယ, ဓမ္မ, ယသ, သိရီ, ကာမ ပယတ္တ တည်းဟူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

နီလာ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရ တည်းဟူသော ရောင်ခြည်တော် ခြောက်သွယ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်, ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ် တည်းဟူသော ဝိဇ္ဇာ ရှစ်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနေမတ္တညုတာ, ဇာဂရိယာနုယောဂ, သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ ရူပဝါစရ စတုက္ကဈာန် လေးပါး တည်းဟူသော စရဏ တရား တဆယ့်ငါးပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ တည်းဟူသော သစ္စာလေးပါး ၁၂-ပါး, ၁၆-ပါး, ၆၄-ပါး, ၁၉၂-ပါးတိုင်တိုင် အကြွင်းမရှိ သိမြင်တော် မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

သတိပဋ္ဌာန် လေးပါး, သမ္မပ္ပဓာန် လေးပါး, ဣဒ္ဓိပါဒ် လေးပါး, ဣန္ဒြေ ငါးပါး, ဗိုလ် ငါးပါး, သမ္ဗောဇ္ဈင် ခုနစ်ပါး, မဂ္ဂင် ရှစ်ပါး တည်းဟူသော သုံးဆယ့် ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့ကို အကြွင်းမရှိ သိမြင်တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ် တည်းဟူသော ဉေယျဓမ်တရား ငါးပါးတို့ကို အကြွင်းမရှိ သိမြင်တော် မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

တရားဂုဏ်

သွာက္ခာတဂုဏ်, သန္ဒိဋ္ဌိကဂုဏ်, အကာလိကဂုဏ်, ဧဟိပဿိကဂုဏ်, ဩပနေယျိကဂုဏ်, ပစ္စတ္တံဝေဒိတဗ္ဗဂုဏ် တည်းဟူသော ဂုဏ်တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားမုက္ခပါဠိ ဓမ္မက္ခန္ဓာ လောကုတ္တရာ တရားတော်မြတ်၊ တရားတော်မြတ်။

သံဃဂုဏ်

သုပ္ပဋိပန္နဂုဏ်, ဥဇုပ္ပဋိပန္နဂုဏ်, ဉာယပ္ပဋိပန္နဂုဏ်, သာမီစိပ္ပဋိပန္နဂုဏ်, အာဟုနေယျဂုဏ်, ပါဟုနေယျဂုဏ်, ဒက္ခိဏေယျဂုဏ်, အဉ္ဇလိကရဏီယဂုဏ်, အနုတ္တရံ ပုညက္ခေတ္တဂုဏ် တည်းဟူသော ဂုဏ်တော် ကိုးပါးနှင့် ပြည့်စုံတော်မူသော ဘုရားတပည့်သား ရှစ်ပါးသော အရိယာ မဟာသတိပဋ္ဌာန် ဂိုဏ် ဝင် သံဃာတော်မြတ်၊ သံဃာတော်မြတ်။

—

တိုက်တွန်းချက်။ ။မဟာသတိပဋ္ဌာန်ဂိုဏ်းဝင် သူတော်စဉ်မှန် သမျှ ယောကျ်ား မိန်းမ ရဟန်းရှင်လူတို့သည် အရေးတကြီး ဆောဆော တလျှင် ရှောင်တခင် အရကျက်၍ သတိပဋ္ဌာန်တရား မပွားများမီ ရှေးဦးစွာ အတွင်း အပ နှစ်ဌာန၌ အန္တရာယ် ခပ်သိမ်း ဘေးခပ်သိမ်းတို့ ကင်းငြိမ်း လွန်မြောက် မကျ မရောက်အောင် ရှက်ဆောင်စောင့်ရှောက်နိုင်သော အာနိသင် ရှိသည့်ပြင် စုံလင်သော ဆုတောင်းစကား အပါဒါန် ခြောက်ပါး, အပါဒီ ရှစ်ပါး, သမ္ပဒါန် သုံးပါးနှင့် ပြည့်စုံ ထင်ရှားသော ဩကာသ ဝန္ဒနာ ပဏာမ ဖြစ်သောကြောင့် ရှက်ဆို ရှိခိုးကြရန် တိုက်တွန်းလိုက်သည်။

ဩကာသ ဝန္ဒနာ

ဩကာသ, ဩကာသ, ဩကာသ ကာယ ပဏာမ, ဝစီ ပဏာမ, မနော ပဏာမ တည်းဟူသော သုံးပါးသော ပဏာမတို့ဖြင့် ဘုရား ရတနာ, တရား ရတနာ, သံဃာ ရတနာ, - ဤ ရတနာမြတ် သုံးပါး တို့အား ပဌမ, ဒုတိယ, တတိယ တကြိမ် နှစ်ကြိမ်, သုံးကြိမ် မြောက်အောင် တပည့်တော် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ရသော ပါရမီ မင်္ဂလာ လောကုတ္တရာ စတုဘုမ္မိက ကုသိုလ်တော်ပွား အထူးတို့ကြောင့် အပါယ် လေးပါး, ကပ် သုံးပါး, အရပ်ဒိသပြစ် ရှစ်ပါး, ပစ္စန္တရာဇ် မိစ္ဆာဒိဋ္ဌိ, မိယက္ခ, ဝိလက္ခ, မနောပကဲ့ ဒုဗ္ဗစ္စ

ဌာနီ အပြစ်လေးပါး, ဝိပတ္တိတရား လေးပါး, ရန်သူမျိုး ငါးပါး, ဤအပါဒါန် ပယ်ဆုတရား ခြောက်ပါးတို့မှ ရင်း—

ထိုခြောက်ပါးတို့၏ သဘောဖြစ်သော သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ, နှစ်ဆယ့်ငါးပါးသော ဘေး, တဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ, ဆယ်ပါးသော ဗြဟ္မဒဏ်, ရှစ်တန်သော မဟာသတိပဋ္ဌာန် သမာပတ် အပြစ်, ဆိုးသွမ်း ငြစ်ညမ်းသော ရန်တတ်မျိုး တဆယ့်ငါးပါး, ကိုးဆယ့်ခြောက်ပါးသော ဆနဝုတိယောဇ တဏှာပါသဏ္ဍာ ကျော့ကွင်း စွပ်မိခြင်း အဋ္ဌာမိကာသတ ဂရုဟိတ ကဲ့ရဲ့စွပ်စွဲခြင်း တရော့ရှစ်နဝင်း ဂြိုဟ်စီးဂြိုဟ်နှင်း အပေါင်းတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရသည် ဖြစ်ပါ၍ သမ္ဗဒါန် သယ်ဆု သုံးပါး ဟု ဆိုအပ်သော မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန် တရားတော်မြတ်ကို တပည့်တော် မျက်မှောက် ပြုရပါလို၏ အရှင်ဘုရား။

မှတ်ချက်။ ။ဤ နမော ဩကာသ ဝန္ဒနာကား သတိပဋ္ဌာန် ဂိုဏ်းမှ တပါး အခြားဂိုဏ်းများ၌ မရှိ၊ ရှိသော်လည်း မပြည့်စုံ။

လူသောတာပန် , သကဒါဂါမိ နှစ်ယောက်တို့ စောင့်ရှောက် ဆောက်တည်အပ်သော ပဉ္စင်္ဂသမ္မန္နာဂတအာဇီဝဋ္ဌမက သီလ တောင်းခံနည်း

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စင်္ဂသမန္နာဂတံ အာဇီဝဋ္ဌမက ဂရုဓမ္မသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ဒုတိယမ္ပိ - တတိယမ္ပိ ထည့်၍ ၃-ကြိမ် ဆောက်တည်)

မှတ်ချက်။ ။ဆရာသမား ရဟန်း သာမဏေ မရှိ၊ မိမိတို့ သဒ္ဓါတရားဖြင့် ဘုရားကို အာရုံပြု၍ တောင်းခံခဲ့ပါမူ တတိယမ္ပိ အဆုံး၌ ‘ အာမ ဘန္တေပါ အရှင်ဘုရား ’ ဟု ဝန်ခံလေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးခေါက်ဆို)

အမှာစကားရပ်။ ။နိဂ္ဂဟိတ် အဆုံးရှိသော နိဂ္ဂဟိတန္တ သရဏဂုဏ်ကို ‘ ဗုဒ္ဓံ ’ ဟု ရွတ်ဆို ဆောက်တည်ရာ၌ ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြု , စိတ်ကညွတ် - ‘ ဓမ္မံ ’ ဟု ရွတ်ဆို ဆောက်တည်ရာ၌ တရားတော်၏ ဂုဏ်ကို အာရုံပြု , စိတ်ကညွတ် - ‘ သံဃံ ’ ဟု ရွတ်ဆိုဆောက်တည်ရာ၌ သံဃာတော်မြတ်များ၏ ဂုဏ်တော်ကို အာရုံပြု , စိတ်ကညွတ် - ဤသို့ ဆောက်တည်ဆဲ ခဏ၌ ဆိုင်ရာ ဂုဏ်တော်ကို အောက်မေ့ ဆောက်တည်မှု လိုရင်း အကျိုး ပြီးစီး၍ ခရီးပေါက်ရောက်နိုင်မည်၊ ဤနည်းအတိုင်း မကျန

က ကုသိုလ်တော့ ရပါ၏၊ အကျိုးကား မကြီး၊ မဂ်, ဖိုလ်နှင့် မနီး ခရီးဝေးသော ကုသိုလ် သင်္ခါရ ဖြစ်တတ် သည်၊ သတိ အထူး ထားစရာကောင်းကြ၏၊ ကရိုဏ်း ကိုနှိပ်, ခံတွင်းကို ပိတ်၍ နှာသိကဒွါန် ထင်ရှားအောင် ရွတ်ဆို ဆောက်တည်ကြလေ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊

အမှာစကားရပ်။ ။အဋ္ဌကထာ ဆရာ အရှင်တို့သည် ရတနာ သုံးအင်၌ ကြည်လင်ရှင်ပြ သဒ္ဓါ တက်ကြွသော အမျိုး သား အမျိုးသမီး အချို့တို့သည် နှုတ်ကျိုး လျှာပျက် အ ရွတ်ခက် အဆိုခက် အကြိမ်ကြိမ် လေ့ကျင့် ကြသော် လည်း လုလုပပ နိဂ္ဂဟိတန္တ ရွတ်ဆိုပုံ မပီပြင် ကြသဖြင့် နိဂ္ဂဟိတ် ဗိန္ဒုကို မအက္ခရာ ပြုပြီး အရွတ် အဆိုလည်း လွယ်စေရန် စီမံ ထားရှိကြပြန်လေသောကြောင့် ကုသိုလ်

တိုးပွားရန် တဖန် မကာရန္တ သရဏဂုဏ်ကို ဆောက်တည်ကြရမည်၊ ထိုသရဏဂုဏ်ကို ဆောက်တည်ရာ၌ ပုဒ်ဝါကျ အသံထွက် မစပ်မဆက်စေဘဲ ဖြတ်ခါ ဖြတ်ခါ ရွတ်ဆို ဆောက်တည်ရမည်။

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊
ဓမ္မမ် သရဏမ် ဂစ္ဆာမိ၊
သံဃမ် သရဏမ် ဂစ္ဆာမိ၊

ဒုတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မမ် သရဏမ် ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃမ် သရဏမ် ဂစ္ဆာမိ၊

တတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မမ် သရဏမ် ဂစ္ဆာမိ၊
တတိယမ္ပိ သံဃမ် သရဏမ် ဂစ္ဆာမိ၊

မှတ်ချက်။ ။နိဂ္ဂဟိတန္တ မကာရန္တ သရဏဂုဏ် နှစ်ထပ် ဆောက်တည်၍ ပြီးလျှင် 'အာမဘန္တေပါ အရှင်ဘုရား' ဟု ဝန်ခံလေ။

နိဂ္ဂဟိတန္တ မကာရန္တ သရဏဂုဏ် ဆောက်တည်ပုံ ပြီး၏။

၁ - ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၂ - အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၃ - ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄ - မုဒိတာပါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅ - ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆ - ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇ - သမ္ဖပ္ပလာပဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိ
ယာမိ။

၈ - အဘိဇ္ဈာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉ - ဗျာပါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀ - မိစ္ဆာဒိဋ္ဌိ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၁ - မိစ္ဆာအာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၂ - သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ
သမာဒိယာမိ။

'အာမ ဘန္တေပါ အရှင်ဘုရား' ဟု ဝန်ခံလေ။

ရှင်းလင်းချက်။ ။ယခုဆိုခဲ့ပြီးသော သိက္ခာပုဒ်တို့တွင် ကာယကံ ဒုစရိုက် အမိုက် အမှား မတရားတို့ကို ဆို့ ရှောင် ပယ် ရှားလိုက်သည့် အတွက် ကာယကံ ဖြူစင်သော သမ္မာကမ္မန္တ မဂ္ဂင်, ဝစီကံ ဒုစရိုက် အမိုက် အမှား မတရားတို့ကို ဆို့ ရှောင် ပယ်ရှားလိုက်သည့် အတွက် ဝစီကံ ဖြူစင်သော သမ္မာဝါစာ မဂ္ဂင်, မနောကံ ဒုစရိုက် ဒုရာဇီဝ အမိုက် အမှား မတရားတို့ကို ဆို့ ရှောင် ပယ် ရှားလိုက်သည့် အတွက် မနောကံ ဖြူစင်သော သမ္မာ အာဇီဝ မဂ္ဂင် ဖြစ်ပါသည်၊ ၎င်းမဂ္ဂင် သုံးပါးနှင့်

ပြည့်စုံပါက ' သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာ အာဇီဝေါ သီလက္ခန္ဓောနာမ' ဟူသော ပါရာဇိကကဏ် **အဋ္ဌကထာ** ကျမ်းဂန်အရ သီလက္ခန္ဓ (၀၁) အဓိသီလ သိက္ခာ ဖြစ်ပါ၏၊ ယင်းသီလက္ခန္ဓသည် ဒေါသကိလေ သာ မီးကို ပယ်နှင်ဘဖြင့် ဒေါသကြောင့် ဖြစ်ရသော ငရဲဘုံ ငရဲဘဝ ကျရောက်ခြင်း ဘေးမှ ကင်းဝေးပြီ ဟူ၍ မှတ်ရမည်၊ ထိုမျှသာ မဟုတ်သေး၊ ' သီလက္ခန္ဓေန ဒေါသက္ခန္ဓံ ပဒါလေန္တော အမတံ နိဗ္ဗာနံ သစ္ဆိကရောတိ' ဟူသော **သမ္မောဟဝိနောဒနီ အဋ္ဌကထာ** လာသည်နှင့် အညီ ဒေါသကုန်ခန်းသော ဒေါသက္ခယ နိဗ္ဗာန်ကို မျက်မှောက်ပြုရလေသည် ဟု မှတ်။

(သီလက္ခန္ဓ မဂ္ဂင်သုံးပါး ဆောက်တည်ပုံ ပြီး၏။)

သီလက္ခန္ဓ သီလနှင့် ပြည့်စုံရုံမျှနှင့် ရပ်တန့် တည်နား၍ မနေထိုက်ပေ။

'သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာ နိသံသော၊ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ၊ ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ '

ဟူသော **သုတ်မဟာဝါ ပါဠိတော်** အရ သမာဓိက္ခန္ဓ၊ ပညာက္ခန္ဓ ပါရမီ လုပ်ငန်းကို ဆက်လက် ပွားများရမည်၊ ပွားများရန် အစဉ်ကို ပြပေအံ့—

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။
အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။
အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။
အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

အတ္ထိ ဣမသ္မိံ ကာယေ—

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။
မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ။
ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိလိဟကံ၊ ပပ္ဖာသံ။
အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ။
ပိတ္တံ၊ သလေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ။
အဿု၊ ဝသာ၊ ခေဠော၊ သီဃာဏိကာ၊ လသိကာ၊ မုတ္တန္တိ။

အတ္ထိ ဣမသ္မိံ ကာယေ—

မုတ္တံ၊ လသိကာ၊ သီဃာဏိကာ၊ ခေဠော၊ ဝသာ၊ အဿု။
မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သလေမှံ၊ ပိတ္တံ။
မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ။
ပပ္ဖာသံ၊ ပိလိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။
ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။
တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

ဤရူပကာယ ခန္ဓာကိုယ်၌—

ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေထူ အရေပါး။

အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။

နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။

အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။

မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

ဤရူပကာယ ခန္ဓာကိုယ်၌—

ကျင်ငယ်၊ အစေး၊ နှပ်၊ တံထွေး၊ ဆီကြည်၊ မျက်ရည်။

အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။

ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။

အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။

အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤသို့ မာဂဓဘာသာ, မြန်မာဘာသာ ပါဠိအနက် အသွား အပြန် ပွားများရန် ဟောကြားတော်မူသော ပါဠိတော်ကို ဆက်၍ ဆိုလေ။

ဥဒ္ဒိ ပါဒတလာ အဓောကေသမတ္ထကာ တစပရိ ယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ

ဂဟာဌေနေ ဝါ ပဗ္ဗဇ္ဇိတေန ဝါ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ။

ရှင်းလင်းချက်။ ။ထိုသို့ မမေ့သော သတိဖြင့် ခန္ဓာကိုယ်အတွင်းရှိ ကောဋ္ဌာသတို့ကို တခုစီ ဖြုတ်၍ ငါ, သူ, လူ, ပုဂ္ဂိုလ်, သတ္တဝါ ပြုတ်အောင် အာရုံစိုက် နှလုံးသွင်း၍ ရှုတ်ပွားသည် ရှိသော် မဖြစ်သေးသော အကုသိုလ်တရားများ မဖြစ်ပေါ်ခြင်း, ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရှားခြင်း, မဖြစ်သေးသော ကုသိုလ်တရားများကို ဖြစ်ပေါ်ခြင်း, ဖြစ်ပြီးသော မဂ်ကုသိုလ်ဖိုလ်ကုသိုလ် တရားတို့ကို ပြန့်ပြော တိုးပွား ပြည့်စုံခြင်းတည်းဟူသော အင်္ဂါ လေးပါးနှင့် ပြည့်စုံသည့် အတွက် သမ္မာဝါယာမ မဂ္ဂင် - ခန္ဓာကိုယ်ကို အဖန်တလဲလဲ ရှုခြင်း, ဖြစ်ပေါ်လာသော ဝေဒနာတို့ကို အဖန်အလဲလဲ ရှုခြင်း, မိမိ၏ စိတ်ကို အဖန်တလဲလဲ ရှုခြင်း, နီဝရဏ စသော တရား တို့ကို အဖန်တလဲလဲ ရှုခြင်း တည်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် အတွက် သမ္မာသတိ မဂ္ဂင် - အကုသိုလ် နီဝရဏ ဆိတ်ငြိမ်သော ပဌမဈာန်, ဝိတက် ဝိစာရ ချုပ်ငြိမ်းသော ဒုတိယဈာန်, နှစ်သက်ခြင်း ပီတိကွာကျပြီး စက်ဆုပ်ခြင်း ဖြစ်ပေါ် လာသော တတိယဈာန်, ချမ်းသာ ဆင်းရဲ ဝမ်းသာ ဝမ်းနည်းခြင်း ချုပ်ငြိမ်းသော စတုတ္ထဈာန်, ၎င်းအင်္ဂါ လေးပါးနှင့် ပြည့်စုံသည့် အတွက် သမ္မာသမာဓိမဂ္ဂင် ဖြစ်

ပါသည်၊ ယင်း မဂ္ဂင် သုံးပါးနှင့် ပြည့်စုံပါက 'သမ္မာဝါယမော သမ္မာသတိ သမ္မာသမာဓိ သမာဓိက္ခန္ဓော နာမ' ဟူသော ပါရာဇိကဏ် အဋ္ဌကထာ ကျမ်းဂန်အရ သမာဓိက္ခန္ဓ (ဝါ) အဓိစိတ္တသိက္ခာ မည်ပါသည်၊ ထိုသမာဓိက္ခန္ဓသည် လောဘကိုလေသာ မီးကို ပယ်နှင့်သဖြင့် တဏှာလောဘကြောင့် ဖြစ်သော ပြိတ္တာဘုံ အသူရကာယ်ဘုံ ရောက်မည့်ဘေးမှ ကင်းလွတ်ပြီ ဟူ၍ မှတ်ရမည်၊ ထိုမျှသာမက 'သမာဓိက္ခန္ဓေန လောဘက္ခန္ဓံ ပဒါလေတွာ အမတံ နိဗ္ဗာနံ သစ္ဆိကရောတိ' ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ လာသည်နှင့် အညီ လောဘတဏှာ ကုန်ခန်းသော သောဘက္ခယ နိဗ္ဗာန်ကို မျက်မှောက် ပြုရသည် ဟု မှတ်။

သမာဓိက္ခန္ဓ မဂ္ဂင်သုံးပါး အလုပ် ပြီး၏။

သဗ္ဗေ သင်္ခါရာ အနိစ္စာ တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

အနိစ္စာ ဝတ ဘော သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သဗ္ဗေ သင်္ခါရာ ဒုက္ခာ တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

ဒုက္ခာ ဝတ ဘော သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သဗ္ဗေ ဓမ္မာ အနတ္တာ တိ၊ ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

အနတ္တာ ဝတ ဘော ယေဓမ္မာ၊ ဥပ္ပါဒဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ရှင်းလင်းချက်။ ။ထိုသို့ သဗ္ဗသင်္ခါရာ အနိစ္စာ အစ သဗ္ဗေဓမ္မာ အနတ္တာ အဆုံး လက္ခဏာတင်၍ ကျင့်သုံးလိုက်သည် ရှိသော် ဒုက္ခသစ္စာ (ဆင်းရဲခြင်း အစစ်အမှန်) ကို ပိုင်းခြား၍ သိခြင်း, သမုဒယသစ္စာ (ဆင်းရဲခြင်း၏ ဖြစ်ကြောင်း အစစ်အမှန်) ကို ပယ်စွန့်၍ သိခြင်း, နိရောဓသစ္စာ (ဆင်းရဲခြင်းတို့ ချုပ်ရာ ငြိမ်းရာ) ကို မျက်မှောက်ပြု၍ သိခြင်း, မဂ္ဂသစ္စာ (ဆင်းရဲခြင်းတို့၏ ချုပ်ရာ ငြိမ်းရာသို့ ရောက်ကြောင်း လမ်းကောင်း အစစ်အမှန်) ကို ပွားများ၍ သိခြင်း – ဤအင်္ဂါလေး ပါးနှင့် ပြည့်စုံသည့် အတွက် သမ္မာဒိဋ္ဌိမဂ္ဂင်, ယို့နောက် ဝတ္ထုကာမမှ လွတ်မြောက်ရန် ကြံခြင်း, ကိလေသာ ကာမမှ လွတ်မြောက်ရန် ကြံခြင်း, ရန်ငြိုးမပြု လျစ်လျူ ရှုခြင်း, ညှင်းဆဲမပြု လျစ်လျူရှုခြင်း ဤအင်္ဂါလေးပါး နှင့် ပြည့်စုံသည့် အတွက် သမ္မာသင်္ကပ္ပမဂ္ဂင် ဖြစ်ပါသည်၊ ထိုမဂ္ဂင် နှစ်ပါးနှင့် ပြည့်စုံပါက 'သမ္မာဒိဋ္ဌိ သမ္မာ သင်္ကပ္ပေါ ပညာက္ခန္ဓောနာမ' ဟူသော ပါရာဇိကဏ် **အဋ္ဌကထာ** အရ ပညာက္ခန္ဓ (ဝါ) အဓိပညာ သိက္ခာ

ဖြစ်၏၊ ၎င်းပညာက္ခန္ဓသည် မောဟကိလေသာ မီးကို ပယ်နှင်သဖြင့် မောဟကြောင့် ဖြစ်ရသော တိရစ္ဆာန်ဘုံ တိရစ္ဆာန်ဘဝ ကျရောက်ခြင်းဘေးမှ ကင်းဝေးပြီ ဟု မှတ်ရမည်၊ ထိုမျှသာမဟုတ်၊ 'ပညာက္ခန္ဓေန မောဟက္ခန္ဓံ ပဒါလေန္တော အမတံ နိဗ္ဗာနံ သစ္ဆိကရောတိ' ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ လာသည်နှင့် အညီ မောဟကုန်ခန်းသော မောဟက္ခယ နိဗ္ဗာန်ကို မျက်မှောက် ပြုရသည် ဟု မှတ်။

ပညာက္ခမဂ္ဂင် နှစ်ပါး၏ လုပ်ငန်းတရား အကျဉ်းအားဖြင့် ပြီး၏။

မှတ်ချက်။ ။သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓ ဤသုံးဌာနလုပ်ငန်းများကို ဆောက်တည်ပွားများ အားထုတ်ခြင်း ရှိသော သူအပေါင်းသည် 'ယော ဟိ ပဿတိ သဒ္ဓမ္မံ၊ သော မံ ပဿတိ ပဏ္ဍိတော' ဟူသော **ပါဠိတော်** နှင့် အညီ ဘုရားရှင်၏ ဂုဏ်တော်များ ပွားများ ကြည်ညိုတိုင်း ဘုရားရှင်ကြီးကို ဖူးမြင်နိုင်ခွင့် ဖူးမြင်တိုင်း အကျိုးများမည် ဖြစ်၍ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်များ ဆက်လက် ပွားများ ကြည်ညိုရမည်။

ဘုရားရှင်၏ ဂုဏ်တော် ကိုးပါး

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါတိ။

တရားဂုဏ်တော် ခြောက်ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိ ပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ တိ။

သံဃ ဂုဏ်တော် ကိုးပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော, ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော, ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝက သံဃော အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော, အဉ္ဇလိ ကရဏီယော, အနုတ္တရံ ပုည ခေတ္တံ လောကဿာ တိ။

မှတ်ချက်။ ။သီလ, သမာဓိ,ပညာ သိက္ခာသုံးပါး အကျင့်တရားကို ဆောက်တည် ပွားများ ဆင်ခြင်၍ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်များကို အောက်မေ့ ကြည်ညို လေ့ရှိသော သူတို့သည် အဝိဇ္ဇာ နှင့် တဏှာ လက်တွင်း အိပ်ပျော်၍ နေခြင်းမှ အကျင့်တန်ခိုးကြောင့် နိုးကြား ထကြွလာကြောင်း ဟောတော်မူသော ဒေသနာခြောက်ပါး ဇာဂရိယာနုယောဂ တရားများကို ဆက်လက် ရွတ်ဆိုရမည်။

ဇာဂရိယာနုယောဂ တရား ခြောက်ပါး

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာသတိ။ ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဓမ္မဂတာသတိ။ ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ သံဃဂတာသတိ။ ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ကာယဂတာသတိ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ အဟိံသာယ ရတော မနော။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ ဘာဝနာယ ရတော မနော။

မှတ်ချက်။ ။ဓမ္မပဒ ပါဠိတော်လာ ဇာဂရိယာနုယောဂ ခြောက်ပါးနှင့် ပြည့်စုံ နိုးကြားကုန်သော သူတို့သည် ဘုရားရှင် သာဝက အဖြစ်သို့ ရောက်ကြသဖြင့် ရုပ်ထူး ဝိသေသ, နာမ်ထူး ဝိသေသ ထင်ရှားတော့သည် ဖြစ်၍ တေဘုမ္မိက သင်္ခါရ ခန္ဓာမှ စတုဘုမ္မိက အသင်္ခတ ခန္ဓာ

သဘောသို့ သက်ဝင်ကြောင်း ဟောတော်မူသော ပဋ္ဌာန်းပါဠိတော်ကို ဆက်လက်၍ ရွတ်ပွားရမည်။

သိယာ ကုသလံ ဓမ္မံ ပဋိစ္စ၊ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ၊ ဟေတုပစ္စယာ။

ကုလလံ ဓမ္မံ ပဋိစ္စ၊ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ၊ ဟေတုပစ္စယာ။

ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။

မှတ်ချက်။ ။ရုပ်နာမ် ခန္ဓာ ကူးပြောင်းပုံ ဟောတော်မူသော ပဋ္ဌာန်းပါဠိတော် အဆုံး၌ အနုဓမ္မ အကျင့် အကြောင်း တရားများ ပြည့်စုံတော့သည် ဖြစ်၍ လိုအပ်သော အကျိုးတရားများကို ဆက်လက်၍ သမာဆန္ဒ အားဖြင့် ပတ္ထနာပြုကြရန် အောက်၌ ဖော်ပြထားသော ပါဠိစကားကို ရွတ်ဆို ဆုတောင်းရမည်။

ဒါနမေတံ မယာ ဂတမဂ္ဂေါ၊
သီလမေတံ မယာ ဂတဂ္ဂေါ။
နိက္ခမံယေဝ ပူရန္တော နိဗ္ဗာနပစ္စယော ဟောတု။
ဣဒံ မေ ပုညံ အာသဝက္ခယပတ္တံ ဝဟံ ဟောတု။
ဣဒံ မေ ပုညံ အာသဝက္ခယပတ္တံ ဝဟံ ဟောတု။
ဣဒံ မေ ပုညံ အာသဝက္ခယပတ္တံ ဝဟံ ဟောတု။
စိရံ တိဋ္ဌတု သဒ္ဓမ္မော ပု၊ ဒိ၊ အာ နှင့် ပြည့်စုံ ရပါစေ သောဝ်။

မှတ်ချက်။ ။ဤဆုတောင်း စကားဆုံးလျှင် မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန် ဟု ဆိုအပ်သော ကိုးပါးသော လောကုတ္တရာ ဓမ္မကို မျက်မှောက်ပြုနိုင်ကြောင်း ဖြစ်သော မဂ္ဂင်ကံ, ဗောဇ္ဈင်ကံ, ပါရမီကံ ဟူသော စတုဘုမ္မိက အနုဓမ္မ ကျင့်စဉ် တရားများ ပြည့်စုံအောင် ဆောင်ရွက် အားထုတ်ခြင်း ကိစ္စ အကျဉ်း ပြီးတော့၏။

—

အမှာစကားရပ်။ ။သြကာသ ပဏာမက စ၍ ဒွေခန္ဓာ တိုင်အောင် ပြဆိုခဲ့ပြီးသော လုပ်ငန်းသည် ညဉ့်, နံနက် ဥပုသ်နေ့မှ တပါး ဆောက်တည် ပွားများအပ်သော လူသောတာပန်, လူသကဒါဂါမ် ပုဂ္ဂိုလ်တို့၏ အကျင့်, အောက်မဂ် အောက်ဖိုလ် နှစ်ပါးဆိုင်ရာ မဂ္ဂင် ရှစ်ပါး ခန္ဓ သုံးပါး အနုဓမ္မ ကျင့်ဝတ်တရားများ ဖြစ်သည်၊ ဥပုသ်နေ့များ၌ အနာဂါမိမဂ်, အနာဂါမိဖိုလ်, အရဟတ္တမဂ်, အရဟတ္တဖိုလ်ဆိုင်ရာ လူအနာဂါမ်, လူရဟန္တာ တို့ အကျင့်ဖြစ်သော အာဇီဝဋ္ဌမက ရှစ်ပါးသီလ နှင့် ဆယ်ပါးသီလများကို ဆောက်တည် စောင့်ရှောက်ကြရန် သီလတောင်း နှင့် သိက္ခာပုဒ်များကို နှုတ်တက် အရ ဆောင်ကြရန် ပြလိုက်ပေအံ့—

အာဇီဝဋ္ဌမက ဥပေါသထ ရှစ်ပါးသီလ တောင်းခံနည်း

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ အာဇီဝဋ္ဌမကံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ။ ။

ဒုတိယမ္ပိ တတိယမ္ပိ ထည့်၍ သုံးကြိမ်ဆို။
(နမောတဿ နှင့် သရဏဂုံကိုမှာ နောက်က ပြဆိုခဲ့ပြီး အတိုင်းဆို)

၁ - ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂ - အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃ - အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄ - မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅ - ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆ - ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇ - သမ္ဖပ္ပလာပဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈ - အဘိဇ္ဈာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉ - ဗျာပါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀ - မိစ္ဆာဒိဋ္ဌိ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၁ - မိစ္ဆာအာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၂ - သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၃ · ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၄ · နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၅ · ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(အာမဘန္တေပါ အရှင်ဘုရား)

တိုက်တွန်းချက်။ ။သမာဓိက္ခန္ဓ နှင့် ပညာက္ခန္ဓ တရားများမှာ နောက်က ပြခဲ့ပြီး ဖြစ်၍ နောက်က အတိုင်း ပွားများကြပါကုန်။

—

အာဇီဝဋ္ဌမက ဥပေါသထ ဆယ်ပါးသီလ တောင်းခံနည်း

အဟံ ဘန္တေ တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ အာဇီဝဋ္ဌမကံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ တတိယမ္ပိ ထည့်၍ သုံးကြိမ်ဆို။

(နမောတဿ နှင့် သရဏာဂုဏ်မှာ နောက်ကပြဆိုခဲ့ပြီး အတိုင်းဆို)

၁ ・ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂ ・ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃ ・ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄ ・ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅ ・ ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆ ・ ဖရုသဝါစာ ဝေရမဏီ သိက္ခပဒံ သမာဒိယာမိ။

၇ ・ သမ္ဖပ္ပလာပဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈ ・ အဘိဇ္ဈာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉ ・ ဗျာပါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀ ・ မိစ္ဆာဒိဋ္ဌိ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၁ ・ မိစ္ဆာအာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၂ ・ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၃ ・ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၄ ・ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၅ ・ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၆ - ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၇ - ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(အာမဘန္တေပါ အရှင်ဘုရား)

တိုက်တွန်းချက်။ ။သမာဓိက္ခန္ဓ နှင့် ပညာက္ခန္ဓ တရားများမှာ နောက်က ပြခဲ့ပြီး ဖြစ်၍ နောက်က အတိုင်း ပွားများကြပါကုန်။

သရဏဂုဏ် အနက်

အဟံ၊ အရိယာနယ်ကူး အကျင့်ထူးကို ဆည်းပူး မွေ့လျော်တပည့်တော်သည်။ ဗုဒ္ဓံ၊ အမြင်အထင်နှင့် တကွ အကြည် အကျင့် ဂုဏ်နှစ်ဆင့်နှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားကို။ သရဏံ၊ ကိုးခြင်း သုံးသွယ် ကွယ်ခြင်း သုံးပါး ပြည့်စုံအောင် ကိုးစားတော့မည် ဖြစ်ပါ၍။ ဂစ္ဆာမိ၊ ဆည်းခြင်း သုံးရပ် ကပ်ခြင်း သုံးသွယ် အဓိပ္ပာယ်ကို နားလည်၍သာ ဆည်းကပ်ပါ၏ဘုရား။

အဟံ၊ အရိယာနယ်ကူး အကျင့်ထူးကို ဆည်းပူးမွေ့လျော်တပည့်တော်သည်။ ဓမ္မံ၊ လောကီမှ တပါး လောကုတ္တရာ သစ္စာ တရားတော်မြတ်ကို။ သရဏံ၊ ကိုးခြင်း သုံးသွယ် ကွယ်ခြင်း သုံးပါး ပြည့်စုံအောင် ကိုးစားတော့မည် ဖြစ်ပါ၍။

ဂစ္ဆာမိ၊ ဆည်းခြင်း သုံးရပ် ကပ်ခြင်း သုံးသွယ် အဓိပ္ပာယ်ကို နားလည်၍သာ ဆည်းကပ်ပါ၏ ဘုရား။

အဟံ၊ အရိယာနယ်ကူး အကျင့်ထူးကို ဆည်းပူးမမေ့လျော့ တပည့်တော်သည်။ သံဃံ၊ သမ္မုတိ သံဃာတော်မြတ်နှင့် တကွ ပရမတ္ထ အရိယာသံဃာတော် အပေါင်းကို။ သရဏံ၊ ကိုးခြင်း သုံးသွယ် ကွယ်ခြင်းသုံးပါး ပြည့်စုံအောင် ကြိုးစားတော့မည် ဖြစ်ပါ၍။ ဂစ္ဆာမိ၊ ဆည်းခြင်းသုံးရပ် ကပ်ခြင်း သုံးသွယ် အဓိပ္ပာယ်ကို နားလည်၍သာ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဝါရိတ္တ သိက္ခာပုဒ် အနက်

၁ - ပါဏာတိပါတာ၊ အသက် ရှိငြား သတ္တဝါများကို သနားခြင်းကင်း သတ်ဖြတ်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီသစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၂ - အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်တို့ဖြင့် ဖွင့်ထုတ်၍ မပေးအပ်သော သူတပါးပစ္စည်း ဥစ္စာကို ခိုးခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီ သစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၃ · ကာမေသု၊ သံဝါသပြု ကာမမှုတို့၌။ မိစ္ဆာစာရာ၊ အကာလ အဒေသ အနင်္ဂ အမ္မေ ယွင်းမှား ဖောက်ပြန်သော အကျင့်များမှု။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီသစ္စာမြောက်အောင် နှုတ်မြွက်၍သာ ကောင်းစွာ ဆောက်တည်ပါ၏။

၄ - မုသာဝါဒါ၊ မဟုတ်မမှန် ဖောက်ပြန် ချွတ်ယွင်းသော စကားကို ပြောဆိုခြင်းမှု။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီသစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၅ - ပိသုဏာဝါစာ၊ ဂုံးတိုက်ချောပစ် သူနှစ်ယောက် တို့၏ အချစ်ပျက်အောင် ဖျက်ဆီး ပြောဆိုခြင်းမှု။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီသစ္စာ မြောက်အောင် နှုတ်မြွက်၍သာ ကောင်းစွာ ဆောက်တည်ပါ၏။

၆ - ဖရုသာဝါစာ၊ လွသွားကဲ့သို့ ကြမ်းတမ်းသော အတွေ့ရှိသော ဆဲရေးသော စကားကို ပြောဆိုခြင်းမှု။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီသစ္စာ

မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၇ - သမ္ဖပ္ပလာပဝါစာ၊ အနက်ဒြပ် အဓိပ္ပာယ် မှတ်စရာ မရှိသော စကားပျက် စကားဖျင်းကို အကုသိုလ် မကင်းသော ပြောဆိုခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိ ယာမိ၊ သမာဒါန ဝိရတီ ဝစီသစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၈ - အဘိဇ္ဈာ၊ သူတပါး စည်းစိမ် ချမ်းသာကို ငါ့ဥစ္စာ ငါ့ဟာ ဖြစ်ပါမူကား ကောင်းလေစွ ဟု အလွန် လောဘကြီးသော အကြံကို ကြံစည် အောက်မေ့ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီ သစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၉ - ဗျာပါဒ၊ မျက်ကြုတ် ကိုးတန် မျက်ကြုတ် ဆယ်တန် တဏ္ဍာလရန် တဆယ့်နှစ်တန် တို့ဖြင့် ရန်ငြိုးဖွဲ့ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီ သစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၁၀ - မိစ္ဆာဒိဋ္ဌိ၊ နတ္ထိက, အဟေတုက, အကာရိယ အယူ၀ါဒ များကို ဟုတ်မှန်လှ၏ ဟု ဖောက်ပြန်သောအားယူမှား ပြောဆို ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ် ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာ ဒါန ဝိရတီ ဝေတီသစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၁၁ - မိစ္ဆာအာဇီဝါ၊ ယုတ်မာသော အသက် မွေးခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝေတီ သစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၁၂ - သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ၊ ယစ်မူး မေ့လျော့ စေတတ်သော သုရာငါးပါး မေရယ ငါးပါးတို့ကို သောက်စားခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ် ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝေတီသစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

စာရိတ္တ သိက္ခာပုဒ် အနက်

၁ - အဗြဟ္မစရိယာ၊ မေထုန်မှီဝဲခြင်း ဟု ဆိုအပ်သော မမြတ်သော ရွာသူတို့၏ အကျင့်ကို ကျင့်ခြင်းမှ။ ဝေရ မဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာ

ပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီသစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၂ - ဝိကာလဘောဇနာ၊ ဥပုသ်သည်များအား အချိန်ကာလ အပိုင်းအခြား လွန်ကျူးသော အားဖြင့် ဘောဇဉ်ငါးပါး ခဲဘွယ် စသည်များကို စားသောက် သုံးဆောင်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီသစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၃ - နစ္စ၊ ကိုယ်တိုင် ကခြင်း, သူတပါးကို ကစေခြင်း။ ဂီတ၊ ကိုယ်တိုင် သီဆိုခြင်း, သူတပါးကို သီဆိုစေခြင်း။ ဝါဒိတ၊ ကိုယ်တိုင် တီးမှုတ်ခြင်း, သူတပါးကို တီးမှုတ်စေခြင်း။ ဝိသူက၊ သူတော်ကောင်းတို့ဝယ် မသပ္ပာယ်၍ ညှောင့်သဘွယ် ဖြစ်သော ဤသုံးပါးကို။ ဒဿနာ၊ ကြည့်ရှု နားထောင်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီသစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

၄ - မာလာဂန္ဓ၊ ပန်းအမျိုးမျိုး အမွှေးနံ့သာအမျိုးမျိုးကို။ ဝိလေပန၊ လိမ်းကျံ ချယ်လှယ်ခြင်း, နံ့သာမှုန့်တို့ဖြင့် ထုံခြင်း။ ဓာရဏ၊ ဆောင်ခြင်း။ မဏ္ဍန၊ အတင့်တယ်

အခပြုပြစ် ပြုခြင်း။ ဝိဘူသနဌာန၊ အထူးထူး တန်ဆာ ဆင်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါနဝိရတီ ဝစီသစ္စာ မြောက်အောင် နှုတ်မြွက်၍ သာကောင်းစွာ ဆောက်တည်ပါ၏။

၅ - ဥစ္စာသယနမဟာသယနာ၊ တစတောင့်ထွာထက် မြင့်သော နေရာ, ဝါဂွမ်း လဲ စသည်တို့ဖြင့် ပြုအပ်သော နေရာ, မြင့်မြက်သော သူတို့၏ နေရာ စသည်တို့၌ နေထိုင်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီသစ္စာ မြောက်အောင် နှုတ်မြွက်၍ သာကောင်းစွာ ဆောက်တည်ပါ၏။

၆ - ဇာတရူပ ရဇတပဋိဂ္ဂဟဏာ၊ ရွှေ, ငွေ ရတနာ· ထိုရွှေ, ငွေ ရတနာနှင့် အလားတူ မင်းတို့သည် ပြဌာန်း၍ သုံးစေအပ်သော စက္ကူအမျိုးမျိုး ဒန် သတ္တုအမျိုးမျိုး ကြေးဝါ စသည်တို့ကို ကိုင်ခြင်း, ခံခြင်း, သာယာခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ သမာဒါန ဝိရတီ ဝစီသစ္စာ မြောက်အောင် နှုတ်မြွက်၍ သာ ကောင်းစွာ ဆောက်တည်ပါ၏။

ဣမာယ စသော ပါဠိအနက်

အဟံ၊ ဘုရားတပည့်တော်သည်။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာတရား ကိုးပါးအား လျော်သော ဒါနပါရမီ မင်္ဂလာ သုံးပါး, သီလပါရမီ မင်္ဂလာ သုံးပါး, နိက္ခမပါရမီ မင်္ဂလာ သုံးပါး, ပညာပါရမီ အချုပ် ထားအပ်သော ဤပဋိပတ် အကျင့်တရားဖြင့်။ ဗုဒ္ဓံ၊ သုံးဘုံ ထွဋ်ထား မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

အဟံ၊ ဘုရားတပည့်တော်သည်။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာ ကိုးပါးအား လျော်သော ဒါနပါရမီ မင်္ဂလာ သုံးပါး, သီလပါရမီ မင်္ဂလာ သုံးပါး, နိက္ခမပါရမီ မင်္ဂလာ သုံးပါး, ပညာပါရမီ အချုပ် ထားအပ်သော ဤပဋိပတ် အကျင့်တရားဖြင့်။ ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန် တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

အဟံ၊ ဘုရားတပည့်တော်သည်။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာတရား ကိုးပါးအား လျော်သော ဒါနပါရမီ မင်္ဂလာသုံးပါး, သီလပါရမီမင်္ဂလာသုံးပါး, နိက္ခမပါရမီ မင်္ဂလာ သုံးပါး, ပညာ ပါရမီ အချုပ် ထားအပ်သော ဤပဋိပတ် အကျင့်တရားဖြင့်။ သံဃံ၊ မဂ္ဂဋ္ဌာန် လေးယောက်, ဖလဋ္ဌာန် လေးယောက် ရှစ်ယောက် အရိယာ မဟာသတိပဋ္ဌာန်ဂိုဏ်းဝင် သံဃာတော်အစစ် တရားရှစ်ပါးကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

အဒ္ဓါ ဣမာယ စသော ပါဠိအနက်

အဟံ၊ သုရားတပည့်တော်သည်။ ဣမာယ ပဋိပတ္တိယာ၊ လောကုတ္တရာတရား ကိုးပါးအား လျော်သော ဒါန ပါရမီ မင်္ဂလာ သုံးပါး, သီလပါရမီ မင်္ဂလာသုံးပါး, နိက္ခမ ပါရမီ မင်္ဂလာ သုံးပါး, ပညာပါရမီ အချုပ် ထားအပ်သော ဤပဋိပတ် အကျင့်တရားကြောင့်။ အဒ္ဓါ၊ မချွတ်မလွဲ။ ဇရာမရဏမှ၊ အိုခြင်း သေခြင်း ဘေးခပင်းမှ။ ပရိမုစ္စိဿာမိ၊ ကင်းလွတ်ရပါလို၏ ဘုရား။

ဥဒ္ဓံ ပါဒတလာ စသော ပါဠိအနက်

ပါဒတလာ၊ ခြေဖဝါးအပြင်မှ။ ဥဒ္ဓံ အထက်ဥက္ကောင်းတိုင်အောင်။ ကေသမတ္ထကာ။ အထက် ဆံဖျားမှ။ အဓော၊ အောက်ခြေဖဝါး တိုင်အောင်။ တစပရိယန္တံ၊ အရေထူ အရေပါးဖြင့် ခြံရံအပ်သော။ နာနပ္ပကာရဿ၊ အထူးထူး အပြားပြား ၃၂-ပါး, ၄၂-ပါးရှိသော။ အသုစိနော၊ မစင်ကြယ်သော အချင်းအရာတို့ဖြင့်။ ပူရံ၊ ပြည့်နေသော ကိုယ်ကို။ ပစ္စဝေက္ခေယျ၊ အနုလောမ ပဋိလောမ ကပြောင်းကပြန် ဆင်ခြင် စဉ်းစား ရှုကြည့်ပွားများရာ၏။

ဂဟဋ္ဌေနဝါ၊ သိက္ခာမတင် သိမ်မဝင်၍ လူစင်မမြောက်သေးမ နောက်ပိတ်ခွေး အတူ နှစ်ချောင်း မငင်ဘူးသော လူသည်၎င်း။ ဂဟေဋ္ဌေန ဝါ၊ သိက္ခာကိုတင် သိမ်းဝင်ပါလျက်

အသင်ကိုဖျက် အပျင်းဖက်၍ လူထွက်နေငြား လူထွက်များ သည်ရင်း။ ပဗ္ဗဇ္ဇိတေန ဝါ၊ ကာသာဝသကိန်း ဝတ်ရုံလွှမ်းတဲ့ ရဟန်း, သာမဏေ အပေါင်းသည်ရင်း။ အဘိဏှံ၊ မပြတ်မလပ်။ ဝါ၊ တပိုတပါး ကိလေသာစိတ် အကြားမချပ်သာအောင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ပစ္စဝေက္ခဏာ ဇောကိစ္စ လေးကြိမ်မြောက်အောင် စေ့ငကုန်စင် ရှုဆင်ခြင်ရာ၏။

—

သမ္ဗေသင်္ခါရာ စသော ပါဠိအနက်

သော၊ အို အချင်းတို့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ အကြောင်းသင်္ခါရ, အကျိုးသင်္ခါရ, အကြောင်း အကျိုး ဖြစ်သော သင်္ခါရ တရားစုတို့သည်။ သင်္ခါရာ၊ အကြောင်းလေးတန် ပြုစီမံ၍ ဖြစ်ပြန်ထင်ရှား ၃၂ - ပါး, ၄၂ - ပါး ရုပ်နာမ်သင်္ခါရ တရားစုတို့သည်။ အနိစ္စာ၊ ရွေ့နေ ပြောင်းနေ အဘည်မနေ မရပ်စဲသဖြင့် အမြဲ မရှိကြလေကုန်။ အနိစ္စာ၊ စက္ခုန္ဒ မိနစ်နာရီခေတ်မျှ မိနစ် မတည် ဟောင်းသစ်လည်၍ ရွေ့ချည်ပျက်ပြုန်း ကုန်ဆုံးတတ်သောကြောင့် အနိစ္စ သဘောတရားတို့ ပါပေတည်း။

ဒုက္ခာ၊ နှေ့ညဥ့်ဆက်စပ် ကွက်မလပ်အောင် မပြတ်အောင်ဆဲ့ လှန်ဆင်းရဲ၍ နေသော ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခအစု ဒုက္ခမှုကြီးတို့ ပါပေတည်း။

အနတ္တာ၊ ခဏသာဖြစ် ကိုင်တွယ်မစ်က အနှစ်သာရ ရှာမရသော အနတ္တ သဘောတရားတို့ ပါပေတည်း။ အနတ္တာ၊

သူပိုင် ကိုယ်ပိုင် မဆို နိုင်ကြ မပိုင်သဘဲ အစိုးမရသော အနတ္တ သဘောတို့ ပါပေတည်း။ ဣတိ၊ ဤသို့။ ယဒါ၊ သီလက္ခန္ဓ သမာဓိက္ခန္ဓ ကျကျ နန ဆောက်တည် ပွားများပြီး သော အကြောင်းအခါ၌။ ပညာယ၊ အနုလောမပညာ, ပဋိလောမပညာ, ဈာနာနုလောမပညာ, ကသိဏာနုလောမပညာ, အနုလောမခန္တီပညာ, ဂေါတြဘူပညာ, ဝေါဒါနပညာ - ဤ မဟာဗောဓိပညာ ခုနစ်ပါးဖြင့်။ ပဿတိ၊ အနိစ္စ အချက်ကို ပျက်ပျက် ထင်ထင် သိမြင်လေတော့၏၊ အထ၊ ထိုသို့ အနိစ္စ အချက်ကို ပျက်ပျက် ထင်ထင် သိမြင်သော အခါ၌။

ပဿတိ၊ ဒုက္ခ အချက်ကို ပျက်ပျက် တင်ထင် သိမြင် လေတော့၏။ အထ၊ ထိုသို့ ဒုက္ခ အချက်ကို ပျက်ပျက် ထင်ထင် သိမြင်သောအခါ၌။

ပဿတိ၊ အနတ္တအချက်ကို ပျက်ပျက်ထင်ထင် သိမြင် လေတော့၏။ အထ၊ ထိုသို့အနတ္တ အချက်ကို ပျက်ပျက် ထင်ထင် သိမြင်သော အခါ၌။ ဒုက္ခေ၊ နေ့ညဉ့်ဆက်စပ် ကွက်မလပ်အောင် မပြတ်ဆောင်ဆဲ လှန်ဆင်းရဲ၍ နေသော ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခအစု ဒုက္ခအမှုကြီးတော့ကို။ ဒုက္ခေ၊ ဥပါဒ် ဌီဘင် မပြတ်နှင့်၍ ကွင်တွင်ဆင်းရဲ မရပ်စဲဘဲ တသဲသဲ ဖြစ်ပေါ်နေသော ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခအစု ဒုက္ခမှုကြီးများ၌။ နိဗ္ဗိန္ဒတိ၊ ဝဋ်ဘုံခလေ့မပျော် မွေ့ဘဲ ငြီးငွေ့ စက်ဆုပ် ရလေတော့၏။ သေ · ဧသော၊ ဤသို့ ပျက်ပျက်ထင်ထင် သိမြင်လိုက်ရခြင်းသည်။ ဝိသုဒ္ဓိယာ၊ လောဘာ စသော ကိလေသာမှ စင်ကြယ်ခြင်းငှာ။ မဂ္ဂေါ၊ နိယျာနိကော,

ဟေတု, ဒဿန, အဓိပတေယျ မဂ္ဂသစ္စာ သဘောတရားပါပေ တည်း။ မဂ္ဂေါ၊ သံသရာမှ ထွက်မြောက်ရာ လမ်းကောင်း နိယျာနိက, ကျင့်ကြံဘို့အကြောင်း - ဟေတု, အသိကောင်း အမြင် ကောင်း - ဒဿန, အစိုးရခြင်း - အဓိပတေယျ မဂ္ဂသစ္စာ သဘော တရား ပါပေတည်း။

ဘော၊ အို အချင်းတို့။ သင်္ခါရာ၊ အကြောင်း သင်္ခါရ, အကျိုး သင်္ခါရ, အကြောင်းအကျိုး ဖြစ်သော သင်္ခါရ တရား အစုတို့ သည်။ သင်္ခါရာ၊ အကြောင်းလေးတန် ပြုစီမံ၍ ဖြစ်ပြန့်ထင်ရှား ၃၂ - ပါး, ၄၂ - ပါး ရုပ်နာမ် သင်္ခါရ တရားတို့သည်။ ဝတ၊ စင်စစ်။ အနိစ္စာ၊ ရွေ့နေ ပြောင်းနေ အတည်မနေ မရပ်စဲသဖြင့် အမြဲ မရှိကြလေကုန်။ အနိစ္စာ၊ စက္ကန့်, မိနစ် နာရီခေတ်မျှ မိနစ်မတည် ဟောင်းသစ် လည်၍ ရွေ့ချီ ပျက်ပြုန်း ကုန်ဆုံး တတ်သောကြောင့် အနိစ္စ သဘော တရားတို့ ပါပေတည်း။

ဒုက္ခာ၊ နေ့ညဥ့်ဆက်စပ် ကွက်မလပ်အောင် မပြတ်အောင် ဆွဲ လွန့်ဆင်းရဲ၍ နေသော ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခအစု ဒုက္ခ အမှုကြီးတို့ ပါပေတည်း။

အနတ္တာ၊ ခဏသာဖြစ် ကိုင်တွယ်စစ်က အနှစ်သာရ ရှာမရ သော အနတ္တ သဘော တရားတို့ ပါပေတည်း။ အနတ္တာ၊ သူပိုင် ကိုယ်ပိုင် မဆိုနိုင်ကြ မပိုင်သဘဲ အစိုးမရသော အနတ္တ သဘော တရားတို့ ပါပေတည်း။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း ပျက် ခြင်း အမြင်ရှင်းအောင် ထင်လင်းသော သဘော ရှိကြပါကုန်၏။

ဥပ္ပဇ္ဇိတွာ၊ အကြောင်းတိုက်ဆုံ အကျိုးဟုန်တို့ စုဆုံ၍ သာ ဖြစ်ပေါ်လာကြကုန်သည် ဖြစ်၍။ နိရုဇ္ဈန္တိ၊ တလှုပ်လှုပ် တဖြုတ်ဖြုတ် ငြိမ်းချုပ်၍သာ သွားရလေကုန်တော့၏။ တေသံ၊ ဖြစ်ပြီး မုချ ပျက်စီးရမည့် သင်္ခါရ ထိုသဘောတရားတို့၏။ ဝူပသမော၊ ငြိမ်းပျောက် ချုပ်ကွယ်၍ သွားခြင်းသည်။ သုခေါ၊ နိဿရဏ, ဝိဝေက, အမတ, အသင်္ခတ နိရောဓသစ္စာ ချမ်းသာခြင်း မှန်လှပါပေ၏။ သုခေါ၊ ထွက်မြောက်ခြင်း နိဿရဏ, အေးငြိမ်းခြင်း - ဝိဝေက, အသေကင်းခြင်း - အမတ, မပြုပြင်ရခြင်း - အသင်္ခတ နိရောဓသစ္စာ ချမ်းသာခြင်း မှန်လှပါပေ၏။

ဘုရား ဂုဏ်တော် ကိုးပါး

၁ - သော ဘဂဝါ၊ ထိုမြတ်စွာဘုရား သခင်သည်။ ဣတိပိ၊ ဤသို့ သံသရာစက် ကန့်အကွက်ကို ချိုးဖျက်တော် မူတတ်သော သကတ္တကြောင့်။ အရဟံ၊ အရဟာ မည်တော် မူပါပေ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရား သခင်သည်။ ဣတိပိ၊ ဤသို့ မျက်မှောက် မျက်ကွယ် မကောင်းမှု အသွယ်သွယ်ကို ကြဉ်ပယ်တော် မူတတ်သော သကတ္တကြောင့်။ အရဟံ၊ အရဟာ မည်တော် မူပါပေ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဣတိပိ၊ ဤသို့ ပူဇော်ခြင်း အထူးကို ခံတော် မူထိုက်သော သကတ္တကြောင့်။ အရဟံ၊ အရဟာ မည်တော် မူပါပေ၏။

၂ - သောဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဣတိပိ၊ ဤသို့ မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ငါးတန်သေယျ

ဓမ္မဥဿုံ တရားစုံကို အကုန်အစင် သိမြင်တော် မူတတ်သော သကတ္တကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော် မူပါပေ၏။

၃ - သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဣတိပိ၊ ဤသို့ ဝိဇ္ဇာ ၃ - ပါး, ဝိဇ္ဇာ ၈ - ပါး, စရဏတရား ၁၅ - ပါး တို့နှင့် ထင်ရှားကုန်လုံ ပြည့်စုံတော် မူသော သကတ္တကြောင့်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော် မူပါပေ၏။

၄ - သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဣတိပိ၊ ဤသို့ စကားအရာ အင်္ဂါလေးတန် ခွဲဝေဘန်၍ အမှန်ကို သာ ဆိုတော်မူတတ်သော သကတ္တကြောင့်။ သုဂတော၊ သုဂတ မည်တော်မူပါ၏။ သော ဘဂဝါ၊ ထို မြတ်စွာဘုရား သခင်သည်။ ဣတိပိ၊ ဤသို့ မသေရာမှန် မြိုက်နိဗ္ဗာန်တို့ ဝင်စံ ကြွသွားတော် မူတတ်သော သကတ္တကြောင့်၊ သုဂတော၊ သုဂတ မည်တော် မူပါပေ၏။

၅ - သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဣတိပိ၊ ဤသို့ သတ္တောကာသ သင်္ခါရ ဟု လောကအားလုံး ဖြစ်ပျက် ထုံးကို သိမ်းကြုံးကုန်စင် သိမြင်တော် မူတတ်သော သကတ္တကြောင့်။ လောကဝိဒူ၊ လောကဝိဒူ မည်တော် မူပါပေ၏။

၆ - သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဣတိပိ၊ ဤသို့ မယဉ်ကျေးငြား နတ်လူများနှင့် တိမ်းပါး ဖောက်ပြန် တိရစ္ဆာန် စသော သတ္တဝါတို့ကို တုဖက် မရ တရားဖြင့် ဆုံးမ ပဲ့ပြင် သွန်သင်တော် မူတတ်သော သကတ္တကြောင့်။

အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော် မူပါပေ၏။

၇ • သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဣတိပိ၊ ဤသို့ ပြဟ္မာ နတ်လူ ခပ်သိမ်းသူတို့၏ တဆူဘုရား ဖြစ်တော်မူသော သဘောကြောင့်။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝ မနုဿာန မည်တော် မူပါပေ၏။

၈ • သော ဘဂဝါ၊ ထိုမြတ်စွာဘုရား သခင်သည်။ ဣတိပိ၊ ဤသို့ သစ္စာလေးတန် တရားမှန်ကို ဝေဘန်သိတတ်၊ ဝေနေယျတို့ကိုလည်း သိစေတော် မူတတ်သော သဘောကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူပါပေ၏။

၉ • သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဣတိပိ၊ ဤသို့ ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တ ဂုဏ် ဘုန်းခြောက်စုံတို့နှင့် ကုန်လုံပြည့်ဝ သဘောကြောင့်။ ဘဂဝါ၊ ဘဂဝါ မည်တော် မူပါပေ၏။

ဣတိ၊ ဤသို့။ နဝဂုဏောဟိ၊ ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အဟံ၊ ဘုရားတပည့်တော်သည်။ နမော၊ နှစ်စိတ်လက်ဦး, တင်နှုတ်ဖြင့် ငါးဦးထည့်လျှင်း ရှိခိုးခြင်းကို။ ကရောမိ၊ ရှိမော နှစ်ချိုက် မနေ့ဘိုက်၍ ဇောစိုက်ခါ ပူလိုက်ပါ၏ ဘုရား။

တရားဂုဏ်တော် ခြောက်ပါး အနက်

၁ - ဘဂဝတော၊ သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီးသည်။ သွာက္ခာတော၊ အတ္တကိလမထ, ကာမ သုခလ္လိက အစွန်း နှစ်ဝမှ လွတ်စေ၍ ကောင်းစွာ ဟောကြားတော် မူအပ်သော။ ဓမ္မော၊ မဂ်, ဖိုလ်, နိဗ္ဗာန်, ဓမ္မက္ခန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်သည်။ သွာက္ခာတော၊ အာဒိကလျာဏ စသည် ဖုံဖုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော် မူသော သကတ္တာကြောင့် သွာက္ခာတ မည်တော် မူပါပေ၏။

၂ - ဘဂဝတော၊ သုံးလူ့ ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီးသည်။ သွာက္ခာတော၊ အတ္တကိလမထ, ကာမ သုခလ္လိက အစွန်းနှစ်ဝမှ လွတ်စေ၍ ကောင်းစွာ ဟောကြားတော် မူအပ်သော။ ဓမ္မော၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်။ ဓမ္မော၊ စတုဘုမ္မိက ဓမ္မတာ ပါရမီ မဂ်လာ လောကုတ္တရာ တရားတော်မြတ်သည်၊ သန္ဒိဋ္ဌိကော၊ အရိယာ ရှစ်ဖော် ပုဂ္ဂိုလ်ကျော်တို့သာ မြင်မြော်သိရ သကတ္တာကြောင့် သန္ဒိဋ္ဌိက မည်တော် မူပါပေ၏။ သန္ဒိဋ္ဌိကော၊ မဂ္ဂင်ရှစ်တန် တရားမှန်ကို မြဲမြံကျင့်ထား ရှင်လူများတို့ ထင်ရှားမြင်ရ သကတ္တာကြောင့် သန္ဒိဋ္ဌိက မည်တော် မူပါပေ၏။

၃ - ဘဂဝတော၊ သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီးသည်။ သွာက္ခာတော၊ အတ္တကိလမထ, ကာမသုခလ္လိက အစွန်း နှစ်ဝမှ လွတ်စေ၍ ကောင်းစွာ ဟောကြားတော် မူအပ်

သော၊ ဓမ္မော၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော် မြတ်သည်၊ အကာလိကော၊ ရှည်မြင့် ကာလ မဆိုင်းတွဲဘဲ မဂ္ဂဖလ ကျိုးနှစ်ခုကို ကိစ္စ ပြီးအောင် ရွက်ဆောင်တော် မူတတ်သော သဘောကြောင့် အကာလိက မည်တော် မူပါပေ၏။

၄ · ဘဂဝတာ၊ သုံးလူ့ ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီးသည်။ သွာက္ခာတော၊ အတ္တကိလမထ, ကာမသုခလ္လိက အစွန်းနှစ်ဝမှ လွတ်စေ၍ ကောင်းစွာ ဟောကြားတော် မူအပ်သော။ ဓမ္မော၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်။ ဓမ္မော၊ စတုဘုမ္မိက ဓမ္မတာ ပါရမီ မင်္ဂလာ လောကုတ္တရာ တရားတော်မြတ်သည်။ ဓမ္မော၊ ပါရမီကံ, မဂ္ဂင်ကံ, ဗောဇ္ဈင်ကံ တရား အပေါင်းသည်။ ဧဟိပဿိကော၊ တထောင့်ငါးရာ ကိလေသာကို ပယ်ခွာလိုကြသော ရှင်လူအများအား လာပါ ရှုပါ ကျင့်လှည့်ပါ ဟူသော အစီရင်ကို ခံတော်မူထိုက်လှသော သဘောကြောင့် ဧဟိပဿိက မည်တော်မူပါပေ၏။

၅ · ဘဂဝတာ၊ သုံးလူ့ ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီးသည်။ သွာက္ခာတော၊ အတ္တကိလမထ, ကာမသုခလ္လိက အစွန်းနှစ်ဝမှ လွတ်စေ၍ ကောင်းစွာ ဟောကြားတော် မူအပ်သော။ ဓမ္မော၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်။ ဓမ္မော၊ စတုဘုမ္မိက ဓမ္မတာ ပါရမီ မင်္ဂလာ လောကုတ္တရာ တရားတော် မြတ်သည်။

ဩပါနေယျိကော၊ လောကအတွက် မငဲ့ကွက်ဘဲ ဖိုလ်မဂ်အသင်း စိတ်၌ ချဉ်းအောင် ထန်ပြင်း လုလ္လ ဥဿဟာဖြင့် နေ့ည မရှောင် စိတ်ဖြင့် ဆောင်ခြင်းကို ခံတော်မူထိုက်လှသော သကတ္ထကြောင့် ဩပါနေယျိက မည်တော်မူပါပေ၏။

၆ - ဘဂဝတော၊ သုံးလူ့ ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီးသည်။ သွာက္ခာတော၊ အတ္တကိလမထ, ကာမသုခလ္လိကအစွန်း နှစ်ဝမှ လွတ်စေ၍ ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဓမ္မော၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်။ ဓမ္မော၊ စတုဘုမ္မိက ဓမ္မတာ ပါရမီ မဂ်လာ လောကုတ္တရာ တရားတော်မြတ်သည်။ ဝိညူဟိ၊ သစ္စာလေး၀ မြတ်ဓမ္မကို ကျနု သိမြင် ပညာရှင် အပေါင်း သူတော်ကောင်းတို့သည်။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ အသီး အသီး စိတ်၌ သိမှီး၍ အကျိုးပြီးအောင် မငြီးနေ့ည ခံစား ရှုမြင်အပ်သော သကတ္ထကြောင့် ပစ္စတ္တံဝေဒိတဗ္ဗ မည်တော် မူပါပေ၏။

ဣတိ၊ ဤသို့။ ဆဟိ ဂုဏေဟိ၊ ခြောက်ပါးသော ဂုဏ်တော်တို့နှင့်။ သမ္ပန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဓမ္မဿ၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်အား။ အဟံ၊ ဘုရားတပည့်တော်သည်။ နမော၊ နှစ်စိ လက် ဒူး, တင်နဖူးဖြင့် ငါးဦးထည့်လျှင်း ရှိခိုးခြင်းကို။ ကရောမိ၊ ရှင်မောနှစ်ချိုက် မနောပိုက်၍ ဇောစိုက်ကာ ပြုလိုက်ပါ၏ ဘုရား။

သံဃာဂုဏ်တော် ကိုးပါး အနက်

၁- ဘဂဝတော၊ သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီး၏။ သာဝကသံဃော၊ တပည့်သားမော် သံဃာတော်မြတ် အပေါင်းသည်။ သာဝကသံဃော၊ စာလင်မမှီ စာသင်ချင်၍ ရှင်ပြု ဂုဏ္ဍာသယ ဆင်ခြင်လို၍ ပဉ္စင်းခံသော သံဃာတော်မြတ် အပေါင်းသည်။ သာဝကသံဃော ၊ ပရိယတ် ပဋိပတ် ပဋိဝေဓ သာသနာတော် သုံးပါး အဆုံးအမ စကားကို ထောင်နှားစိုက်တတ်ကုန်သော သံဃာတော်မြတ်အပေါင်းသည်။ သုပ္ပဋိပန္နော၊ သဗ္ဗဒေါသ ကံသုံးဝဠ် ကျူ နှသိမြင် လွန်ဖြူစင်အောင် ကြည်လင်သော စိတ်ဓာတ်ဖြင့် ကျင့်ကြံတော် မူတတ်သော သကတ္တကြောင့် သုပ္ပဋိပန္န မည်တော် မူပါပေ၏။ သုပဋိပန္နော၊ ပုညာဘိ အပုညာဘိ အနဉ္စာဘိ သင်္ခါရ သုံးပါးကို ပျားစားလက်ဆေး ဝေးဝေးကြီး အပါဒါန် ပယ်လှန်တော် မူကြသော ကြောင့် သုပ္ပဋိပန္န မည်တော် မူပါပေ၏။

၂ · ဘဂဝတော၊ သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီး၏။ သာဝကသံဃော၊ တပည့်သားမော် သံဃာတော် အပေါင်းသည်။ သာဝကသံဃော၊ စာလင်မမှီ စာသင်ချင်၍ ရှင်ပြု ဂုဏ္ဍာသယ ဆင်ခြင် လို၍ ပဉ္စင်းခံသော သံဃာတော်မြတ် အပေါင်းသည်။ သာဝကသံဃော၊ ပရိယတ် ပဋိပတ် ပဋိဝေဓ သာသနာတော် သုံးပါး အဆုံးအမ စကားကို ထောင်နှားစိုက်တတ်သော သံဃာတော်မြတ် အပေါင်းသည်။ ဥဇုပ္ပဋိပန္နော၊ သာထေယျမာယာ ကင်းကွာစင်ပ ဖြောင့်မတ်စွာ ကျင့်တော်

မူကြသော သကတ္တကြောင့် ဥဇုပ္ပဋိပန္န မည်တော် မူပါပေ၏။ ဥဇုပ္ပဋိပန္နော၊ တေဘူမိက သင်္ခါရ တရားမှတပါး စတုဘူမိက တရားကို သာ ဖြောင့်ဖြောင့်ကြီး ပွားများ အားထုတ်တော်မူကြသော သကတ္တကြောင့် ဥဇုပ္ပဋိပန္န မည်တော် မူပါပေ၏။

၃ - ဘဂဝတော၊ သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီး၏။ သာဝကသံဃော၊ တပည့်သားမော် သံဃာတော်မြတ် အပေါင်းသည်။ သာဝကသံဃော၊ စာလင်မမှီ စာသင်ချင်၍ ရှင်ပြု ဣစ္ဆာသယ ဆင်ခြင်လို ပဉ္စင်းခံသော သံဃာတော်မြတ် အပေါင်းသည်။ သာဝကသံဃော၊ ပရိယတ် ပဋိပတ် ပဋိဝေဓ သာသနာတော် သုံးပါး အဆုံးအမ စကားကို ထောင်နားစိုက်တတ်သော သံဃာတော်မြတ် အပေါင်းသည်။ ဉာယပ္ပဋိပန္နော။ မဂ် နှင့် ဖိုလ် ကို ရက်တိုတိုနှင့် ရလို့ ရောက်လို မျက်မှောက်ပြုလိုလှသဖြင့် မျှော်ကိုးတောင့်တ ကျင့်ကြံတော် မူကြသော သကတ္တကြောင့် ဉာယပ္ပဋိပန္န မည်တော် မူပါပေ၏။

၄ - ဘဂဝတော၊ သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီး၏။ သာဝကသံဃော၊ တပည့်သားမော် သံဃာတော်မြတ် အပေါင်းသည်။ သာဝကသံဃော၊ စာလင်မမှီ စာသင်ချင်၍ ရှင်ပြု ဣစ္ဆာသယ ဆင်ခြင်လို၍ ပဉ္စင်းခံသော သံဃာတော်မြတ် အပေါင်းသည်။ သာဝကသံဃော၊ ပရိယတ် ပဋိပတ် ပဋိဝေဓ သာသနာတော် သုံးပါး အဆုံးအမ စကားကို ထောင်နားစိုက်တတ်သော သံဃာတော်မြတ် အပေါင်းသည်။ သာမိစိပ္ပဋိပန္နော၊ ဗြဟ္မာနတ်လူ ခပ်သိမ်းသူတို့ ကြည်ဖြူခယ ရှိသေ

ကြအောင် ကျင့်ကြံတော် မူတတ်သော သကတ္တကြောင့်။ သာမိစိပ္ပဋိပန္န မည်တော် မူပါပေ၏၊ သာမိစိပ္ပဋိပန္နော၊ ပညတ်တော်မှန် သိက္ခာပုဒ် အတန်တန်ကို ကျိုးနွံခယ ကျင့်ကြံတော် မူကြသော သကတ္တကြောင့် သာမိစိပ္ပဋိပန္န မည်တော်မူပါပေ၏။ သာမိစိပ္ပဋိပန္နော၊ ပညတ်တော်ထွက် သိက္ခာပုဒ် အချက်ကို မိမိအသက်လို ရှိသေစွာ ကျင့်ကြံတော် မူတတ်သော သကတ္တကြောင့် သာမိစိပ္ပဋိပန္န မည်တော် မူပါပေ၏။

၃ · စတ္တာရိ၊ လေးယောက်ကုန်သော။ ယဒိဒံ - ယာနိ ဣမာနိ ပုရိသယုဂါနိ၊ မဂ်ဖိုလ် နှစ်ရပ် ဂဟောစပ်၍ အကြင် ယောကျ်ားမြတ် မိန်းမမြတ် အစုံတို့သည်။ အဋ္ဌ၊ ရှစ်ယောက် ကုန်သော။ ယဒိဒံ · ယေ ဣမေ ပုရိသပုဂ္ဂလာ၊ အကြင် မသုဉ် မတွဲ အသီးခွဲဆို မြတ်ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ထင်ရှားလုံးစုံ ရှိကြကုန်၏။ ဘဂဝတော၊ သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရားကြီး၏။ ဧသ · ဧသော သာဝကသံဃော၊ ထိုအစုံ အားဖြင့် လေးပါး, အသီးအားဖြင့် ရှစ်ပါး တပည့်တော်မော် သံဃာတော် အပေါင်းသည်၊ အာဟုနေယျော။ အဝေးကြီးမှ ချွေးသီးသံပြာ ယူဆောင်လာငြား ပစ္စည်းများကို ထင်ရှား ကြည်ဖြူ သူ့အလှူကို ခံယူတော်မူထိုက်သော သကတ္တကြောင့် အာယုနေယျ မည်တော် မူပါပေ၏။

၄ - ပါဟုနေယျော၊ လွန်စွာ ဝေးကွာ ရပ်ဒီသာမှ ရောက် လာမိတ္တာ ညာတကာအား ရည်၍ ထားသည့် ထူးခြားကောင်း

လှ ပစ္စည်းအဝဝကို ခံတော် မူထိုက်လှသော သကတ္တကြောင့် ပါဟုနေယျ မည်တော် မူပါပေ၏။

၇- ဒက္ခိဏေယျော၊ ချမ်းသာပွားရန် အကျိုးမှန်ကို ရည် သန် တောင့်တ လှူဒါန်းကြသည်ကို ခံတော် မူထိုက်လှသော သကတ္တကြောင့် ဒက္ခိဏေယျ မည်တော်မူပေ၏။

၈ - အဉ္ဇလိကရဏီယော၊ လက်အုပ်ချီမိုး ဦးနှိမ်ချိုး၍ ရှိခိုး ဝတ်ချ ရိုသေခြင်းကို ခံတော် မူထိုက်လှသော သကတ္တကြောင့် အဉ္ဇလိကရဏီယ မည်တော် မူပါပေ၏။

၉ - လောကဿ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်း ၏။ အနုတ္တရံ၊ တဘက် မရ ကဲလွန် ထူးမြတ် လှစွာသော။ ပုညခေတ္တံ၊ သဒ္ဓါပြည့်ဖြိုး ကောင်းမှုမျိုးတို့၏ စိုက်မျိုးပစ်ချ ရာ လယ်ယာ မြေကောင်း အတူ ဖြစ်တော်မူသော သကတ္တ ကြောင့် ပုညခေတ္တ မည်တော် မူပါပေ၏။

ဣတိ၊ ဤသို့၊ နဝဂုဏေဟိ၊ ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမ္မန္နာဂတဿ၊ ပြည့်စုံတော်မူသော။ သံဃဿ၊ မဟာသတိ ပဋ္ဌာန်းဂိုဏ်းဝင် သံဃာတော်အစစ် တရာ့ရှစ်ပါးအား။ အဟံ၊ ဘုရား တပည့်တော်သည်။ နမော၊ နှစ်ဝ လက်, ဒူး, တင်နဖူးဖြင့် ငါးဦးထည့်လျှင်း ရှိခိုးခြင်းကို။ ကရောမိ၊ ရှင်မဲ့ နှစ်ချိုက် မနေ့ပိုက်၍ ဇောခိုက်ခါ ပူလိုက်ပါ၏ အရှင်ဘုရား။

No 7

သုပ္ပဗုဒ္ဓံ စသော ပါဠိအနက်

ယေသံ၊ ဘုရားတပည့် တရားရှိသည်ကို အများ သိအောင် ရွက်ဆောင် ကြကုန်သော အကြင်သူတို့အား။ ဒိဝါစ၊ နေရောင်ထွန်းပြ နေ့ကာလ၌၎င်း။ ရတ္တော စ၊ နေရောင်ကင်းပ ညဉ့်ကာလ၌၎င်း။ နိစ္စံ၊ အမြဲ၊ ဝါ၊ အချိန်မှန်မှန်။ ဝါ - အဓိဋ္ဌာန် မပျက်ရလေအောင်။ ဗုဒ္ဓဂတာသတိ၊ ဘုရားဂုဏ်ကို အာရုံပြု၍ ရောက်သော သတိသည်။

ဓမ္မဂတာသတိ၊ တရားဂုဏ်ကို အာရုံပြု၍ ရောက်သော သတိသည်။

သံဃဂတာသတိ၊ သံဃာတော်မြတ်၏ ဂုဏ်ကို အာရုံပြု၍ ရောက်သော သတိသည်။

ကာယဂတာသတိ၊ ဆံပင် မွေးညှင်း စသော ကောဋ္ဌာသ အစု၌ အလေး ဂရုပြု၍ ကြည့်ရှုသဖြင့် ရောက်အပ်သော သတိသည်။

အဟိံသာယ၊ သတ္တဝါခပင်း အပြစ်ကင်းအောင် မညှင်းဆဲခြင်း၌။ ရတော၊ မွေ့လျော်၍ နေသော။ မနော၊ စိတ်စေတနာ ကောင်းသည်။

ဘာဝနာယ၊ ကာယဂတာ ဘာဝနာကို ကောင်းစွာ ပွားစီးခြင်း၌။ ဘာဝနာယ၊ ကာယဂတာ ဒွတ္တိံသာ ဟု ကောယန ကမ္မဋ္ဌာန်းကို ကောင်းစွာ ပွားစီးခြင်း၌၊ ရတော၊ မွေ့လျော်၍ နေသော။ မနော၊ စိတ်စေတနာ ကောင်းသည်။ အတ္ထိ၊ ထင်ရှားမသွေ ရှိပါပေ၏။ ဂေါတမသာဝကာ၊ ဂေါတမမြတ်စွာ

ဘုရား၏ ပရိယတ် ပဋိပတ် ပဋိဝေဓ သာသနာတော် သုံးပါး အဆုံးအမစကားကို ထောင်နားစိုက်ကြကုန်သော။ တော၊ ဘုရား တပည့် တရားရှိသည်ကို အများသိအောင် ရွက်ဆောင်ကြ ကုန်သော ထိုသူတို့အား။ သဒါ၊ အခါခပ်သိမ်း။ သဒါ၊ ဣရိယာ ပုတ် လေးပါးစလုံး။ သုပ္ပဗုဒ္ဓ၊ အဝိဇ္ဇာ နှင့် တဏှာလက်တွင်း ညာဏ်မလင်းဘဲ စင်းစင်းကြီး အိပ်၍ နေခြင်းမှ။ ပဗုဇ္ဈန္တိ၊ ပဋိ ပတ်တရား လိုက်ကိုင်ထားသဖြင့် ထကြွနိုးကြား လေကုန်တော့ ၏။

—

သိယာကုသလံ စသော ပါဠိအနက်

ဘော၊ အိုသူတော်ကောင်း အပေါင်းတို့။ ကုသလံဓမ္မံ၊ ပါရမီ မင်္ဂလာ လောကုတ္တရာ စတုဘုမ္မိက ကုသိုလ်တရား အပေါင်းကို။ ပဋိစ္စ၊ စွဲ၍၊ ဝါ၊ အားတုံ့အားနာ၊ တခါတလေ မရှောင် သာ၍၊ လိုက်ပါကျင့်ကြံမိသော အကျင့်တရား အကြောင်း များကိုစွဲ၍။ ကုသလော ဓမ္မော၊ ပါရမီ မင်္ဂလာ လောကုတ္တရာ စတုဘုမ္မိက ကုသိုလ်တရား အပေါင်းသည်။ ဟေတုပစ္စယာ၊ အလောဘ, အဒေါသ, အမောဟ ဟေတုပစ္စယ အကြောင်း များကြောင့်။ ဥပ္ပဇ္ဇေယျ၊ မဂ်မျိုးစေ့ ကုသိုလ် အပေါင်း ကြောင့် ဖြစ်ကောင်း ဖြစ်ရာ၏။ (သံသယပဒအနက်)။

ကုသလံဓမ္မံ၊ ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာ ပါရမီ အချုပ်ထား၍ ပွားများ အားထုတ်အပ်သော လော ကုတ္တရာ စတုဘုမ္မိက ကုသိုလ်တရားတွေကို။ ပဋိစ္စ၊ အကျိုးလို၍

ညောင်ရေလောင်း ပဋ္ဌာန်းပစ္စည်း အကြောင်းစွဲ၍။ ကုသလော ဓမ္မော၊ တေဘူမ္မိက သင်္ခါရ ကုသိုလ် ဓမ္မများကို ပယ်ရှားနိုင်သော စတုဘုမ္မိက အသင်္ခတ မဂ်ဗိဇကုသိုလ် တရားအပေါင်းသည်။ ဟေတုပစ္စယာ၊ သီလဖြင့် ဒေါသကို သတ်, သမာဓိဖြင့် လောဘကိုသတ်, ပညာဖြင့် မောဟကိုသတ် အကြောင်း သုံးရပ် အလွန်မြတ်သော ပဋ္ဌာန်းပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ မြေလက်ခတ်တီး မဂ်ဉာဏ်မိုး၍ အပြီးမုက္ခ ဖြစ်ရလေတော့၏။ ကုသလံ ဓမ္မံ၊ သာသနာ ခါသမယ ဘုရားရှင် ဟောဖော်ပြမှ ကျင့်ရကြံ့ရ အားထုတ်ရသော ပါရမီ မင်္ဂလာ လောကုတ္တရာ စတုဘုမ္မိက ကုသိုလ်ဟု ဆိုအပ်သော။ ကော်ခန္ဓ- မဂ်ဉာဏ်ကိုမှီ မဂ်မျိုးစီအောင် အာတည်ပြုအပ် အားထုတ်အပ်သော တခုသော ဝိညာဏက္ခန္ဓာကို။ ပဋိစ္စ၊ သံသရာက လွတ်ကြောင်း ကုသိုလ်အပေါင်းကို အာစွဲပြု၍။ တယောခန္ဓာ၊ သုံးပါးကုန်သော စေတသိက်ခန္ဓာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကြလေကုန်၏၊ တသောခန္ဓေ၊ သုံးပါးကုန်သော စေတသိက်ခန္ဓာတို့ကို။ ပဋိစ္စ၊ ပဋိစ္စသမုပ္ပါဒ် ပစ္စည်းစွဲ၍။ ဧကော ခန္ဓော၊ တခုသော ရူပက္ခန္ဓာသည်။ ဝါ၊ ရုပ်ထူး ဝိသေသ တရားသည်။ ဥပ္ပဇ္ဇတိ၊ စတုဘုမ္မိက ကုသိုလ်ဇာတ် ပါရမီဓာတ် အကြောင်းတို့ကြောင့် ကောင်းကောင်းကြီး ဖြစ်ပေါ်လာတော့၏။ ဒွေ ခန္ဓေ၊ မဂ်ဉာဏ်ကိုမှီ မဂ်မျိုးစီအောင် အာတည်ပြုအပ် အားထုတ်အပ်သော နှစ်ပါးသော ခန္ဓာတို့ကို။ ပဋိစ္စ၊ ပဋိစ္စသမုပ္ပါဒ် ပစ္စည်းစွဲ၍။ ဒွေခန္ဓာ၊ နှစ်ပါးကုန်သော ရုပ် နာမ် ခန္ဓာ အထူးတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကြလေကုန်၏။

ကုသိုလ် ၁၁ · ပါး

၁ · ဝတ္ထုပစ္စည်းကို ပေးလှူတာက 'ဒါန' ကုသိုလ် ခေါ်။

၂ · ထိခြင်း ငါးပါးဖြင့် ရှိခိုးတာက 'ဂါရဝ' ကုသိုလ် ခေါ်။

၃ · ပဏာမ သုံးပါးဖြင့် ရှိခိုးတာက 'ပဏာမ' ကုသိုလ် ခေါ်။

၄ · သရဏဂုံ သုံးပါးကို ဆောက်တည်တာက 'သရဏဂုံ' ကုသိုလ် ခေါ်။

၅ · ဒုစရိုက် ဒုရာဇီဝကို ကုန်စင်အောင် ဆို ရှောင် ပယ်ရှားတာက 'သီလ' ကုသိုလ် ခေါ်။

၆ · ဣမာယ အစ ပစ္စဝေက္ခိတဗ္ဗံ အဆုံး ကျင့်သုံးတာက 'သမာဓိ' ကုသိုလ် ခေါ်။

၇ · သဗ္ဗေသင်္ခါရာ အနိစ္စာ အစ အနတ္တာ အဆုံး ကျင့်သုံးတာက 'ပညာ' ကုသိုလ် ခေါ်။

၈ · အရဟံ အစ လောကဿတိ အဆုံး ကျင့်သုံးတာက 'ဝိမုတ္တိ' ကုသိုလ် ခေါ်။

၉ · သုပ္ပဗုဒ္ဓံ အစ ဘာဝနာယ ရတော မနော အဆုံး ကျင့်သုံးတာက 'ဝိမုတ္တိဉာဏဒဿန' ကုသိုလ် ခေါ်။

၁၀ · ဒါနမေတံ အစ ပု · ဒိ · အာ အဆုံး ကျင့်သုံးတာက 'မဂ်' ကုသိုလ် ခေါ်။

၁၁ · ဒုက္ခပတ္တာ အစ ဒေဝတာ ဂတာ အဆုံး ကျင့်သုံးတာက 'မေတ္တာ' ကုသိုလ် ခေါ်။

ပဋိပတ် နှင့် ထုံးအကျိုး (၁၁) မျိုး ကိုးပြနည်းကား

ပဋိပတ်အလို	ထုံးအလို	အကျိုးအလို
၁ · ပဉ္စင်္ဂအာဇီဝဋ္ဌမကဂရုဓမ္မ သီလတို့ကို ကုန်စင်အောင်ဆို ရှောင်ဖယ်ရှားခြင်း ·	ရွှေမင်းဝံ ဆရာတော်ဘုရားကြီး၏ထုံး ·	အဒိယာ
၂ · နမောတဿ အစ သမ္မာသမ္ဗုဒ္ဓဿ အဆုံး ကျင့်သုံးခြင်း	နတ်ကြီးငါးပါး ·	သောတာပန်
၃ · သရဏဂုံ သုံးပါးကို သုံးကြိမ်တိုင်တိုင် ဆောက်တည်ခြင်း ·	ဥပါလိသူကြွယ် ·	အနာဂါမ်ဖိုလ်
၄ · ဒုစရိုက်တရားတို့ကို ဆိုရှောင်ဖယ်ရှားခြင်း ·	သိင်္ဂါလပုဏ္ဏား ·	သောတာပန်
၅ · ဣမာယအစ ပစ္စဝေက္ခိတဗ္ဗံ အဆုံး ကျင့်သုံးခြင်း ·	မာတိကာ ဒါယိကာမကြီး ·	အနာဂါမ်ဖိုလ်
၆ · သဗ္ဗေသင်္ခါရာ အနိစ္စာ အစ အနတ္တာအဆုံး ကျင့်သုံးခြင်း ·	သံဃာတော် (၁၅၀၀)·	အရဟတ္တဖိုလ်

ပဋိပတ်အလို	ထုံးအလို	အကျိုးအလို
၇ · ဣတိပိသော အစ ဗုဒ္ဓေါဘဂဝါ အဆုံး ကျင့်သုံးခြင်း -	ဝေရဉ္စပုဏ္ဏား -	ဥပသကာ
၈ - သွာက္ခာတ အစ ဝိညူဟီတိ အဆုံး ကျင့်သုံးခြင်း -	အာဠဝက ဘီလူး ·	သောတာပန်
၉ · သုပ္ပဋိပန္န အစ လောကဿာတိ အဆုံး ကျင့်သုံးခြင်း -	သောတာပန် အစရှိသော အရိယာသခင် သူတော်စင်တို့၏ -	သောတာပန် အစ အရဟတ္တဖိုလ်
၁၀ · သုပ္ပဗုဒ္ဓ အစ ဘာဝနာယ ရတော မနော အဆုံး ကျင့်သုံးခြင်း -	ထင်းခွေ သားမိသားဖ သုံးယောက် -	သောတာပန်အစ အရဟတ္တဖိုလ်
၁၁ · သိယာကုသလံ အစ ဒွေခန္ဓာ အဆုံး ကျင့်သုံးခြင်း -	မယ်တော်မိနတ်သား ·	သောတာပန်

ဥဂ္ဂဟ ကောသလ္လဉာဏ် ၇ - ပါး
သံပေါက်လင်္ကာ

(က) ဥဂ္ဂဟမှန်၊ ကောသလ္လံ၊ သိရန် ခုနစ်ဖြာ။

(ခ) လိုရင်း အချုပ်၊ အဓိပ္ပာယ်ထုတ်၊ ကိုယ်၊ နှုတ် ဆောင်စေရာ။

၁ - နှုတ်ညမခြား၊ နှုတ်က ပွား၊ မှတ်သား ဝစသာ။

၂ - သုံးဆယ်နှစ်ခု၊ အာရုံပြု၊ ထင်မှု မနသာ။

၃ - သုံးဆယ်နှစ်ဖို၊ ဆင်းအာရုံ၊ ရှုတုံ ဝဏ္ဏသာ။

၄ - သုံးဆယ်နှစ်ခု၊ ပုံဟန် ရှု၊ ပွားမှု သဏ္ဌာနာ။

၅ - ဝိ၊ ယာ၊ ထက်၊ အောက်၊ ထင်မြင်ရောက်၊ မှတ်လောက် ဒိသတာ။

၆ - သုံးဆယ်နှစ်ခု၊ တည်ရာရှု၊ ပွားမှု ဩကာသသာ။

၇ - ကောဋ္ဌာသ်နိမိတ်၊ ခွဲဝေစိတ်၊ ပရိစ္ဆေဒတာ။

သင်ယူဘိုမှန်၊ လိမ္မာရန်၊ သိဉာဏ် ခုနစ်ဖြာ။

မနသိ ကောသလ္လဉာဏ် ၁၀ - ပါး
သံပေါက်လင်္ကာ

(က) နိမ္မာန်လိုငြား၊ ယောဂီများ၊ ကြိုးစား အား ထုတ်ပါ။

(ခ) လိုရင်း သိလွယ်၊ အမိပ္ပာယ်၊ နှုတ်ဝယ် ဆောင်စရာ။

၁ - သုံးသယ်နှစ်ခု၊ အစဉ် ရှု၊ အနုပုဗ္ဗသာ။
၂ - မမြန်လွန်းဘိ၊ ပွားတုံရှိ၊ နာတိသီဃသာ။
၃ - မနှေးလွန်းဘိ၊ အားထုတ်ကြည့်၊ နာတိသဏိကာ။
၄ - ပြန့်လွင့်စိတ်စေ၊ တားမြစ်လေ၊ ဝိက္ခေပတိဗာ။
၅ - လွန်မြောက် ပညတ်၊ ထင်မြင်လတ်၊ ပဏ္ဏတ္တိက္ကမာ။
၆ - မထင်လွတ်မှု၊ အထင်ရှု၊ အနုမုဉ္စနာ။
၇ - ဂေါတြဘူနောက်၊ ဆက်ခါရောက်၊ ပေါ်ပေါက် အပ္ပနာ။
၈ - စိတ်တည်စေဘိ၊ လုပ်နည်းသိ၊ အဓိသုတ္တန္တာ။
၉ - စိတ်ငြိမ်စေဘိ၊ လုပ်နည်းရှိ၊ သီတိသုတ္တန္တာ။
၁၀ - သစ္စာလေး အင်၊ သိကြောင်းလျှင်၊ ဗောဇ္ဈင် သုတ္တန္တာ။
နှလုံးသွင်းမှန်၊ လိမ္မာရန်၊ ဆယ်တန် သရုပ်ပြာ။
ယောဂီပုဂ္ဂိုလ်၊ သမုတ်ဆို၊ ဤလို သိစေရာ။

---

၁ - သုံးဆယ်နှစ်ပြာ၊ စက္ခုမှာ၊ မြင်လာ ပရိကံ။
၂ - သုံးဆယ်နှစ်ပြာ၊ မနောမှာ၊ ထင်လာ ဥဂ္ဂဟံ။
၃ - နိမိတ်နှစ်ခု၊ အာရုံပြု၊ ပွားမှု ပရိကံ။
၄ - မတင့်တယ်အား၊ ထင်လာငြား၊ မှတ်သား အသုဘ ။

၅ - ညို, ရွှေ, နီ, ဖြူ၊ ထင်မြင်မူ၊ မှတ်ယူ ဆင်းဝဏ္ဏံ။
၆ - အင်္ဂကလာပ်၊ ထင်မြင်မှတ်၊ ခေါ်အပ် သုညတံ။
၇ - အသု, ဝဏ္ဏ၊ သုညတ၊ ထင်က ပရိတံ။

အထက်လင်္ကာတို့၏ အဓိပ္ပာယ်ကား —

၁၂ - ပါးကို စက္ခုဖြင့် သာ မြင်သော်ပရိကမ္မနိမိတ် ဟု မှတ်။ စိတ်မနောမှာ ထင်လာက ဥဂ္ဂဟ နိမိတ် ဟု မှတ်။

ထိုနိမိတ် နှင့်ခုကို အာရုံပြု၍ ပွားများသော အလုပ်သည် ပရိကမ္မဘာဝနာ ဟု မှတ်။

ထိုဥဂ္ဂဟနိမိတ်ထက် ကသိုဏ်းဝန်း အပြစ်လွတ်၍ အဆင်း, အနံ့, သဏ္ဌာန်, ဖြစ်ရာ, တည်ရာ ဤငါးဖြာ မနောမှာ ထင်လာလျှင် အသုဘ ဟု မှတ်။

တနည်း - ညို, ရွှေ,နီ, ဖြူ, အထိုက် အလျောက် ပေါ် ပေါက်၍ မနောမှာ ထင်လာမူ ဝဏ္ဏ ဟု မှတ်။

တနည်း - အဆင်း, အနံ့, အရသာ, ဩဇာ, ပထဝီ, အာပေါ, ဝါယော, တေဇော - ဤ ၈ - ဖြာ မနောမှာ ထင်လာမူ သုညတ ဟု မှတ်။

အသုဘ, ဝဏ္ဏ, သုညတ - ဤ - ၃ ခုကို ပဋိဘာဂ နိမိတ် ဟု မှတ်။

ထိုပဋိဘာဂ နိမိတ်ကို ယောဂီပုဂ္ဂိုလ်၏ စိတ်အာရုံ တည် အောင် ပွားသည်ကို ဥပစာရဘာဝနာ ဟူ၍၎င်း, ဥပစာရ သမာဓိ ဟူ၍၎င်း မှတ်အပ်၏။

ပဋိဘာဂနိမိတ် အာရုံကို ရ၍ အထိုက် အလျောက် ချာန် အပ္ပနာ, မဂ်အပ္ပနာသို့ ဆိုက်ရောက်သည်ကို အပ္ပနာဘာဝနာ ဟူ၍၎င်း, အပ္ပနာ သမာဓိ ဟူ၍၎င်း, အပ္ပနာပညာဟူ၍၎င်း မှတ်အပ်၏။

အဋ္ဌကလာပ် ၈ ပါးတွင် ပထဝီ ဆိုသည်မှာလည်း—

ခက်မာလျှင် — ခက်မာပထဝီ။

နူးညံ့လျှင် — နူးညံ့ပထဝီ။

အာပေါ ဆိုသည်မှာလည်း —

စီးယိုလျှင် — စီးယိုအာပေါ။

ဖွဲ့စေးလျှင် — ဖွဲ့စေးအာပေါ။

တေဇောမှာလည်း —

ပူလျှင် — ဥဏှတေဇော။

အေးလျှင် — သီတတေဇော။

ဝါယောမှာလည်း —

ထောက်ကန်လျှင် — ထောက်ကန်ဝါယော။

လှုပ်ရှားလျှင် — လှုပ်ရှားဝါယော။

ဤ အဋ္ဌကလာပ် ၈ ပါးတို့၏ အကြားကို အာကာသ ဟုခေါ်၏။

No 8

မှတ်ချက်။ ။ဤစကားရပ်ကား ယောဂီပုဂ္ဂိုလ်များ၏ နှလုံးသွင်းမှု အလုပ်ဂတ္တရား လိမ္မာ တတ်မြောက်ရုံမျှ သာ ရေးလိုက်သည်၊ ခွဲခြား ဝေဘန်ပုံနည်းမှာ ကျယ်လှသေး၏။

ခေမာမိဖုရား အမွှန်း

ရာဇဂြိုဟ်ပြည်တွင်၊ ဘုရားရှင်သည်၊ လေးအင် ယာပထ၊ ညီညွတ် မျှလျက်၊ ဌာန အမွှန်း၊ ဝေဠုဝန်၌၊ လောင်းသွန်နေ့ညာ၊ တရား ပြုပြီး၊ ဗုဒ္ဓမြတ်စွာ၊ နေသောခါဝယ်၊ ခေမာ ကျော်ကြား၊ မိဖုရားသည်၊ တဏှာ မာန၊ ဒိဋ္ဌိကြွလျက်၊ ဗုဒ္ဓကို ပင်၊ မဖူးမြင်ဘဲ၊ ပျော်ရွှာ မိုက်မှား၊ မတရားဖြင့်၊ လပ်အားချိန်ဖြုန်း၊ ဘဝရှုံးအောင်၊ အသုံး မဝင်၊ ပုထုဇဉ်လေ၊ ခင်မင်မွေ့လျက်၊ ရာဂဘက်သို့၊ ဆင်းသက်တည်နား၊ အမြင့်မှားကြောင့်၊ တရား မနာ၊ သံဃာ မတွေ့၊ ကျင့်မှန် မေ့လျက်၊ ပျော်မွေ့လွန်ကျူး၊ စရိုက် ထူးကြောင့်၊ သူရူးပုံသွင်၊ အလှ ပြင်၍၊ နေ့စဉ် မအား၊ ခန္ဓာ ငါးကို၊ ယောကျ်ား မိန်းမ၊ မြင်မှားသွေ၍၊ သူ့ ငါ့ကိုယ်၊ ထင်တိုင်း ဆိုပြီး၊ မောက်မို့မာန်သွင်း၊ ထောင်လွှားခြင်းကြောင့်၊ နန်းတွင်း နေသူ၊ အပေါင်း လူတို့၊ ညည်းညူ ပြီးကာ၊ မင်းရာဇာသို့၊ ခေမာမိဖုရား၊ သတင်းများကို၊ လျှောက်ထား သိစေ၊ တိုင်ကြ လေသော်၊ စိတ်နေမြတ်ပါ၊ မင်းရာဇာလည်း၊ ကဗျာ လင်္ကာ၊ ရေးစေပါ၍၊ ခေမာ မိဖုရား၊ နား၌ ကြားအောင်၊ ဘုရားရှင်ဂုဏ်၊ တရားဂုဏ်နှင့်၊ ပြည့်စုံ သံဃာ၊ ကျောင်းဝိဟာနှင့်၊ လွန်စွာ မြတ်မွန်၊ ဝေဠုဝန်၏၊ တူးချွန် ကြီးမား၊ လွန်စည်ကားလျက်၊ ပြန့်ပွား သတင်း၊ တင့်တယ်ခြင်းကြောင့်၊ နတ်မင်း များစွာ၊ သက်ဆင်း လာလျက်၊ ဗြဟ္မာ အများ၊ မြတ်ဘုရားနှင့်၊ တရား သံဃာ၊ ကြည်ညိုကာနှင့်၊ ရသာ ထူးမြတ်၊ ဓမ္မခတ်ကို၊ ဆည်းကပ် နာယူ၊ မိုက်မှား ပြုအောင်၊ ကျင့်ယူ ဆောင်ပွား၊

သဘောများကို၊ ရေးသား ဖော်ပြ၊ ဆိုရွတ်ကြလျက်၊ ဖို့မ လို
များ၊ စိတ်ကောင်း ပွားအောင်၊ မသွား မဖူး၊ မနာဘူးက၊ လူ
ရူး ဘဝ၊ မလွတ်ရ ဟု၊ ကျုန သောချာ၊ ရေးစပ်ကာဖြင့်၊ ကဗျာ
သံချို၊ နှန်းတွင်း ပျိုတို့၊ ရွတ်ဆိုသောခါ၊ ဒေါ်ခေမာသည်၊
ပညာ ဉာဏ်ယှဉ်၊ အသိပင်လျက်၊ ကြည်လင် ဇောသန်၊ ဝေဠု
ဝန်သို့၊ သွားရန်ဆုံးဖြတ်၊ မင်းထံ ကပ်သော်၊ ကောင်းမြတ်
စေတနာ၊ မင်းရာဇာက၊ ခေမာမိဖုရား၊ ကျောင်းတိုက် သွားပါ
က၊ ဘုရား တရား၊ သံဃာများ၏၊ ထံပါးသို့ကပ်၊ တရားမြတ်ကို၊
နာမှတ်ယူကာ၊ လာခဲ့ပါ ဟု၊ ဩဝါဒရေး၊ ဆုံးမ ပေးသည်ကို၊
မလေး မစား၊ ထွက်ခွာသွားသဖြင့်၊ နေ့ခက်မါး လိုက်အပ်၊
ဆောင်ကိုင် မတ်ကို၊ မင်းမြတ် အာဏာ၊ မိန့်သည်မှာကား၊
မောက်မာ တက်ကြွ၊ ဒိဋ္ဌိ ဆုံ၍၊ မာန ရင့်မာ၊ ဒေါ်ခေမာသည်၊
မြတ်စွာဘုရား၊ မဖူးငြားအံ့၊ တောခြာ မြို့ ခွင်၊ ရိုက်ကာနှင် ဟု၊
ဘုရင့်အာဏာ၊ အမိန့်စာဖြင့်၊ လိုက်ပါ နောက်ပါး၊ အမတ်များ
ကို၊ မှတ်သား တည်စေ၊ ပေးလိုက်လေသော်၊ ဒေါ်ခေမာလဲ၊
ကျောင်းတော်ထဲ၌၊ ရစ်ဝဲ လှည့်ပတ်၊ ကြည့်ရှုလတ်ပြီး၊ ရေးစပ်
သည့်စာ၊ လွန်လွန်းပါ၍၊ ခေမာယောင်ဝါး၊ လာမိမှား၏၊
ပြန်သွားဘို့ပင်၊ ပုံဟန် ပြင်သော်၊ နီးတွင် ထင်ရှား၊ အမတ်
များက၊ ဘုရား ဖူးရန်၊ တိုက်တွန်းသံကို၊ ပယ်လှန် ရှောင်ကွင်း၊
ပြန်လည် ငြင်း၍၊ အတင်း ထွက်ရန်၊ ပြုစီမံသော်၊ လေးလံ
အာဏာ၊ မင်းမိန့်စာဆို၊ ထုတ်ကာပြမှ ဗုဒ္ဓ ထံမှောက်၊ ဖူးမျှော်
ရောက်၍၊ အံ့လောက်ရော၊ ပျိုကညာသည်၊ မြတ်စွာဘုရား၊
ထံတော်ပါး၌၊ ထင်ရှား ယပ်ခပ်၊ လေလှူအပ်သည်ကို ၊တပ်အပ်

သေချာ၊ မြင်သောအခါ၌၊ ခေမာမိဖုရား၊ စိတ်ကောင်းနား၍၊ ဘုရားထံမှောက်၊ ငါလာရောက်သည်ကား၊ လွန်နှောက်ကျစေ၊ ရှိခဲ့ပေပြီ၊ သံဝေဂဉာဏ်၊ အမြင်သန့်လျက်၊ ပြည့်လျှံသုဘ၊ ကညာမကို၊ ခဏ အတွင်း၊ ကြည့်ရှု ရင်းပင်၊ အလင်း ဝင်လျက်၊ အရှင်ဘုရား၊ တပည့်တော်မ မှားပြီ၊ တရားဖိအောင်၊ လူနတ်ကောင်းဟု၊ ပုံဆောင် ဖော်ပြ၊ ကိုယ်ကာယ၌၊ မုချ ရှုနေ၊ သဘောတွေကို၊ မိန့်ချွေ ဟောပါ၊ တောင်းပန် ရှာသော်၊ မြတ်စွာဘုရား၊ နည်းစုံပွားဘို့၊ ဟောကြား မိန့်မှာ၊ ဒေသနာကား—

အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။
သတိကာယဂတာ တျတ္ထု၊ နိဗ္ဗိဒါ ဗဟုလာ ဘဝ။

မြတ်ဗုဒ္ဓ၏၊ ဆုံးမဟောကြား၊ ဤစကားကို၊ လေးစား ယုံရှာ၊ ခေါ်ခေမာသည်၊ အနာဂါမိ၊ မဂ်ဖိုလ်ထိအောင်၊ အသိရင့်သန်၊ အမြင် မှန်၍၊ ကေန် ရသွား၊ ပုံစံများကို၊ ထောက်ထား ယုံကြည်၊ အိုယောဂီတို့၊ စုံညီ ပြတ်သား၊ ပွားနည်းများကို၊ ရှေ့သွား ဉာဏ်ယှဉ်၊ မိုက်မှား စင်အောင်၊ တွင်တွင်ကြိုးသာ၊ ရွတ်ပွားလိုက်ကြပါစို့ အဲ့သတည်း။

အရှင်စူဠပန် အမှန်း

ဝေဠုဝန်ခေါ၊ မြတ်ကျောင်းတော်၌၊ ဇီနော် ထွဋ်ထား၊ မြတ်ဘုရားသည်၊ တည်နား ရှင်ပြုး၊ မဂ်ဖိုလ် ထုံးကို၊ အားလုံးသောသူ၊ နတ်နှင့် လူတို့၊ ရယူစေမှုးမေတ္တာပြုလျက်၊ စဘုဘုမ္မိကာ၊ ကျင့်ခမ္မာကို၊ စိတ်ဖြာ ခွဲဝေ၊ ဟောပြောနေစဉ်၊ မဓထေရ် အရဟံ၊ မဟာပန်သည်၊ နီးထံ ခယ၊ ညီငယ်လှကို၊ စူဠပန္ထကာ၊ နှုတ်မြွတ်ဟာလျက်၊ ဆင်းကြွလာရန်၊ မိန့်ခေါပြန်သော်၊ ခေါ်သံကြားရ၊ ထိုခဏ၌၊ စူဠပန္ထက၊ သမဏသည်၊ ဂါရဝ ရှေ့ထား၊ လွန်လေးစားလျက်၊ အနား တည်ပေ၊ ရှိခိုး နေသော်၊ မထေရ် အရဟံ၊ မဟာပန်က၊ သင်အံ အားထုတ်၊ ဂါထာပုဒ်သည်၊ သင့်နှုတ် တည်နား၊ ရပြီလားဟု၊ ထောက်ထားငဲ့ညှာ၊ မေးလိုက်ပါသော်၊ ပညာ နှေးကန်၊ စူဠပန်က၊ နိယံရွတ်ပွား၊ ကျက်မှတ်သားလည်း၊ ဘုရားဂုဏ်ပေါ်၊ ဂါထာတော်ကို၊ ရွတ်သော်မရ၊ ထစ်အ,အနဲ့၊ စူဠညီရင်း၊ ဉာဏ်က ဖျင်းလို့၊ ရိပျင်းပယ်ချွား၊ လွန်ကြိုးစားလဲ၊ တည်နား နှုတ်မှာ၊ မရပါဟု၊ လွန်စွာ ရိုသေ၊ လျှောက်ထားလေသော်၊ ထေရ်မဟာပန်၊ အရဟံသည်၊ ထုတ်ပြန် မြွက်ကြွား၊ မိန့်စကားက၊ ချစ်သားညီလှ၊ ဉာဏ်ထိုင်း လေစွ၊ ဉာဏ်ထိုင်းလေစွ၊ မြတ်ဗုဒ္ဓ၏ ကိုးဝ ဂုဏ်တော်၊ အစုံပေါ်သည့်၊ သင့်တော်ဂါထာ၊ မရပါက၊ ရက်ကြာလများ၊ သင်စေငြားလည်း၊ ဘုရားတန်ခိုး၊ တရားတန်ဘိုး၊ သံဃာတန်ဘိုး၊ သာသနာတန်ဘိုး၊ ရှိန်မတိုးဘဲ၊ ပျက်ညှိုးဘို့သာ၊ ရှိနေပါသောကြောင့်၊ မကြာချက်ချင်း၊ ကျောင်းတော်တွင်းမှ၊ မော့င်မင်းဆင်းစေ၊ ပြန်

သွားလေဟု၊ မထေရ်အရဟံ၊ မဟာပန်က၊ ပြင်းထန်ဟောကြား၊
မိန့်စကားကြောင့်၊ အနား တည်နေ၊ ညီငယ်ထေရ်သည်၊ မျက်
ရည်စီးဖြာ၊ မသက်သာဘဲ၊ ခန်းဝါကျောင်းတွင်း၊ ရွှေ့ပြောင်း
ခြင်းဖြင့်၊ ညီရင်း အစ်ကို၊ စိမ်းကားဆိုသည်၊ ခွန်းပုံမပေါ်၊ မိန့်အာ
ဏာကို၊ ခါခါဝေဘန်၊ စူဠပန်သည်၊ ကေန် ငါ့ကို၊ သွားစေလို
၍၊ မိန့်ဆိုသည်ကား၊ လွန်ထင်ရှား၏၊ ဘုရား ကယ်ပါ၊ တရား
ကယ်ပါ၊ သံဃာကယ်ပါ၊ ငိုမြည်ရှာလျက်၊ သံဃာ့နယ်တွင်း၊
ငါ့မသွင်းတော့ဘဲ၊ စာရင်းဖျက်ကာ၊ ပယ်လိုက်တာကို၊ သေချာ
ပြတ်သား၊ နောက်ထပ် ကြားအောင်၊ စောင့်စား၍သာ၊ နေ
သော အခါ၌၊ ဆရာဇီဝက၊ သံဃာရဟန်းတို့၊ မြွက်ဟ တောင်းပန်၊
မဟာပန်သည်၊ ချွင်းချန်စူဠ၊ မပါရဘဲ၊ ဗုဒ္ဓရှေ့သွား၊ သံဃာ
များကို၊ ထင်ရှားယူလေ၊ ရနိုင်ပေသည်၊ မထေရ် မိန့်ကြား၊ ဤ
စကားကို၊ စောင့်စား စူဠ၊ ကြားရလေသော်၊ မုချ တကယ်၊
သံဃာ့နယ်မှ၊ ထုတ်ပယ်လိုက်ပြီ၊ ကျမျက်ရည်ဖြင့်၊ ယုံကြည်
လေးစား၊ ရှိသောအားကြောင့်၊ ငါသွားမှာဘဲ၊ ငါသွားမှာဘဲ၊
သံဃာထဲ၌၊ ငါလဲမပါ၊ ရက်စရာဟု၊ လွန်စွာအားငယ်၊ ကျောင်း
ခန်းလယ်မှ၊ ပုန်းကွယ်ဆင်းကာ၊ အိမ်ပြန်ရှာသော်၊ မြတ်စွာဘုရား၊
ဉာဏ်ကွန်ကြား၍၊ တည်နား စူဠပန်၊ မိနေပြန်သောကြောင့်၊
သယမ္ဘူမြတ်စွာ၊ ကရုဏာဖြင့်၊ စူဠပန္ထက၊ စူဠပန္ထက၊ အိုချစ်
သားလှဟု၊ မိန့်ဟသံတော်၊ ဆီး၍ ခေါ်သော်၊ ဇီနေ်သခင်၊
ကျေးဇူးရှင်သည်၊ ကြည်လင်ပြတ်သား၊ ငါ့အားထားတို့၊ ဆည်း
တားကေန်၊ ခေါ်ခြင်းမှန်လိမ့်၊ သယမ္ဘူဘဂဝါ၊ ကယ်ယူပါဟု၊
စူဠပန္ထက၊ ဆိုမြည်တလျက်၊ ဗုဒ္ဓထံပါး၊ အရောက်သွားသော်၊

ဘုရားဘဂဝါ၊ သနားညှာပြီး၊ စုဋ္ဌာပန္ထကာ၊ ဖြူစင်လှတဲ့၊ ပိတ်စကိုသာ၊ ခြေပွတ်ပါဟု၊ မြတ်စွာဘုရား၊ ပေးသနားသဖြင့်၊ ကြိုးစား စုဋ္ဌပန်၊ ခြေပွတ်ပြန်သော်၊ သိဉာဏ် တမျိုး၊ ပညာတိုးပြီး၊ ပျက်ညှိုးနွမ်းနယ်၊ မစင်ကြွယ်တဲ့၊ သွယ်သွယ် တည်နား၊ သဘောများကား၊ ထင်ရှား ကိုယ်တွင်း၊ ရှိနေခြင်းကြောင့်၊ သက်ဆင်းသိမ်းပေ၊ ဖြစ်ရချေသည်၊ ခွဲဝေ စိတ်ဖြာ၊ ငါးခန္ဓာကို၊ လျှင်စွာ ဖြန့်ခင်း၊ ဉာဏ်စုံ သွင်းလျက်၊ အလင်းရောင်ခြာတ်၊ ဝိဇ္ဇာမြတ်ကို၊ ထပ်ထပ် ဖွေရှာ၊ ကြည့်သော အခါ၌၊ ခိဏာသဝ၊ သမဏဟု၊ လေးဝသမ္ဘိဒါ၊ ဂုဏ်ထူးပါလျက်၊ ကောင်းစွာ မသွေ၊ ဖြစ်ရပေသည်၊ မခထေရ်စုဋ္ဌပန်၊ ထိုးပုံစံကို၊ ဝေဘန်ထောက်ထား၊ အိုယောဂီများတို့၊ ဆောင်ပွား အာဂုံ၊ နည်းမျိုးစုံဟု၊ အာရုံတပါး၊ စိတ်မသွားစေဘဲ၊ ကြိုးစား၍သာ၊ ရွတ်ပွားလိုက်ကြပါကုန်တို့ အံ့လတည်း။

အရှင်အာနန္ဒာ အမွှန်း

တဆူ ကျော်ကြား၊ မြတ်ဘုရား၏၊ တပါး သာသနာ၊ တယောက်ပါသည့်၊ ရှင်အာနန္ဒာ၊ ထေရ်မဟာသည်၊ သုံးဖြာပိဋကတ်၊ အာဂုံတတ်၍၊ ငါးရပ်တေဒင်၊ ဂုဏ်ထူးတက်ပြီး၊ ရှစ်ချက်ဆုမြတ်၊ ဆောင်ယူအပ်လျက်၊ သို့မှတ်ခုနစ်တန်၊ ပြည့်စုံပြန်၍၊ ဘုန်းကံကြီးမား၊ လူသူ များသဖြင့်၊ လေးပါး ပစ္စည်း၊ အသီးသီးတို့၊ သိမ်းဆည်းမကုန်၊ လှူမကုန်အောင်၊ ပြည့်စုံ ပေါမောက်၊ ကျောင်းတိုက်ရောက်အောင်၊ ချီးမြှောက် ပေးကမ်း၊ ဆင့်ဆင့်လှမ်းလျက်၊ ရဟန်းရှင်လူ၊ ခပ်သိမ်းသူတို့၊ ရယူကြပါ၊ များသည့်တာကြောင့်၊ မြတ်စွာဘုရား၊ တပည့်များတွင်၊ တပါးအာနန္ဒာ၊ ဂုဏ်ကြီးပါ၍၊ လွန်စွာထင်ရှား၊ အရှင်ဘုရားသည်၊ တရားရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေး ဟောပြ၊ ဆိုဆုံးမတိုင်း၊ ဒေဝမနုဿာ၊ ပေါင်းများစွာတို့ကို၊ သဒ္ဓါတိုးတက်၊ လွန်နှစ်သက်ပြီး၊ ဖိုလ်,မဂ်အရသာ၊ ကျင့်ပွားရှာသည့်၊ များစွာ လူနတ်၊ ပရိသတ်တို့၊ ထပ်ထပ်တိုးပွား၊ လွန်စည်ကား၍၊ ဘုရားသာသနာ၊ ပြုစုရာ၌၊ ရှင်အာနန္ဒာ၊ ထေရ်မဟာသည်၊ လွန်စွာ ကျော်ကြား၊ နတ်,လူများတို့၊ ကိုးစား ယုံကြည်၊ မြေမဟီနှင့်၊ နတ်ပြည်မဆန့်၊ ဗြဟ္မာနှံ့အောင်၊ သင်းပျံ့ကြိုင်မွှေး၊ သတင်းပြေးလျက်၊ ဖြူဖွေးအောင်လုံ၊ သောတာပန်ဟု၊ မဂ်ဉာဏ် ရှိထား၊ အသိများ၏၊ ဘုရားမြတ်စွာ၊ သမ္ဗုဒ္ဓါသည်၊ ခေမာပြည်မြတ်၊ ဝင်စံလတ်သော်၊ ရှင်ကဿပါ၊ ထေရ်မဟာသည်၊ သင်္ဂါယနာ၊ တင်လိုပါ၍၊ သံဃာစုထိန်း၊ ခုနစ်သိန်းအား၊ ပျက်ကိန်းစကား၊ မကျယ်ပွား

ခင်၊ တရားမှန်ဟုတ်၊ အားမယုတ်ခင်၊ ရွေးထုတ်ငါးရာ၊ ရဟန္တာတို့၊ မြတ်စွာဘုရား၊ ဟောညွှန်ထားသည့်၊ သုံးပါး ပိဋကတ်၊ ရှစ်သောင်းမြတ်နှင့်၊ စွန်းအပ် လေးထောင်၊ အာဂုဏ်ဆောင်၍၊ ထွန်းပြောင်းသာသနာ၊ ဓွန့်ရှည်ကြာအောင်၊ သင်္ဂါယနာ၊ တင်မည်သာဟု၊ သံဃာအများ၊ မြင်သိသွားအောင်၊ ရွတ်ပွားကမ္မဝါ၊ မိန့်ကြားပါသော၊ လေးရာမှတိုး၊ ကိုးဆဲ့ကိုးကို၊ အုပ်စိုးသံဃာ၊ ကဿပါက၊ လိုရာ ရွေးကောက်၊ စာရင်းပေါက်အောင်၊ ချီးမြှောက် ကျေညာ၊ ရှိသောအခါ၌၊ ရှင်အာနန္ဒာ၊ မည်မပါ၍ သံဃာတော်များ၊ အလိုအားဖြင့်၊ တပါးသံဃာ၊ အာနန္ဒာကို၊ လျှောက်ကာသွင်းမှ၊ ငါးရာ ရသော်လဲ၊ လေးဝ အင်္ဂါ၊ မစုံပါ၍ မဟာထေရ်မြတ်၊ ငြင်းပယ်လတ်သော် —

ကတပုညောသိ အာနန္ဒ၊ မာ ပမာဒမနုယုဉ္ဇ။
ပဟာယ ရဇံ န စိရံ၊ ခိပ္ပံ ဟေဿတိ နာသဝေါ။

တပ်အပ်ဟောသည့်၊ သဘောဗျာဒိတ်၊ မိန့်ခွန်းဟိတ်ကြောင့်၊ ထည့်သိပ်သွင်းပါ၊ အာနန္ဒာဟု၊ သံဃာလိုလား၊ လျှောက်ထားမှ၊ ထင်ရှားငါးရာ၊ စာရင်းပါ၍ အရှင်အာနန်၊ သောတာပန်သည်၊ တက်ရန် မဂ်ဖိုလ်၊ ခြောက်ဆင့် ခိုဘို့၊ ထိုထို ကမ္မဋ္ဌာန်း အခန်းခန်း၌၊ စူးစမ်းဆင်ခြင်၊ သဘောမြင်၍၊ ဆောလျင်မကြာ၊ ပွားများပါက၊ ဝိဇ္ဇာစရဏ၊ အစုံရသည့်၊ ကာယဂတာ၊ ဒွတ္တိံသာကို၊ လေ့လာကြိုးကုတ်၊ ငါအားထုတ်သော်၊ မဟုတ်ခဏ၊ ချိန်ကာလဖြင့်၊ ခြောက်ဝ မဂ်ဖိုလ်၊ ဝင်ရောက် ခို၍၊ ဖျက်ဖြို ကိလေ၊ မိုက်ကုန်ကြွေသျှက်၊ စိန္တေယျာထား၊ ဗျာဒိတ်များလဲ၊

ထင်ရှား ဖြောင့်မှန်၊ အားကိုးရန်ဟု၊ တဖန် ပေါက်ပွား၊ ရှင်လူများလည်း၊ ထင်ရှားသိစေ၊ မြင်နိုင်ပေ၍၊ မထေရ် အာနန်၊ သော်တာပန်သည်၊ ပွားရန်နည်းမြွတ်၊ အစုံမှတ်လျက်၊ ထပ်ထပ် ကြိုးစား၊ ညလုံးပွားသော်၊ လေးပါးယာပထ၊ လွတ်ဆဲခဏ၌၊ သဗ္ဗကိလေ၊ မိုက်မှားတွေသည်၊ ပြုတ်ကြွေ လုံးစုံ၊ ချုပ်ငြိမ်းကုန်၍၊ သုံးပုံလောက၊ သုံးဌာန၌၊ ခီဏဝိဇ္ဇာ၊ ရဟန္တာဟု၊ ကျေညာထင်ရှား လွန်ကျော်ကြား၏၊ တပါး သံဃာ၊ အာနန္ဒာသို့၊ ပမာနည်းတူ၊ ပုံစံယူလျက်၊ လောင်ပူ ကိလေ၊ အမိုက် ကြွေအောင်၊ စိတ်နေတတ်ငြား၊ ယောဂီများတို့သည်၊ ဆောင်ပွားဘို့ရန်၊ နည်းတန်တန်တွင်၊ ဝေဘန်ဆင့်ဆင့်၊ အသိရင့်အောင်၊ အခွင့် အားလျော်စွာ၊ ကာယဂတာကို၊ စိတ်ပါဝင်စား၊ ဉာဏ်ရွှေသွားလျက်၊ ရွတ်ပွားလိုက်ကြပါကုန်စို့ အံ့သတည်း။

တိုက်တွန်းချက်။ ။ဤပြဆိုပြီးသော မဂ္ဂသစ္စာ ပွားနည်းကို မပြတ် ဆည်းပူး လိုက်နာခြင်းဖြင့် သာသနာ ကြီးမြင့်မှုကို ချီးမြှင့် ထောက်ပံ့ နိုင်ကြပါစေသတည်း။

—

ကောဋ္ဌာသအမှန်း (ဓမ္မပဒပါဠိတော်)

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာ ဓိပန္နဿ၊ နတ္ထိ ဉာတီ သုတာဏတာ။
ဧတမတ္ထ ဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

အန္တကေန၊ ရုပ်နာမ် နှစ်ချက် ခန္ဓာ အသက်ကို ဖြိုဖျက်သတ်ညှင်း ရှင်သေမင်းကြီးသည်။ အဓိပန္နဿ ကိုးဆယ့်ခြောက်ဖုံ လက်နက်စုံတို့ဖြင့် အကုန် ပစ်ခွင်း ဖိကာနှင်း၍ အတင်း တိုက်ခတ် နှိပ်စက်အပ်သော သူအား။ တာဏာယ၊ သေမင်း လက်နက် ရန်စစ်မက်ကို တိုက်ဖျက် စီးနင်း ပုန်းအောင်း ခြင်းငှာ။ ပုတ္တာ၊ အတွင်းသားဟု တအား ပြုဘို့ အမှု ကြိုးဆီး သားသမီးတို့သည်။ န သန္တိ၊ ကယ်နိုင်ဘို့ သတ္တိ ရှာဖွေကာ ကြည့်တော့ မရှိ မတွေ့နိုင်ပါကုန်။ သုတာဏတာ၊ သေမင်း ဘေးကို မလေးမကြောက် သေရေးရောက်က အေးပျောက် အောင့်သတ် စောင့်ရှောက်အပ်သော။ ပိတာ ပိ၊ မိဘနှစ်အင် ကျေးဇူးရှင်ဟု ပေါ်လွင်သော သူများသည်လည်း။ နတ္ထိ၊ သေမင်းကို ဘော်လှန် လွတ်အောင် ကြံသော်လည်း ကေန် မရမရှိ နိုင်ပါပေ။ ဗန္ဓဝါ ပိ၊ မိတ်ဆွေခပင်း ချစ်ခင်ရင်းတဲ့ အသင်းအဖွဲ့များသည်လည်း။ နတ္ထိ၊ သေမည့် ဘေးရန် ကာကွယ်ဘို့ ကြံကြံသော်လည်း အမှန် မရှိမရနိုင်ပေ။ ဉာတီ ပိ၊ မိဘက် ဖဘက် အနွယ်ဆက်၍ တိုးတက် ကြီးမား ဆွေမျိုးများသည်လည်း။ နတ္ထိ၊ သေမည့် ဆဲဆဲ မျက်ရည်ဝဲသော်လဲ နဲနဲမှပင်

ကယ်ယူတင်ဘို့ အားအင် မရှိကြပါပေ။ ဇတံ အတ္တဝသံ၊ ထိုသို့ ဆိုပြီး သားသမီးနှင့် မိတ်ကြီး သားချင်း ဆွေမျိုးရင်းတို့ သေမင်းနှင့်ဆိုင် ကိုးကွယ်ရာ မရရှိနိုင်သော အဖြစ်ကို။ ဉာတွာ၊ အလိမ္မာဉာဏ် သဘောမှန်ဖြင့် ကောန် သိကြတော့သည် ဖြစ်၍။ ပဏ္ဍိတော၊ ဗုဒ္ဓသာသနာ ယုံကြည်ပါတဲ့ ပညာရှိများသည်။ သီလသံဝုတော၊ မင်္ဂလာသီလ မဂ်သီလကို နေ့ညမပျောက် ထိန်းသိမ်း စောင့်ရှောက်လျက်။ နိဗ္ဗာနဂမနံ၊ တဏှာကုန်ခန်း နိဗ္ဗာန် နန်းသို့ တက်လှမ်း ဝင်ရောက်တတ်သော။ မဂ္ဂံ၊ သမာဓိ ပညာ ပြည့်ကြွယ်လာမည့် အဖြာဖြာသော လုပ်ငန်း မဂ္ဂင်လမ်း တွေကို။ ခိပ္ပမေဝ၊ မကြာစေရ ယခုဘဝ ယခုခဏ၌ သာလျှင်။ ဝိသောဓယေ၊ ပွားနည်း လုပ်ငန်း အခန်းခန်းတို့ဖြင့် ကြိုးပန်း သုဘ်သင်ကြရာလေတော့သတည်း။ ဝါ၊ ပွားနည်း အတန်တန် လုပ်ငန်း မှန်တို့ဖြင့် သန်သန်ကြီး သာ သုဘ်သင်ကြပါစို့အံ့ သတည်း။

မဟာသတိပဋ္ဌာန် ဒွတ္တိံသကာယ ပွားနည်းများ (မြန်မာဘာသာ)

(၁) သဗ္ဗတ္ထအနုလောမ ဆကောဋ္ဌာသ ဉာတပရိညာ ပွားနည်း ၆ - ချက်

ဤရူပကာယ ခန္ဓာကိုယ်၌ -

၁ • ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေထူ အရေပါး။

၂ - အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။
၃ - နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။
၄ - အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
၅ - သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
၆ - မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

---

(၂) ကေနွရိက ဉာတပရိညာ အနုလောမ ပွားနည်း ၁၇ - ချက်

ဤရူပကာယ ခန္ဓာကိုယ်၌—

၁ - ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေထူ အရေပါး။
၂ - အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၃ - အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။
၄ - အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

ဤရူပကာယ ခန္ဓာကိုယ်၌—

၅ - နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။
၆ - အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။

ဤရူပကာယ ခန္ဓာကိုယ်၌—

၇ - အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
၈ - ဦးနှောက်၊ အစာဟောင်း အစာသစ်၊ အူသိမ်၊ အူမ။

ဤရူပကာယ ခန္ဓာကိုယ်၌—

၉ - သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီအခဲ။
၁၀ - အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။

ဤရူပကာယ ခန္ဓာကိုယ်၌—

၁၁ - မျက်ချည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အခဲစေး၊ ကျင်ငယ်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၁၂ - ကျင်ငယ်၊ အစေး၊ နှပ်၊ တံထွေး၊ ဆီကြည်၊ မျက်ရည်။
၁၃ - အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
၁၄ - ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
၁၅ - အဆုတ်၊ အဖျဉ်း၊ အမွေး၊ အသည်း၊ နှလုံး။
၁၆ - အညှို၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၁၇ - အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

(၃) ဒွန္တရိက ဉာတပရိညာ အနုလောမ ပွားနည်း ၁၆ · ချက်

ဤရူပကာယ ခန္ဓာကိုယ်၌—

၁ · ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေထူ အရေပါး။

၂ · အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို။

၃ · အညှို၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

၄ · အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း။ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၅ · နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။

၆ · အူမ၊ အူအိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

၇ · ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူအိမ်၊ အူမ။

၈ · အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။

ဤရူပကာယ ခန္ဓာကိုယ်၌—

၉ · သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။

၁၀ · မျက်ရည်၊ ဆီကြည်၊ တံတွေး၊ ဆီကြည်၊ နှပ်၊ အစေး၊ ကျင်ငယ်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၁၁ · ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။

၁၂ - အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
၁၃ - ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
၁၄ - အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။
၁၅ - အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၁၆ - အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

---

(၄) အင်္ဂုသ ဉာတပရိညာ အနုလောမ ပွားနည်း ၂၇ - ချက်

ဤရှုပကာယ ခန္ဓာကိုယ်၌-

၁ - ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေထူ အရေပါး။
၂ - အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရှုပကာယ ခန္ဓာကိုယ်၌-

၃ - အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။
၄ - အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၅ - အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၆ - နှလုံး၊ အသည်း၊ အမွှေး၊ အဖျဉ်း၊ အဆုတ်။
၇ - အဆုတ်၊ အဖျဉ်း၊ အမွှေး၊ အသည်း၊ နှလုံး။
၈ - အညှို၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၉ - အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွှေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၁၀ - အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
၁၁ - ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
၁၂ - အဆုတ်၊ အဖျဉ်း၊ အမွှေး၊ အသည်း၊ နှလုံး။
၁၃ - အညှို၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၁၄ - အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွှေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၁၅ - သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
၁၆ - အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
၁၇ - ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
၁၈ - အဆုတ်၊ အဖျဉ်း၊ အမွှေး၊ အသည်း၊ နှလုံး။
၁၉ - အညှို ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

၂၀ • အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၂၁ • မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၂၂ • ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။
၂၃ • အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
၂၄ • ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
၂၅ • အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။
၂၆ • အညှို၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၂၇ • အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

—

(၅) နာဂဗာသိဝ ဉာတပရိညာ အနုလောမ ပွားနည်း ၄၂ - ချက်

ဤရူပကာယ ခန္ဓာကိုယ်၌—

၁ • ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေထူ အရေပါး။

၂ • အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၃ · ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ ထူ အရေပါး။

၄ · အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို။

၅ · အညှို၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

၆ · အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၇ · ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ ထူ အရေပါး။

၈ · အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို။

၉ · နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။

၁၀ · အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။

၁၁ · အညှို၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

၁၂ · အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌—

၁၃ · ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ ထူ အရေပါး။

၁၄ · အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို။

၁၅ • နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။
၁၆ • အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
၁၇ • ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
၁၈ • အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။
၁၉ • အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၂၀ • အရေထူအရေပါး၊ သွား၊ ခြေသည်းလက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌—
၂၁ • ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေပါး။
၂၂ • အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။
၂၃ • နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။
၂၄ • အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
၂၅ • သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
၂၆ • အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
၂၇ • ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
၂၈ • အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။
၂၉ • အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊အကြော၊ အသား။
၃၀ - အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

No 10

ဤရူပကာယ ခန္ဓာကိုယ်၌—

၃၁ · ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား။
　　အရေထူ အရေပါး။

၃၂ · အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို။

၃၃ · နှလုံး၊ အသည်း၊ အမွှေး၊ အဖျဉ်း၊ အဆုတ်။

၃၄ · အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

၃၅ · သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။

၃၆ · မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

ဤရူပကာယ ခန္ဓာကိုယ်၌ —

၃၇ · ကျင်ငယ်၊ အစေး၊ နှပ်၊ တံထွေး၊ ဆီကြည်၊ မျက်ရည်။

၃၈ · အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။

၃၉ · ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။

၄၀ · အဆုတ်၊ အဖျဉ်း၊ အမွှေး၊ အသည်း၊ နှလုံး။

၄၁ · အညှို၊ ရိုးတွင်းချဉ်ဆီ ၊အရိုး၊ အကြော၊ အသား။

၄၂ · အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊
　　မွေးညှင်း၊ ဆံပင်။

အာကာသဌာသ ဉာတပရိညာ အနုလောမ ပွားနည်း ၁၆ · ချက်။
ကေန္တရိက ဉာတပရိညာ အနုလောမ ပွားနည်း ၁၇ · ချက်။
ဒွန္တရိက ဉာတပရိညာ အနုလောမ ပွားနည်း ၁၆ · ချက်။

အင်္ဂုသ ဉာတပရိညာ အနုလောမ ပွားနည်း ၂၇-ချက်။
နာဂဗာသိံဝ ဉာတပရိညာ အနုလောမ ပွားနည်း ၄၂-ချက်။

မဟာသတိပဋ္ဌာန် ဒွတ္တိံသကာယ ပွားနည်းများ (ပါဠိဘာသာ)

(၁) ဆကောဋ္ဌာသ ဉာတပရိညာ အနုလောမ ပွားနည်း ၆-ချက်

အတ္ထိ ဣမသ္မိံ ကာယေ —

၁-ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။

၂-မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ။

၃-ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ။

၄-အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ။

၅-ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ သေဒေါ၊ မေဒေါ။

၆-အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တန္တိ။

(၂) ကေန္ဒရိက ဉာတပရိညာ အနုလောမ ပွားနည်း ၁၇ ‐ ချက်

အတ္ထိ ဣမသ္မိံ ကာယေ —

၁ ‐ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။

၂ ‐ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

အတ္ထိ ဣမသ္မိံ ကာယေ‐

၃ ‐ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမဉ္ဇံ၊ ဝက္ကံ။

၄ ‐ ဝက္ကံ၊ အဋ္ဌိမဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။

အတ္ထိ ဣမသ္မိံ ကာယေ —

၅ ‐ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိလိဟကံ၊ ပပ္ဖာသံ။

၆ ပပ္ဖာသံ၊ ပိလိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။

အတ္ထိ ဣမသ္မိံ ကာယေ —

၇ ‐ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ။

၈ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ။

အတ္ထိ ဣမသ္မိံ ကာယေ —

၉ ‐ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ။

၁၀ ‐ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ။

အတ္ထိ ဣမသ္မိံ ကာယေ —

၁၁ · အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တန္တိ။

အတ္ထိ ဣမသ္မိံ ကာယေ —

၁၂ · မုတ္တံ၊ လသိကာ၊ သိင်္ဃာဏိကာ၊ ခေဠော၊ ဝသာ၊ အဿု။

၁၃ - မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ။

၁၄ - မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ။

၁၅ · ပပ္ဖာသံ၊ ပိလိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။

၁၆ - ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။

၁၇ - တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

—

(၃) ဒွန္တရိက ဉာတပရိညာ အနုလောမ ပွားနည်း ၁၆ - ချက်

အတ္ထိ ဣမသ္မိံ ကာယေ —

မံသကာယော၊ အသားခေါ်ပြု ကိုယ်အစု။ နှာရုကာယော၊ အကြော ခေါ်ပြု ကိုယ်အစု၌။ အဋ္ဌိကာယော၊ အရိုးခေါ်ပြု

ကိုယ်အစု၌။ အဋ္ဌိမိဉ္ဇာကာယေ၊ ရိုးတွင်းချဉ်ဆီခေါ်ပြု ကိုယ်အစု၌။ ဝက္ကကာယေ၊ အညှိုခေါ်ပြု ကိုယ်အစု၌။

ဟဒယကာယေ၊ နှလုံးသားဟုခေါ်ဝေါ်ပြုတဲ့ အစုဖြစ်သော ကိုယ်ကာယ၌။ ယကနကာယေ၊ အသည်းခေါ်ပြု ကိုယ်အစု၌။ ပိလိဟကကာယေ၊ အဖျဉ်းခေါ်ပြု ကိုယ်အစု၌။ ပပ္ဖာသကာယေ၊ အဆုတ်ခေါ်ပြု ကိုယ်အစု၌။

အန္တကာယေ၊ အူမခေါ်ပြု ကိုယ်အစု၌။ အန္တဂုဏကာယေ၊ အူသိမ်ခေါ်ပြု ကိုယ်အစု၌။ ဥဒရိယကာယေ၊ အစာသစ်ခေါ်ပြု ကိုယ်အစု၌။ ကရီသကာယေ၊ အစာဟောင်းခေါ်ပြု ကိုယ်အစု၌။ မတ္ထလုင်္ဂကာယေ၊ ဦးနှောက်ခေါ်ပြု ကိုယ်အစု၌။ တထာ၊ ထို ကေသကာယေနှင့် အတူ သာလျှင်တည်း။

ပိတ္တကာယေ၊ သည်းခြေခေါ်ပြု ကိုယ်အစု၌။ ကက္ခဠကရိယာ၊ မြေဓာတ်ပမာ ကြမ်းတမ်းခက်မာမှု သဘောစုသည်။ ပထဝီနာမ၊ ကိုင်တွယ်သုံးသပ် တွေ့ထိအပ်တဲ့ မြေဓာတ်မည်၏။ အာဗန္ဓနကရိယာ၊ ဖွဲ့စေးကပ်တွယ်မှု သဘောအစုသည်။ အာပေါနာမ၊ အရေကလာပ် ပေါင်းစုအပ်တဲ့ ရေဓာတ်စစ် မည်၏။ ဥဏှတ္တကရိယာ၊ နွေးမှု ပူမှု အရှိန် အခိုးအစု သဘောသည်။ တေဇောနာမ၊ အရှိန်ကလာပ် ပေါင်းစုအပ်တဲ့ မီးဓာတ်စစ် မည်၏၊ ဝိတ္ထမ္ဘနကရိယာ၊ ထောက်ကန်လှုပ်ရှားမှု သဘောစုသည်။ ဝါယောနာမ၊ အဟုန် ကလာပ် ပေါင်းစုအပ်တဲ့ လေဓာတ်စစ် မည်၏၊ ဝဏ္ဏော၊ အဆင်း ဓာတ်သည်ရင်း။ ဂန္ဓော၊ အနံ့ ဓာတ်သည်ရင်း။ ရသော၊ အရသာ ဓာတ်သည်ရင်း။ ဩဇာ၊ ပြန့်နှံ့ရှိတည် ဩဇာအဆီဓာတ်သည်

ရှင်း။ ဤမေ၊ ဤလေးပါးသော ခေါ်တ်ငယ်တို့သည်။ တဒုပါဒါ၊ မြေ,ရေ, မီး, လေ ဓာတ်ကြီးတွေကို မှီနေထင်ရှား ထိုဓာတ်ငယ် ဓာတ်သေးတို့ သာတည်း။

သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ဧတေဓမ္မာ၊ ဓာတ်ကြီး လေး သွယ် မှီနေတွယ်သည့် ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည်—

၁ - သန္တိ၊ အဖန်ဖန်ပင် အကြောင်းယှဉ်၍ ပြုပြင် အပ်သော တရားတို့ သာတည်း။

၂ - ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းကိုစွဲ တပေါင်းထဲ သာ မခွဲ သာအောင် ဖြစ်ပေါ် လာသော တရား တို့ သာတည်း။

၃ - နိဿတ္တာ၊ ပုဂ္ဂိုလ်သမုတ် သတ္တဝါ သမုတ်သော်လဲ မဟုတ်နိုင် မရှိနိုင်ကုန်။

၄ - နိဇ္ဇီဝါ၊ စက္ကန့်, မိနစ် နာရီ ခေတ်မျှ စိစစ်ပြနိုင် တဲ့ ဇီဝအသက် မပေါ် ထွက်သဖြင့် အသက်ဝိညာဉ် အရှင် မဟုတ်ကုန်။

၅ - တုစ္ဆာ၊ ထင်မှားမှု အသီးသီး မစပ် မနီးသဖြင့် အချည်းနှီးသော တန်ဘိုး မရှိသော သဘာဝမျိုးတို့ သာတည်း။

၆ သုညာ၊ မြဲတဲ့ဂုဏ် ချမ်းသာတဲ့ဂုဏ် အစိုးရတဲ့ ဂုဏ် တင့်တယ်တဲ့ဂုဏ် အလုံးစုံတို့မှ အကုန်ဆိတ်သုဉ်းခြင်း ရှိကုန်၏။

၇ ・ ခယဓမ္မာ၊ ဘာဝတခုမျှ ရှာမရအောင် ခဏခဏ ကုန်ဆုံးသော သဘောအလေ့ ရှိကုန်၏။

၈ ・ ဝယဓမ္မာ၊ ခဏခြင်းမျှ ပေါ်ပေါက်ကြပြီး ကွယ်ပ ပျောက်ဆုံးခြင်း အလေ့ ရှိကုန်၏။

၉ ・ ဝိရာဂဓမ္မာ၊ ခဏတွင်းဝယ် ဖြစ်ပေါ်လွယ်၍ ပျောက် ပြယ်ခြင်း အလေ့ ရှိကုန်၏။

၁၀ ・ နိရောဓ ဓမ္မာ၊ ခဏ ခဏကိန်း ခဏ ခဏသိမ်း၍ ချုပ် ငြိမ်းခြင်း သဘော အလေ့ ရှိကုန်၏။

(က) ခယဋ္ဌေန၊ ဖြစ်ပေါ်သမျှ မဘည်ရဘဲ ခဏခဏ ကုန်ဆုံးခြင်း အနက် သဘောကြောင့်။ အနိစ္စာ၊ ဟောင်းသစ်ပြောင်းလဲ မရပ် စဲဘဲ အမြဲ မရှိသော အနိစ္စမျိုးတို့ သာ လျှင်တည်း။

(ခ) ဘယဋ္ဌေန၊ ကြောက်လန့်ဖွယ်မှု ဘေးအစုဟု မုတ်ရှု အပ်သော အနက် သဘောကြောင့်။ ဒုက္ခာ၊ ကြိတ်ချေ ဆောင်ဆွဲ တသဲသဲ ကြောင့် ဆင်းရဲမျိုးတို့ သာလျှင်တည်း။

(ဂ) အသာရကဋ္ဌေန၊ စက္ကန့်မိနစ် နာရီခေတ်မျှ အနှစ်သာရ ရှာမရသော အနက် သဘောကြောင့်။ အနတ္တာ၊ အတ္တ ခေါ်ရိုး မရှိမျိုး

ကြောင့် အစိုးမရသော သဘောတို့
သာလျှင်တည်း။

တထာ ထိုပထဝီကာယ အတူ သာလျှင်တည်း။

သလေမှကာယေ၊ သလိပ်ဟူသော ကိုယ်အစဉ်။ ပုဗ္ဗကာယေ၊ ပြည်ဟူသော ကိုယ်အစဉ်။ လောဟိတကာယေ၊ သွေးဟူသော ကိုယ်အစဉ်။ သေဒကာယေ၊ ချွေးဟူသော ကိုယ်အစဉ်။ မေဒကာယေ၊ အပြင်အဆီအခဲဟူသော ကိုယ်အစဉ်။

အဿုကာယေ၊ မျက်ရည်ဟူသော ကိုယ်အစဉ်။ ဝသာကာယေ၊ ဆီကြည်ဟူသော ကိုယ်အစဉ်။ ခေဠကာယေ၊ လျှာရည်တံတွေးဟူသော ကိုယ်အစဉ်။ သိင်္ဃာဏိကကာယေ၊ နှာရည်နှပ်စေး ဟူသော ကိုယ်အစဉ်။ လသိကကာယေ၊ အစေးဟူသော ကိုယ်အစဉ်။ မုတ္တကာယေ၊ ကျင်ငယ် ဟူသော ကိုယ်အစဉ်။

တိုက်တွန်းချက်။ ။သည်းခြေကဲ့သို့ အာပေါဓာတ် ၁၂-ပါး ကုန်အောင် သဘော ၁၀-ချက်၊ လက္ခဏာ ၃-နက် တင်၍ အလူးမြင်အောင် ဆင်ခြင်ရှုတ်ပွား ကြိုးစားကြည့်ရှုလေ။

တေဇောကာယ

သန္တာပကာယေ၊ ပူ၊ အေး နှစ်ခု အနိုင်လု၍ အေးမှု၊ ပူမှု အမျိုးမျိုးပြုနေသော ကိုယ်အစဉ်။ ဒါဟကာယေ၊ အပူကြီးမှု ဖန်တည်းပြုတဲ့ ကိုယ်အစဉ်။ ပါစကကာယေ၊ အစာကြေမှု ဖန်တည်း

ပြုတဲ့ ကိုယ်အစုဥ္။ ဇိရဏာကာယော၊ ရင့်ဆွေးစေမှု ဖန်တီးပြုတဲ့ ကိုယ်အစုဥ္။ တထာ၊ ထိုပထဝီကာယ အတူ သာလျှင်တည်း။

—

ဝါယောကာယ

ဥဒ္ဒင်္ဂမဝါတကာယော၊ အထက်သို့ ဆန်တက်မှု လေဓာတ်အစုဥ္။ အဓောဂမဝါတကာယော၊ အောက်သို့စုန်မှု ရှက်ဆောင်ပြုတဲ့ လေဓာတ်အစုဥ္။ ကုစ္ဆိသယဝါတကာယော၊ ဝမ်းတွင်းခွဲမှု ဆောင်ရွက်ပြုတဲ့ လေဓာတ်အစုဥ္။ ကောဋ္ဌာသယဝါတကာယော၊ အူတွင်းပွေမှု လေဓာတ်အစုဥ္။ အင်္ဂမင်္ဂါနုသာရိနော ဝါတကာယော၊ အင်္ဂါကြီးငယ် အသွယ်သွယ်ကို လှုပ်ရှားလွယ်အောင် ချယ်လှယ်ပေးမှု လေဓာတ်အစုဥ္။ အဿာသ ပဿာသ ဝါတကာယော၊ ထွက်လေဝင်လေ အဆင်ပြေအောင် ခွဲဝေပေးမှု လေဓာတ်အစုဥ္။ တထာ၊ ထိုအာပေါကာယ အတူသာလျှင်တည်း။

တိုက်တွန်းချက်။ ။ပထဝီကာယ ၂၀, အာပေါကာယ ၁၂ - ပါးကဲ့သို့ နည်းမှီ၍ တေဇောကာယ ၄ - ပါး, ဝါယောကာယ ၆ - ပါးတို့ကို ဓာတ်ကြီး ၄ - ပါး, ဓာတ်ငယ် ၄ - ပါး စုပေါင်းတည်ပုံနှင့် သဘာဝ ၁၀ - ချက်, လက္ခဏာနက် ၃ - ပါး တင်ပြီး အထူးမြင်အောင် ဆင်ခြင်ရှုတ်ပွား ကြိုးစားပြီး ခန္ဓာကိုယ်ကို မှန်ကြည့်သလို ကြည့်ရှုကြလေ။

ဝိညာဏကာယ

စက္ခုဝိညာဏကာယေ၊ စက္ခုဝိညာဏ် အမည်ရတဲ့ နာမကာယ၌။ စတ္တာရောခန္ဓာ၊ လေးပါးသော ခန္ဓာတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဝေဒနာ၊ အာရုံ၏ အရသာ ခံစားတတ်ပါတဲ့ ငါးဖြာသော ဝေဒနာသည်။ ဝေဒနက္ခန္ဓော၊ ဝေဒနက္ခန္ဓာမည်၏။ သညာ၊ အာရုံတွေ့ရာ မှတ်တတ်ပါတဲ့ သညာ အစုသည်။ သညက္ခန္ဓော၊ သညက္ခန္ဓာမည်၏။ စေတနာ၊ စေ့ဆော် တိုက်တွန်းတတ်တဲ့ စီရင်မှုများသည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာ မည်၏။ ဝိညာဏံ၊ ကြံမှု သိမှု သဘောအစုသည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာ မည်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဧတေဓမ္မာ၊ ကြံသိရှေ့သွား နာမ်တရားဖြစ်တဲ့ လေးပါးသော ထိုသဘောအစုတို့သည် —

၁ - သင်္ခတာ၊ အဖန်ဖန်ပင် အကြောင်းယှဉ်၍ ပြုပြင်အပ်သော တရားတို့ သာတည်း။

၂ - ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းကိုစွဲ တပေါင်းထဲသာ မခွဲသာအောင် ဖြစ်ပေါ် လာသော တရားတို့ သာတည်း။

၃ - နိဿတ္တာ၊ ပုဂ္ဂိုလ် သတ္တဝါ သမုတ်သော်လဲ မဟုတ်နိုင် မရှိနိုင်ကုန်။

၄ - နိဇ္ဇီဝါ၊ စက္ကန့် မိနစ် နာရီခေတ်မျှ စိစစ်ပြနိုင်တဲ့ ဇီဝအသက် မပေါ်ထွက်သဖြင့် အသက် မရှိကုန်။

၅ ・ တုစ္ဆာ၊ ထင်မှားမှု အသီးသီး မစပ်မနီးသဖြင့် အချည်းနှီး သာ တန်ဘိုး မရှိသော သဘာဝမျိုးတို့ သာတည်း။

၆ ・ သုညာ၊ မြဲတဲ့ဂုဏ် ချမ်းသာတဲ့ဂုဏ် အလုံးစုံတို့မှ အကုန် ဆိတ်သုဉ်းခြင်း ရှိကုန်၏။

၇ ・ ခယခမ္မာ၊ ဘာတခုမျှ ရှာမရအောင် ခဏခဏ ကုန်ဆုံးသော သဘောအလေ့ ရှိကုန်၏။

၈ ・ ဝယခမ္မာ၊ ခဏချင်းမျှ ပေါ်ပေါက်ကြပြီး ကွယ်ပ ပျောက်ဆုံးသော အလေ့ ရှိကုန်၏။

၉ ・ ဝိပရိဏာမ္မာ၊ ခဏတွင်းဝယ် ဖြစ်ပေါ်လွယ်၍ ပျောက်ပြယ်ခြင်း အလေ့ ရှိကုန်၏။

၁၀ ・ နိရောဓမ္မာ၊ ခဏခဏကိန်း ခဏခဏသိမ်း၍ ချုပ်ငြိမ်းခြင်း သဘောအလေ့ ရှိကုန်၏။

က) ခယဋ္ဌေန၊ ဖြစ်ပေါ်သမျှ မတည်ရဘဲ ခဏခဏကုန်ဆုံးခြင်း အနက် သဘောကြောင့်။ အနိစ္စာ၊ ဟောင်းသစ်ပြောင်းလဲ မရပ်စဲဘဲ အမြဲမရှိသော အနိစ္စမျိုးတို့ သာတည်း။

ခ) ဘယဋ္ဌေန၊ ကြောက်လန့်ဘွယ်မှု ဘေးအစုဟု မှတ်ရှုအပ်သော အနက်သဘောကြောင့်။ ဒုက္ခာ၊ ကြိတ်ချေဆောင်ဆွဲ တသဲသဲကြောင့် ဆင်းရဲ မျိုးတို့ သာတည်း။

(ဂ) အသာရကဌေနှ၊ စက္ကန့် မိနစ် နာရီခေတ်မျှ အနှစ်သာရ ရှာမရသော အနက် သဘောကြောင့်။ အနတ္တာ၊ အတ္တခေါ်ရိုး မရှိမျိုးကြောင့် အစိုးမရသော သဘောတို့ သာလျှင်တည်း။

သောတဝိညာဏကာယော၊ သောတဝိညာဏ် အမည်ရတဲ့ နာမကာယဌ်။ ဃာနဝိညာဏကာယော၊ ဃာနဝိညာဏ် အမည်ရတဲ့ နာမကာယဌ်။ ဇိဝှာဝိညာဏကာယော၊ ဇိဝှာဝိညာဏ် အမည်ရတဲ့ နာမကာယဌ်။ ကာယဝိညာဏကာယော၊ ကာယဝိညာဏ် အမည်ရတဲ့ နာမကာယဌ်။ မနောဝိညာဏ ကာယော၊ မနောဝိညာဏ် အမည်ရတဲ့ နာမကာယဌ်။ တထာ၊ ထိုစက္ခု ဝိညာဏ ကာယ အတူ ပင်တည်း။

မှတ်ချက်။ ။စက္ခုဝိညာဏ ကာယကဲ့သို့ သောတဝိညာဏ ကာယ စသည် ပြောင်းလဲထည့်သွင်း၍ သဘာဝ ၁၀ - ချက် လက္ခဏာ ၃ - နက်တို့ဖြင့် ဉာဏ်သက်ဝင်အောင် ဆင်ခြင်ပွားများ အားထုတ်ကြလေ။

မေ၊ ငါ၏။ ဣမသ္မိံကာယော၊ အလျားတလံ အနံတတောင် လူယောင်ဆောင်၍ နေသော ဤခန္ဓာကိုယ်ဌ်။ အဠစတ္တာလီသ ပဘေဒါ၊ လေးဆယ့်ရှစ်ပါး အပြားရှိကုန်သော။ ဓာတုကာယာ၊ ဓာတ်အပေါင်း အစုတို့သည်ရင်း။ ဓမ္မကာယာ၊ ဓမ္မအပေါင်းအစုတို့သည်ရင်း —

၁ ・ သန်တာ၊ အကြောင်းလေးအင် အမြဲယှဉ်၍ ပြုပြင်အပ်သော တရားတို့ သာတည်း။

၂ - ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းကို စွဲ၍ တပေါင်းတည်းသာ ဖြစ်ပေါ်လာသော တရားတို့ သာတည်း။

၃ - နိဿတ္တာ၊ ပုဂ္ဂိုလ် သတ္တဝါ သမုတ်သော်လည်း အဟုတ် မရှိကြလေကုန်။

၄ - နိဇ္ဇီဝါ၊ စက္ကန့် မိနစ် နာရီခေတ်မျှ ရှည်ကြာနေကြတဲ့ အသက်ဇီဝ ရှိကြသော တရားမျိုး မဟုတ်ကုန်။

၅ - တုစ္ဆာ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူ ထင်ဘွယ် အထည် ဒြပ် ဂုဏ်သကာပ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။

၆ - သုညာ၊ နိစ္စ သုခ အတ္တ သုဘ ရှာမရတဲ့ အနှစ်သာရတို့ မှ ဆိတ်သုဉ်းကြလေကုန်၏။

၇ - ခယဓမ္မာ၊ ဘာတခုမျှ ရှာမရအောင် ခဏခဏ ကုန်ဆုံး သော သဘောအလေ့ ရှိကုန်၏။

၈ - ဝယဓမ္မာ၊ ခဏချင်းမျှ ပေါ်ပေါက်ကြပြီး ကွယ်ပ ပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

၉ - ဝိရာဂဓမ္မာ၊ ခဏတွင်းဝယ် ဖြစ်ပေါ်လွယ်၍ ပျောက် ပြယ်ခြင်း သဘောအလေ့ ရှိကုန်၏။

၁၀ - နိရောဓဓမ္မာ၊ ခဏခဏကိန်း ခဏခဏသိမ်း၍ ချုပ်ငြိမ်း ခြင်း သဘောအလေ့ ရှိကုန်၏။

(က) ခယဋ္ဌေန၊ ဖြစ်ပေါ်သမျှ မတည်ရတဲ့ ခဏခဏ ကုန် ဆုံးခြင်း အနက်သဘောကြောင့်။ အနိစ္စာ၊

ဟောင်းသစ်ပြောင်းလဲ မရပ်စဲဘဲ အမြဲမရှိသော အနိစ္စမျိုးတို့ သာလျှင်တည်း။

(ခ) ဘယဋ္ဌေန၊ ကြောက်လန့်ဘွယ်မှု ဘေးအစု ဟု မှတ်ရှုအပ်သော အနက် သဘောကြောင့်။ ဒုက္ခာ၊ ကြိတ်ချေဆောင်ဆွဲ တသဲသဲကြောင့် ဆင်းရဲမျိုးတို့ သာတည်း။

(ဂ) အသာရကဋ္ဌေန၊ စက္ကန့် မိနစ် နာရီခေတ်မျှ အနှစ်သာရ ရှာမရသော အနက် သဘောကြောင့်။ အနတ္တာ၊ အတ္တခေါ်ပြု မရှိမှုကြောင့် အစိုးမရသော သဘောတို့ သာတည်း။

ဤတိမနသိကာတဗ္ဗာ၊ ဤသို့ နှလုံးသွင်းအပ်ကုန်၏။

--

တနည်း - မြန်မာ ပြန်ဆိုပေအံ့

ခေတ်ကြီး လေးသွယ် ခေတ်ငယ် လေးပါး စုတည်နားတဲ့ အံပင်မည်ရ ကောင်ဠာသည် -

၁ - သာခ်တာ၊ နေ့ညဥ်မပြတ် ပြုပြင်အပ်သော သဘော ရှိပါပေ၏။

၂ - ပဋိစ္စသမုပ္ပန္နာ၊ အကြောင်း ကြောင့်သာ ဖြစ်ပေါ်လာသော သဘော ရှိပါပေ၏။

၃ - နိဿတ္တာ၊ သူငါ မှတ်စရာ သတ္တဝါ မဟုတ်ပါပေ။

၄ - နိစ္စဝါ၊ ခိုင်တည်ရှည်ဆက် ရုပ်နာမ်သက် မရှိပါပေ။

၅ - တုစ္ဆာ၊ ထင်တိုင်းမပြီး အချည်းနှီးသော သဘော ရှိပါပေ၏။

၆ - သုညာ၊ ကြံမှား အားလုံး ကင်းဆိတ် သုဉ်းသော သဘော ရှိပါပေ၏။

၇ - ခယဓမ္မာ၊ တခဏ အတွင်း ကုန်ဆုံးခြင်း သဘော ရှိပါပေ၏။

၈ - ဝယဓမ္မာ၊ ခဏခြင်း ပေါ်ပေါက် ခဏခြင်း ကွယ်ပျောက် တတ်ပါပေ၏။

၉ - ဝိရာဂဓမ္မာ၊ ခဏခဏ ဖြစ်လွယ် ခဏခဏပျက်လွယ်ခြင်း သဘော ရှိပါပေ၏။

၁၀ - နိရောဓ ဓမ္မာ၊ ခဏခဏ တည်ကိန်း ခဏခဏ ငြိမ်းခြင်း သဘော ရှိပါပေ၏။

၁၁ - ခယဋ္ဌေန အနိစ္စာ၊ ကုန်ဆုံး ပျောက်ပျက် သဘောနက် ကြောင့် ပေါ်ထွက်တိုင်း အမြဲ မရှိပါပေ။

၁၂ - ဘယဋ္ဌေန ဒုက္ခာ၊ ဖြစ်တည် ချုပ် ပျက် ဘေးအနက် ကြောင့် နှိပ်စက်မှုသဲ လွန်ဆင်းရဲလှပါပေ၏။

၁၃ - အသာရကဋ္ဌေန အနတ္တာ၊၊ အကာသက်သက် အနှစ် မဘက်သော အနက်သဘောကြောင့် အစိုးမရ ပါပေ။

ဆဝိဇ္ဇာဘာဂိယပွားများရန်
တိုက်တွန်းချက်

ရာဇဂြိုဟ် ပြည်မှန်၊ ဝေဠုဝန်၌၊ လောင်းသွန်မမှ၊ မင်္ဂလမ်း ပြလျှသိ၊ ဗုဒ္ဓမြတ်စွာ၊ ထေရ်သံဃာတို့၊ လေးယာပထ၊ ညီညွတ်မျှ၍၊ နေကြသောအခါ၊ ဇောတိကာမည်၊ သူကြွယ်သည်ကား၊ ချစ်ကြည်သမှု၊ ဒီဃာဝုသား၊ အနာ ပွားသဖြင့်၊ ဘုရားရှင် ထံမှောက်၊ ကိုယ်တိုင်ရောက်ပြီး၊ တယောက် ဥပသကာ၊ သာသနာပြု၊ ဒီဃာဝုလို့၊ ခေါ်မှုတင်ရှိ၊ ဘုရားတပည့်သည်၊ ဗျာဓိကပ်ညှင်း၊ ရောဂါပြင်းသောကြောင့်၊ သေမင်းခေါ်ရာ၊ လိုက်လုပါပြီ၊ မြတ်စွာဘုရား၊ ဖူးလိုငြားလျက်၊ တရား လမ်းမှန်၊ အတန်တန်ကို၊ နာခံ လိုလှ၊ အသီသကြောင့်၊ ဗုဒ္ဓ ထံမှောက်၊ ချဉ်းကပ် ရောက်၍၊ လက်မြှောက် ဦးတင်၊ ဘုရားရှင်အား၊ ပင့်လျှောက် ထားသော်၊ ဘုရားမြတ်စွာ၊ စိန္တေယျာသည်၊ မေတ္တာရှေးရှု၊ ကြွတော်မူလျက်၊ အဃူ ဖြောင့်မှန်၊ သောတာပန်တို့၊ လေးတန် အင်္ဂါ၊ ရှိဘို့ရာကို၊ ကောင်းစွာ ညွှန်ပြ၊ ဆိုဆုံးမပြီး၊ ထိုမှ တဖြာ "ဆဝိဇ္ဇာဘာဂိယ" မည်နာမဖြင့်၊ သိညာဏ် ရင့်ဘို့၊ တဆင့် တက်ကာ၊ အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာ၊ ပဟာနသညာ၊ ဝိရာဂသညာ၊ နိရောဓသညာ၊ ဤခြောက်ဖြာကို၊ သခါရ ဟု၊ ရုပ်နာမ်စု၌၊ ကြည့်ရှု ကျယ်ပွား၊ ဉာဏ်ရှေ့သွားလျက်၊ ကြိုးစားဘို့ရာ၊ ဟောညွှန်ပါသော်၊ ဒီဃာဝုမည်ပါ၊ ဥပသကာသည်၊ ခန္ဓာ ဖြန့်ခင်း၊ ဝိဇ္ဇာသွင်းလျက်၊ အလင်းဖွေရှာ ပွားလိုက်ပါသော်၊ အနာဂါမိ၊ မဂ်ဖိုလ် ထိအောင်၊ ရရှိသော

အခါ၊ ကာမ ရာဂ၊ ဗျာပါဒကား၊ ကြွင်းမထားဘဲ၊ ပယ်ရှားပြီး ကာ၊ သေရပါသော်၊ သုဒ္ဓါဝါသ၊ တည်နား ရလျက်၊ မြေ ချမ်း သာ၊ နတ်ပြဟ္မာဟု၊ ကျမ်းလာ စကား၊ သဘောများကို၊ ထောက်ထား ယုံကြည်၊ သိက္ခာ တည်၍၊ ယောဂီ သမုတ်၊ အကျွန်ုပ်တို့သည်၊ လောကုတ္တရာ၊ ဆဝိဇ္ဇာကို၊ ခန္ဓာ ကျယ်ခင်း၊ နယ်စုံ သွင်းလျက်၊ အလင်း ဉာဏ်မြွတ်၊ တည်ရှိ ကပ်ဘို့၊ ပယ် ဖြတ် ရိပျင်း၊ ရွတ်ပွားခြင်းဖြင့်၊ ဘေးကင်း နိဗ္ဗာန်၊ အရောက် မြန်အောင်၊ သန်သန်ကြီးသာ၊ ဉာဏ်ပညာဖြင့်၊ ကောင်းစွာ ကြိုးစားလိုက်ကြပါကုန်အံ့သတည်း။

ဆဝိဇ္ဇာ ဘာဂ်ယပွားနည်း (ပါဠိဘာသာ)

အတ္ထိ ဣမသ္မိံကာယေ ကေသာ....	ပထဝီဓာတု	အနိစ္စသညာ ပဟာနသညာ	ဒုက္ခသညာ ဝိရာဂသညာ	အနတ္တသညာ နိရောဓသညာ
ပိတ္တံ	အာပေါဓာတု	။	။	။
သန္တာပေါ	တေဇောဓာတု	။	။	။
ဒါဟော	။	။	။	။
ပါစကော	။	။	။	။
ဇီရဏာ	။	။	။	။
ဥဒ္ဒင်္ဂမဝါတာ	ဝါယောဓာတု	။	။	။
အဓောဂမဝါတာ	။	။	။	။
ကုစ္ဆိသယဝါတာ	။	။	။	။
ကောဋ္ဌာသယဝါတာ	။	။	။	။
အင်္ဂမင်္ဂါနုသာရိနောဝါတာ....	။	။	။	။
အဿာသပဿာသဝါတာ	။	။	။	။
စက္ခုဝိညာဏံ	ဓမ္မဓာတု	။	။	။
သောတဝိညာဏံ	။	။	။	။
ဃာနဝိညာဏံ	။	။	။	။

		ဓမ္မဓာတု	အနိစ္စသညာ	ဒုက္ခသညာ	အနတ္တသညာ
ဇိဝှာဝိညာဏ်	....	॥	ပဟာနသညာ	ဝိရာဂသညာ	နိရောဓသညာ
ကာယဝိညာဏ်	....	॥	॥	॥	॥
မနောဝိညာဏ်	....	॥	॥	॥	॥
ရူပက္ခန္ဓာ	....	॥	॥	॥	॥
ဝေဒနက္ခန္ဓာ	....	॥	॥	॥	॥
သညက္ခန္ဓာ	....	॥	॥	॥	॥
သင်္ခါရက္ခန္ဓာ	....	॥	॥	॥	॥
ဝိညာဏက္ခန္ဓာ	....	॥	॥	॥	॥

စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှာယတနံ ကာယာယတနံ မနာယတနံ
ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ ဓမ္မာယတနံ

အာယတန ၁၂ - ပါး တစုစီဆို

စက္ခုဓာတု သောတဓာတု ဃာနဓာတု ဇိဝှာဓာတု ကာယဓာတု မနောဓာတု
ရူပဓာတု သဒ္ဒဓာတု ဂန္ဓဓာတု ရသဓာတု ဖောဋ္ဌဗ္ဗဓာတု ဓမ္မဓာတု
စက္ခုဝိညာဏ သောတဝိညာဏ ဃာနဝိညာဏ ဇိဝှာဝိညာဏ ကာယဝိညာဏ မနောဝိညာဏ
ဓာတု ဓာတု ဓာတု ဓာတု ဓာတု ဓာတု

(ဓာတ် ၁၈ - ပါး တစုစီဆို)

No 18

ဆဝိဇ္ဇာဘာဂိယပွားနည်း (မြန်မာပြန်)

ကောသာ၊ ဆံပင် မည်ရ ကောဋ္ဌာသသည်။ ပထဝီ ဓာတု၊ ကြမ်းတမ်းခက်မာ မြေဓာတ် သာတည်း။

၁ - အနိစ္စသညာ၊ မမြဲသည် သာ အခါခါမှတ် သူငါပြတ် အောင် သုံးသပ်ကြရာ၏။

၂ - ဒုက္ခသညာ၊ ဆင်းရဲသည် သာ အခါခါမှတ် သူငါ ပြတ်အောင် သုံးသပ်ကြရာ၏။

၃ - အနတ္တသညာ၊ စိုးမရသည် သာ အခါခါမှတ် သူငါ ပြတ်အောင် သုံးသပ်ကြရာ၏။

၄ - ပဟာနသညာ၊ တွယ်တာ ထောင်လွှား အမြင်မှားကို ပယ်ရှားဘို့ရာ အခါခါမှတ် သူငါပြတ်အောင် သုံးသပ်ကြရာ၏။

၅ - ဝိရာဂသညာ၊ တပ်မက်ရာ ကင်းသည်သာ ဟု အခါခါ မှတ် သူငါ ပြတ်အောင် သုံးသပ်ကြရာ၏။

၆ - နိရောဓသညာ၊ ရုပ်နာမ် အဖြာဖြာ ချုပ်ငြိမ်းရာကို အခါခါမှတ် သူငါပြတ်အောင် သုံးသပ်ကြရာ ၏။　(ပထဝီဓာတ် - ၂၀ အကုန်ဆို)

ပိတ္တံ - သည်းခြေ ဗည်ရ ကောဋ္ဌာသသည်။ အာပေါဓာတု၊ စိမ့်ယိုဆက်စပ် ဖွဲ့စည်းတတ်ပါ ရေဓာတ်သာ တည်း။ (အာပေါဓာတ် ၁၂ - ပါးအကုန်ဆို)။

သန္တပေ့ါ၊ ရက်ချန် ဖျားတတ် ပူအေးစပ်သည့် သန္တပ မီးသည်။ တေဇောဓာတု၊ ခိုးရှိန်သဘော ဆောင်သွင်းဟောသည့် တေဇောဓာတ် သာတည်း။

ဒါဟော၊ ပြင်းစွာပူရ နေခက်လှသည့် ဒဟမီးသည်။ တေဇောဓာတု၊ (ပ) သာတည်း။

ပါစကော၊ စားမျိုသမျှ ကျေညက်ရသည့် ပါစက မီးသည်။ တေဇောဓာတု၊ (ပ) သာတည်း။

ဇီရဏာ၊ ဟောင်းနွမ်းပျက်ကျ တွေ့ကြုံရသည့် ဇီရဏ မီးသည်။ တေဇောဓာတု၊ (ပ) သာတည်း။

ဥဒ္ဓင်္ဂမဝါတာ၊ အထက်သို့ပင် ထုတ်ဆောင်တင်သည့် ဥဒ္ဓင်္ဂမလေသည်။ ဝါယောဓာတု၊ ထုတ်နှင် သဘောဆောင်သွင်း ဟောသည့် ဝါယော ဓာတ် သာတည်း။

အဓောဂမဝါတာ၊ အောက်သို့စုန်သော ဆင့်ဆင့် မောသည့် အဓောဂမ လေသည်။ ဝါယောဓာတု၊ ထုတ်နှင်သဘော ဆောင်သွင်းဟောသည့် ဝါယော ဓာတ်သာတည်း။

ကုစ္ဆိသယဝါတာ၊ ဝမ်းတွင်းနေဘိ နှောက်မွှေရှိသည့် ကုစ္ဆိသယ လေသည်။ ဝါယောဓာတု၊ လှုပ်ရှားသာဘော ဆောင်သွင်း ဟောသည့် ဝါယောဓာတ် သာတည်း။

ကောဋ္ဌာသယဝါတာ၊ အူအတွင်းသာ နှောက်မွှေ ပါတဲ့ ကောဋ္ဌာသယလေသည်။ ဝါယောဓာတု၊ တွန်း ကန်သဘော ဆောင်သွင်း ဟောသည့် ဝါယော ဓာတ် သာတည်း။

အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ အင်္ဂါ ကြီးငယ် အသွယ်သွယ်ကို ထူသယ် လှုပ်ကြွ ဖြစ်စေရသည့် အင်္ဂမင်္ဂါနုသာ ရိနောလေသည်။ ဝါယောဓာတု၊ အားအင်သ ဘော ဆောင်သွင်း ဟောသည့် ဝါယောဓာတ် သာတည်း။

အဿာသ ပဿာသ ဝါတာ၊ ထွက်ဝင်နှစ်ချက် အရှည်ဆက် အောင် ဆောင်ရွက် တတ်သော အဿာသ ပဿာသ လေသည်။ ဝါယောဓာတု၊ ထွက်ဝင် သဘော ဆောင်သွင်း ဟောသည့် ဝါယော ဓာတ် သာတည်း။

၁ - စက္ခုဝိညာဏံ၊ မြင်သိစေမှု ကြံရာရှုတဲ့ စက္ခုဝိညာဏ် သည်။ ဓမ္မဓာတု၊ ကြံရာသဘာဝ ဆောင်သိရတဲ့ ဓမ္မဓာတ် သာတည်း။

၂ - သောတဝိညာဏံ၊ ကြားကြား သမျှ သိတာလှတဲ့ သောတဝိညာဏ်သည်။ ဓမ္မာဓာတု၊ (ပ) သာ တည်း။

၃ - ဃာနဝိညာဏ်၊ နံ့နံ့သမျှ သိတတ်လှတဲ့ ဃာနဝိညာဏ်သည်။ ဓမ္မဓာတု၊ (ပ) သာတည်း။

၄ - ကာယဝိညာဏ်၊ တွေ့ထိ သမျှ သိတတ်လှတဲ့ ကာယဝိညာဏ်သည်။ ဓမ္မဓာတု၊ (ပ) သာတည်း။

၅ - ဇိဝှာဝိညာဏ်၊ ရသာ များစွာ သိတတ်ပါတဲ့ ဇိဝှာဝိညာဏ်သည်။ ဓမ္မဓာတု၊ (ပ) သာတည်း။

၆ - မနောဝိညာဏ်၊ ကြံတွေးသဘော အသိစောတဲ့ မနောဝိညာဏ်သည်။ ဓမ္မဓာတု၊ (ပ) သာတည်း။

အမှာ။ ။အနိစ္စသညာ စသော ခြောက်ပါးနှင့် တွဲဘက်၍ အကုန်ဆိုပါလေ။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ ခန္ဓာငါးဖြာ ဝိပဿနာပွားနည်း

၁ - ရုပ် အတီတာနာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။
၂ - ဝေဒနာ အတီတာနာဂတ ပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။
၃ - သညာ အတီတာနာဂတ ပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။
၄ - သင်္ခါရာ အတီတာနာဂတ ပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။
၅ - ဝိညာဏံ အတီတာနာဂတ ပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

တနည်း - ခန္ဓာငါးပါး၌ ကာလသုံးပါး ပိုင်းခြား၍ ပွားများ သုံးသပ်ရန်

(က)	အတီတံ ရုပံ	အနိစ္စံ ခယဋ္ဌေန၊	ဒုက္ခံ ဘယဋ္ဌေန၊	အနတ္တာ	အသာရကဋ္ဌေန။
	အနာဂတံ ရုပံ	။	။		။
	ပစ္စုပ္ပန္နံ ရုပံ	။	။		။
(ခ)	အတီတာဝေဒနာ	အနိစ္စာ ခယဋ္ဌေန၊	ဒုက္ခာ ဘယဋ္ဌေန၊	အနတ္တာ	အသာရကဋ္ဌေန။
	အနာဂတာဝေဒနာ	။	။		။
	ပစ္စုပ္ပန္နာ ဝေဒနာ	။	။		။

(ဂ)	အတီတာ သညာ	အနိစ္စာ	ခယဋ္ဌေန၊	ဒုက္ခာ	ဘယဋ္ဌေန၊	အနတ္တာ	အသာရကဋ္ဌေန။
	အနာဂတာသညာ		။		။		။
	ပစ္စုပ္ပန္နာသညာ		။		။		။
(ဃ)	အတီတာသင်္ခါရာ		။		။		။
	အနာဂတာသင်္ခါရာ		။		။		။
	ပစ္စုပ္ပန္နာသင်္ခါရာ		။		။		။
(င)	အတီတံဝိညာဏံ	အနိစ္စံ	ခယဋ္ဌေန၊	ဒုက္ခံ	ဘယဋ္ဌေန၊	အနတ္တာ	အသာရကဋ္ဌေန။
	အနာဂတံဝိညာဏံ		။		။		။
	ပစ္စုပ္ပန္နံဝိညာဏံ		။		။		။

တနည်း - ခန္ဓာငါးပါး၌ ဝိပဿနာ ၇ - ဌာန
ပွားနည်းဖြင့် သုံးသပ်ပုံ

ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ၊	အနိစ္စံ၊	သင်္ခတံ၊	ပဋိစ္စသမုပ္ပန္နံ၊	ခယဓမ္မံ၊	ဝယဓမ္မံ၊	ဝိရာဂဓမ္မံ၊	နိရောဓဓမ္မံ၊	
ဝေဒနာအတီတာနာဂတပစ္စုပ္ပန္နာ၊	အနိစ္စာ၊	သင်္ခတာ၊	ပဋိစ္စသမုပ္ပန္နာ၊	ခယဓမ္မာ၊	ဝယဓမ္မာ၊	ဝိရာဂဓမ္မာ၊	နိရောဓဓမ္မာ	
သညာ	။	။	။	။	။	။	။	။
သင်္ခါရာ	။	။	။	။	။	။	။	။
ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ၊	အနိစ္စံ၊	သင်္ခတံ၊	ပဋိစ္စသမုပ္ပန္နံ၊	ခယဓမ္မံ၊	ဝယဓမ္မံ၊	ဝိရာဂဓမ္မံ၊	နိရောဓဓမ္မံ။	

အာယတန ၁၂ ပါး ဝိပဿနာ ရှုပွားရန်
ပဋိသမ္ဘိဒါမဂ် ပါဠိတော်

စက္ခာယတနံ	အနိစ္စံ၊	ဒုက္ခံ၊	အနတ္တာ၊	ရူပါယတနံ၊	အနိစ္စံ၊	ဒုက္ခံ၊	အနတ္တာ
သောတာယတနံ	။	။	။	သဒ္ဒါယတနံ၊	။	။	။
ဃာနာယတနံ	။	။	။	ဂန္ဓာယတနံ၊	။	။	။
ဇိဝှာယတနံ	။	။	။	ရသာယတနံ	။	။	။
ကာယာယတနံ	။	။	။	ဖောဋ္ဌဗ္ဗာယတနံ	။	။	။
မနာယတနံ	။	။	။	ဓမ္မာယတနံ	။	။	။
	အတွင်း				အပြင်		

သဘောမြင်၍ ကြည်လင်ပြတ်သား ရွတ်ဆိုပွားများကြလေ။

ဓာတ် ၁၈ ပါး သဘောများကို ဉာဏ်အားထင်မှု ဝိပဿနာရှုပွားကြရန်

စက္ခုဓာတု အနိစ္စာ၊	ဒုက္ခာ၊ အနတ္တာ	ရူပဓာတု အနိစ္စာ၊	ဒုက္ခာ၊ အနတ္တာ	စက္ခုဝိညာဏဓာတု အနိစ္စာ၊	ဒုက္ခာ အနတ္တာ
သောတဓာတု	။	သဒ္ဒဓာတု	။	သောတဝိညာဏဓာတု	။
ဃာနဓာတု	။	ဂန္ဓဓာတု	။	ဃာနဝိညာဏဓာတု	။

ဇိဝှာဓာတု	အနိစ္စာ ဒုက္ခာ၊ အနတ္တာ။	ရသဓာတု	အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ။
ကာယဓာတု	။	ဖောဋ္ဌဗ္ဗဓာတု	။
မနောဓာတု	။	ဓမ္မဓာတု	။

ဇိဝှာဝိညာဏဓာတု	အနိစ္စာ၊ ဒုက္ခာ အနတ္တာ။
ကာယဝိညာဏဓာတု	။
မနောဝိညာဏဓာတု	။

အတွင်းဓာတ်	အပြင်ဓာတ်	အသိဓာတ်

တမျိုးတပါး သုံးပါးပွား၍ ရှုဆင်ခြင်ကြလေရာ၏။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်

အဝိဇ္ဇာ	အနိစ္စာ	ဒုက္ခာ	အနတ္တာ။	သင်္ခါရာ	အနိစ္စာ	ဒုက္ခာ	အနတ္တာ
ဝိညာဏံ	အနိစ္စံ	ဒုက္ခံ	အနတ္တာ။	နာမရူပံ	အနိစ္စံ	ဒုက္ခံ	အနတ္တာ
သဠာယတနံ	။	။	။	ဖဿော	အနိစ္စော	ဒုက္ခော	။
ဝေဒနာ	အနိစ္စာ	ဒုက္ခာ	။	တဏှာ	အနိစ္စာ	ဒုက္ခာ	။
ဥပဒါနံ	အနိစ္စံ	ဒုက္ခံ	။	ဘဝေါ	အနိစ္စော	ဒုက္ခော	။
ဇာတိ	အနိစ္စာ	ဒုက္ခာ	။	ဇရာမရဏံ	အနိစ္စံ	ဒုက္ခံ	။

အနက် မြန်မာ လွယ်ကူသောကြောင့် လေ့လာဆောင်ပွားကြလေ။

ရုပ်ခုတ် နာမ်ခုတ် ၅၂-ရပ်၌ ဝိပဿနာရှုပွားနည်း

၁ - ဆံပင်သည်　　ရုပ်ခုတ် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုး မရ အနှစ်သာရ မရှိ။
(ကျန် ပထဝီခုတ် အကုန်ဆို)

၂ - သည်းခြေသည်　　ရုပ်ခုတ် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုး မရ အနှစ်သာရ မရှိ။
(ကျန် အာပေါခုတ် အကုန်ဆို)

၃ - ခံစား စံစား　　နာမ်ခုတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

မှတ်သားတတ်ခြင်း　　နာမ်ခုတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

ပြုပြင်တတ်ခြင်း　　နာမ်ခုတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

ကြံတွေးသိခြင်း　　နာမ်ခုတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

၄ - ရက်ကျော်နာဖျား　　ရုပ်နာမ်များသည် အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

ပြင်းစွာနာဖျား　　ရုပ်ခုတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

ကြေညက်စေခြင်း ရုပ်ခေတ်များသည် အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

ဟောင်းနွမ်းစေခြင်း ရုပ်ခေတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

၃ - ဆန့်တက်လေအား ရုပ်ခေတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

စုန်ဆင်းလေအား ရုပ်ခေတ်များသည် အမြဲ မရှိ။ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရမရှိ။

ဝမ်းတည်လေအား ရုပ်ခေတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

အူတွင်းလေအား ရုပ်ခေတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

လှုပ်ရှားလေအား ရုပ်ခေတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

ထွက်ဝင်လေအား ရုပ်ခေတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

၄ - မြင်သိတတ်ခြင်း နာမ်ခေတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

ကြားသိတတ်ခြင်း နာမ်ခေတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။

နံ့သိတတ်ငြား	နာမ်ဓာတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။
စားသိတတ်ငြား	နာမ်ဓာတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။
ထိသိတတ်ငြား	နာမ်ဓာတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏၊ အစိုးမရ အနှစ်သာရ မရှိ။
ကြံစည်တတ်ငြား	နာမ်ဓာတ်များသည် အမြဲ မရှိ၊ ဆင်းရဲ၏ ၊အစိုးမရ အနှစ်သာရ မရှိ။

န ဣတော ဒူရေ ဘဝိတဗ္ဗံ၊ ဘဝဂ္ဂံ ကိံ ကရိဿတိ။
ပစ္စုပ္ပန္နမှိ ဝေါဟာရေ၊ သကေ ကာယမှိ ဝိန္ဒထ။

ဘိက္ခဝေ၊ မာန တဏှာ ဒိဋ္ဌိကွာတို့ များစွာလိုလား အိုချစ်သားတို့။ ဣတော၊ ဓာတ်ကြီးလေးပါး ကောဋ္ဌာသများကြောင့် ထင်ရှားပါလှ ဤကိုယ်ကာယကြီးမှ။ ဒူရေ၊ သိနိုင်ခဲစွ ဝေးကွာလှတဲ့ ပြင်ပ အာရုံများ၌။ မနသိကာရံ၊ နှလုံးသွင်းမှု အရေးပြု၍ စုရုံး ရှာမှီးခြင်းကို။ န ဘဝိတဗ္ဗံ၊ မဖြစ်ကြစေရာ။ ဝါ- မရှာမှီးလေနှင့်။ ဘဝဂ္ဂံ၊ ဘဝဂ်ဘုံသို့ တိုင်အောင်။ မနသိကာရေန၊ နှလုံးသွင်းမှု အရေးပြု၍ ရုံစု ရှာမှီးခြင်းဖြင့်။ ကိံ ကရိဿတိ၊ ရည်ရွယ် မျှော်ကိုး ဘယ်အကျိုး ပြီးအောင် ရွက်ဆောင်ခြင်း ပြုပါအံ့နည်း။ ပစ္စုပ္ပန္နမှိ၊ လေးပါး ဘူတရုပ် ပေါင်းစပ်ချုပ်၍ ပစ္စုပ္ပန် ဟု ဆိုအပ်သော။ ဝေါဟာရေ၊ များသူ ငါ ပင် ပညတ်တင်လျက် ခေါ်ငင်ပြောကြား ဝေါဟာရ

အားဖြင့် ထင်ရှား ရှိနေသော။ သကေကာယမှ၊ အသည်ကိုယ်ရှိ သုံးသပ်ကြည့်နိုင်တဲ့ မိမိ ကိုယ်ကာယကြီး၌၊ ဝါ - ဆံပင်စသား ကောဋ္ဌာသများကြောင့် ထင်ရှားသော ကိုယ်ကြီး၌။ တုမှေ၊ မာန တဏှာ ဒိဋ္ဌိကွာဘို့ များစွာ ကြိုးစား သင်ချစ်သားတို့သည်။ ဝိနွထ၊ အနုလုံ ပဋိလုံ ပွားနည်းစုံဖြင့် ဉာဏ်ဟုန် စိုင်းပြင်း ရှာမှီးခြင်း သာ ပြုလိုက်ကြပါကုန်လော့။

ဤဒေသနာတော်အရ မိမိကိုယ်ကာယ ကောဋ္ဌာသ အတွင်း၌ သာ ဉာဏ်သွင်းပြီးခါ တရားရှာကြပါကုန်၊ မပင် မပန်းချမ်းချမ်းသာသာ တရားအရသာ တွေ့ရလတံ့။

သတိထားရန်ကား။ ။အပြင် အပ နေ - လ အတွင်း စိတ်သွင်း တရားရှာခြင်း စသော သူတို့သည် ဤဒေသနာ၏ သဘောကို မသိ၍ သာ ဖြစ်ရာ၏၊ ထို့ကြောင့် 'ဒွတ္တိံသ' တရားကိုသာ ကြိုးစားကြလေကုန်။

တောလေးဆယ်ကို မြန်မာပြန်ဆိုခြင်း

အနိစ္စာနုပဿနာ ၁၀ - ပါး

ရူပံ အနိစ္စံ ပလောကံ၊ စလံ ပဘင်္ဂု အဒ္ဓုဝံ။
ဝိပရိဏာမံ သာရကံ၊ ဝိဘဝံ မစ္စု သင်္ခတံ။

ရူပံ၊ ဖေါက်ပြန်တတ်ငြား ရုပ်တရား တွေသည် —

၁ - အနိစ္စံ၊ ဖြစ်, တည်, ပျက်သဲ့, မရပ်စဲ သောကြောင့် အမြဲ မရှိပါပေ။

၂ - ပလောကံ၊ အို, နာ, သေ, နေ ဘေးထွေထွေကြောင့် အခြေကင်းပြတ် ပျက်စီးတတ်ပါပေ၏။

၃ - စလံ၊ လောကဓံ စိုးအုပ် မထိန်းချုပ်နိုင်ဘဲ တုန်လှုပ်တတ်ပါပေ၏။

၄ - ပဘင်္ဂုံ၊ ထိခိုက်မှု အစားစား သဘောများကြောင့် ပျက်ပြား တတ်ပါပေ၏။

၅ - အဒ္ဓုဝံ၊ မထိန်းသိမ်းနိုင် ပြိုင်လဲ ယိုင်တတ်သောကြောင့် မခိုင်ခန့် မတည်မြဲပါပေ။

၆ - ဝိပရိဏာမံ၊ အို, နာ, သေရန် ဘေး အတန်တန်တို့ကြောင့် ဖောက်ပြန် ရွေ့ရှားတတ်ပါပေ၏။

၇ - အသာရကံ၊ ဉာဏ်ဖြင့် ယှဉ်စစ် သဘော စစ်ပါက အနှစ်သာရမှကင်း အကာအဖျဉ်း တွေသာ မြစ်ပါပေ၏။

၈ - ဝိဘဝံ၊ အစီး အပွား မရှိ တဏှာဒိဋ္ဌိလျှင် ကပ်ငြိတွယ်တာခြင်း အကြောင်းရင်း ရှိပါပေ၏။

၉ - မစ္စုံ၊ ရပ်နာမ် နှစ်ချက် ကြုံတိုင်းထွက်သော်လဲ သေပျက် ကုန်ခန်းတတ်ပါပေ၏။

၁၀ - သင်္ခတံ၊ သင်္ခါရ ခေါ်တွင် ကြောင်း လေးအင်တို့စီစဉ် ပေါင်းစပ် ပြုပြင်တတ်သော သဘော ရှိပါပေ၏။

ဒုက္ခာနုပဿနာ ၂၅-ပါး

ဒုက္ခဥ္စ ရောဂါဃံ ဂဏ္ဍံ၊ သလ္လာ ဗာဓံ ဥပဒ္ဒဝံ။
ဘယီတျုပသဂ္ဂါ တာဏံ၊ အလေဏာ သရဏံ ဝဓံ။
အဃမူလံ အာဒီနဝံ၊ သာသဝံ မာရအာမိသံ။
ဇာတိဓမ္မံ ဗျာဓိသောကံ၊ ပရိဒေဝ ဥပါယာသံ။
သံကိလေသ သဘာဝကံ။

စ၊ အနိစ္စ သာ ဖြစ်သည် မဟုတ်သေး။ ရုပ်၊ ဖောက်ပြန် တတ်ပြား ရုပ်တရားတွေသည်–

၁ - ဒုက္ခံ၊ ဖြစ်တည် ပျက်သဲ ကျိတ်ချေ ဆွဲသောကြောင့် ဆင်းရဲခြင်း အစားစား ကျယ်ပွားလှပါပေ၏။

၂ - ရောဂံ၊ ဝေဒနာ အထပ်ထပ် ဖြစ်ပေါ်တတ်သော ကြောင့် မတ်ရပ်နာနှင့် တူလှပါပေ၏။

၃ - အဃံ၊ ဝဋ်ဆင်းရဲ အပေါင်း တည်နေအောင်းသဖြင့် မကောင်းကျိုး သာ ပေးတတ်ပါပေ၏။

၄ - ဂဏ္ဍံ၊ ပျောက်နိုင် ခဲပါ အိုင်းအနာကြီး နှင့် သာ ပမာမသွေ တူလှပါပေ၏။

၅ - သလ္လာ၊ ထိုး စိုက် စူး ဝင် ထောင် ဖြစ် တင် သည့် တကျင်မြှားကျောက်နှင့် သာ တူလှပါပေ၏။

၆ - အာဗာဓံ၊ သည်းထန် ပြင်းစွာ ဖြစ်ပေါ် လာတတ်တဲ့ ရောဂါ အစားစား အနာများနှင့် တူလှပါပေ၏။

၇ • ဥပဒ္ဒဝံ၊ ရန်သူမျိုး အရပ်ရပ် တည် ချဉ်း ကပ်နိုင်၍ ဥပဒ္ဒဝေါလည်း မည်ပါပေ၏။

၈ - ဘယံ၊ ရှိသမျှ ဥဿုံ ဘေးမျိုးစုံတို့ စုဆုံ တည်နား ရာ ဖြစ်သောကြောင့် ဘေးဘယလည်း မည်ပါ ပေ၏။

၉ • ဣတိ၊ ရွံကြောက်ဘွယ် ရှိသမျှ တွေ့ကြုံ ကြတတ်သော ကြောင့် ပြင်ပ ဝိုင်းထား ရန်သူများနှင့်လည်း တူပါပေ၏။

၁၀ • ဥပသဂ္ဂံ၊ ဗျသန ငါးပါး အကျိုးမဲ့များတို့၏ တည် နား မပြတ် စွဲမှီကပ်ရာလည်း ဖြစ်ပါပေ၏။

၁၁ - အတာဏံ၊ အန္တရာယ်မရောက် ကင်းဝေး လွတ်မြောက် အောင် စောင့်ရှောက်ခြင်းငှာ မတတ်နိုင် ပါပေ။

၁၂ • အလေဏံ၊ ရန် ဘေး အ ပေါင်း လွတ် မြောက် ကြောင်း ဟု ပုန်းအောင်း ခိုကပ်ရာ မဟုတ်နိုင် ပါပေ။

၁၃ • အသရဏံ၊ သံသရာ ဘေးခပင်း ကျွတ်လွတ်ကင်း အောင် မညှင်းဆဲတတ် ကိလေသာကို မသတ် နိုင်ပါပေ။

၁၄ • ဝဓံ၊ ချစ်ခင်လေသယောင် ပုံဘန် ဆောင်လျက် တုပ် နှောင် သတ်ဖြတ်တတ်သော ရန်သူနှင့် သာ တူ လှပါပေ၏။

၁၅ - အဃမူလံ၊ အလုံးစုံ အကု မကောင်းမှုတို့၏ ပေါင်းစု တည်ရာကြီး သာ ပါပေ။

၁၆ - အာဒီနဝံ၊ တဆယ့်တသီး အပူမီးတို့၏ ပွားစီးတောက်လောင်ရာ အစစ် လောင်စာတွေချည်း ဖြစ်ပါပေ၏။

၁၇ - သာသဝံ၊ အာသဝေါ တရား အစားစားတို့ တည်နားဘုံရာ နီးကပ်စွာသော အကြောင်း ဖြစ်ပါပေ၏။

၁၈ - မာရအာမိသံ၊ ကိလေသာမာရ် မစ္စုမာရ် တို့ အဖန်ဖန် ဝါးမျိုရာ ပြိုကွဲတတ် ပါတဲ့ အစာ သဖွယ် ဖြစ်ပါပေ၏။

၁၉ - ဇာတိ၊ ပဋိသန္ဓေ အစားစား တည်နား နေဘုံရာ ထင်ရှားမသွေ ဖြစ်ပါပေ၏။

၂၀ - ဇရာ၊ ဆွေးမြေ့ အိုမင်း မရှောင်ကွင်းနိုင်အောင် ပြည့်တင်းသော သဘော ရှိပါပေ၏။

၂၁ - ဗျာဓိ၊ ကျင်နာ နှိပ်စက် အခံရ ခက်အောင် ဆောင်ရွက်တတ်သော ဗျာဓိသဘော ရှိပါပေ၏။

၂၂ - သောကံ၊ နှလုံးမငြိမ် အပူရှိန် တိုးအောင် စိုးရိမ်ရခြင်း အကြောင်းရင်း ဖြစ်ပါပေ၏။

၂၃ - ပရိဒေဝံ၊ တောက်လောင်မှု မအေး ထိုထို အရေးများကြောင့် ငိုကြွေးရခြင်း အကြောင်းရင်း ဖြစ်ပါပေ၏။

၂၄ - ဥပါယာသံ၊ အပူလုံးမွေ့ ပင့်သက်ခဝ၍ မြောစေ မေ့စေ ပင်ပန်းစေရခြင်း အကြောင်းရင်း ရှိပါပေ၏။

၂၅ - သံကိလေသ သဘာဝကံ၊ ဒုစရိုက် တဏှာ ဒိဋ္ဌိငါတို့ တည်ရာအထူး ယှဉ်ကပ် ပူး တတ် သော ကြောင့် ညစ်ညူးခြင်း အစစ်သဘော ဖြစ်ပါ၏။

အနတ္တာနုပဿနာ ၅ - ချက်

အနတ္တာ စ ပရံ ရိတ္တံ၊ တုစ္ဆံ သုညန္တိ ပဿယျ။

စ၊ အနိစ္စ, ဒုက္ခ သာ ဖြစ်သည် မဟုတ်သေး။ ရူပံ၊ ဖောက်ပြန်တတ်ငြား ရုပ်တရား တွေသည်—

၁ - အနတ္တာ၊ သတ္တဝါ အယောင် ပုံဟန်ဆောင် နိုင်တဲ့ အကောင်မှုကင်း အစိုးရခြင်း မရှိပါပေ။

၂ - ပရံ၊ မထောက် မထား အလွန် စိမ်းကားတဲ့ တပါးသောသူ အပြင်လူ နှင့် သာ တူလှပါပေ၏။

၃ - ရိတ္တံ၊ သူမိုက်တို့ ကြံဆအပ်သော တည်မြဲ ချမ်းသာ တင့်တယ်စွာ နှင့် သူ, ငါ ခေါင်း ပြွတ်စဲ ကင်းအောင် အလျဉ်း ပင် ရှာမရပါပေ။

၄ - တုစ္ဆံ၊ ညဏ်ဖြင့် အသီးသီး ပေါင်းစု ရှာမှီးလိုက်ပါက အချည်းနှီး ထင်ရှား သဘောများ ဖြစ်ပါပေ၏။

၅ - သညာ၊ ပြုပြင်စီရင် ခံစားချင်တဲ့ ခေါ်တွင် စရာ
သတ္တဝါ အားလုံး ငါ့ကိုယ်ပျောက်ဆုံး သဖြင့်
ဆိတ်သုံးသော သဘောရှိပါပေ၏။

ဤတွင် ဤသို့ သာ။ ပဏ္ဍိတော၊ တိလက္ခဏာ ယဉ် စကြာ ကို ကောင်းစွာ မောင်းနှင် ပညာရှင်သည်။ ထို၊ ထိုတွေ့ကြုံ ထင် ရှား ရုပ်နာမ်တရားတွေကို။ ပသေယျ၊ နေ့ည မစဲဘဲ ဉာဏ်၌ စွဲအောင် အားခဲ၍ သာ ရှုကြည့်ကြရာ၏။

တောလေးဆယ် ပြီး၏။

အာရုံခြောက်ပါး ဝိပဿနာတရား
(အမေး အဖြေ)

မေး။ ။တွင်းပြင် ပေါင်းစပ်၊ မြင်သိတတ်၍၊ သုံးသပ် ဘို့ရာ၊ ဒေသနာ ကောင်းစွာ ညွှန်ပြပါ။

ဖြေ။ ။စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဇာန တော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

မေး။ ။ဒေသနာ နည်းမှန်၊ ဘာသာပြန်ပြီး၊ ဝေဘန် ပြ ချက်၊ သဘောနက်၊ ဆက်လက် ရှင်းပြပါ။

ဖြေ။ ။စက္ခုံ၊ တွင်းပြင် ပေါင်းစပ် ကြုံတွေ့မှတ်လျက် သိတတ်သော စက္ခုဝိညာဏ်စိတ်ကို။ အနိစ္စတော၊ ဖြစ်ပျက်ယှဉ်တွဲ ကုန်ခန်းစဲ၍ မမြဲသော အနိစ္စ

အားဖြင့်။ ဒုက္ခတော၊ နှိပ်စက်မှုသဲ ကျိတ်ချေ ဆွဲသည့် ဆင်းရဲသော ဒုက္ခ အားဖြင့်။ အနတ္တတော၊ အတ္တအားလုံး ကင်းဆိတ်သုဉ်း၍ သိမ်းကြုံးရှုက အစိုးမရသော အနတ္တအားဖြင့်။ ဇာနတော၊ သတိသမ္ပဇဉ် မပြတ် ယှဉ်လျက် တွင်တွင်ကြီး သိထားသော။ ပဿတော၊ ရုပ်နာမ် အချုပ်ချုပ် အ,ဒု,နတ် ဟု မြင်ထားသော။ အဿ၊ ထိုယောဂီခေါ် အပ် ပုဂ္ဂိုလ်မြတ်အား။ အဝိဇ္ဇာ၊ သစ္စာ လေးဖြာ မမြင်သာအောင် ဆို့ကာပိတ်ဆီး မှောင်ခေတ်ကြီးကို။ ပဟီယတိ၊ နေ့ညကြုံး စား မဂ္ဂင်ပွား၍ ပယ်ရှားဖြတ်တောက် အပ်လေ တော့၏။ ဝိဇ္ဇာ၊ သစ္စာလေးဖြာ သိမြင်ပါတဲ့ ပညာ တန်ဆောင် အလင်းရောင် ကြီးသည်။ ဥပ္ပဇ္ဇတိ၊ သမာသန် ဝိပဿိဉာဏ်ကြောင့် ကောန် ဖြစ်ပေါ်လာရလေတော့သတည်း။

မေး။　　။တွင်းပြင်ပေါင်းစပ်၊ ကြားသိခေတ်၌၊ သုံးသပ် ဘို့ရာ၊ ဒေသနာ၊ ကောင်းစွာညွှန်ပြပါ။

ဖြေ။　　။သောတံ အနိစ္စတော ဒုက္ခတော အနတ္တတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

မေး။　　။ဒေသနာ ကျမ်းဂန်၊ ဘာသာပြန်ပြီး၊ ဝေဘန် ပြချက်၊ မိပ္ပာယ်နက်၊ ဆက်လက်ရှုတ်ဟောပါ။

ဖြေ။ ။သောတံ၊ တွင်းပြင်ပေါင်းစပ် ကြားတွေ့မှတ်လျက် သိတတ်သော သောတ ဝိညာဏ်စိတ်ကို။ အနိစ္စတော၊ ဖြစ်ပျက်ယှဉ်တွဲ ကုန်ခန်းစဲ၍ မမြဲသော အနိစ္စအားဖြင့်။ ဒုက္ခတော၊ နှိပ်စက်မှုသဲ ကြိတ်ချေဆွဲသည့် ဆင်းရဲသော ဒုက္ခအားဖြင့်။ အနတ္တတော၊ အတ္တအားလုံး ကင်းဆိတ်သုဉ်း၍ သိမ်းကျုံးရှုက အစိုးမရသော အနတ္တအားဖြင့်။ ဇာနတော၊ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် တွင်တွင်ကြီး သိထားသော။ ပဿတော၊ ရုပ်နာမ်အာရုပ်ရုပ် အ,ဒု,နတ် ဟု အထပ်ထပ်မြင်ထားသော။ အဿ၊ ထိုယောဂီခေါ်အပ် ပုဂ္ဂိုလ်မြတ်အား။ အဝိဇ္ဇာ၊ သစ္စာ လေးဖြာ မမြင်သာအောင် ဆို့ကာပိတ်ဆီး မှောင်ဓာတ်ကြီးကို။ ပဟီယတိ၊ နေ့,ည ကြိုးစား မဂ္ဂင်ပွား၍ ပယ်ရှား ဖြုတ်တောက်အပ်လေတော့၏။ ဝိဇ္ဇာ၊ သစ္စာလေးဖြာ သိမြင်ပါတဲ့ ပညာတန်ဆောင် အလင်းရောင်ကြီးသည်။ ဥပ္ပဇ္ဇတိ၊ သမတသန် ဝိဿညာဏ်ကြောင့် ကေန် ဖြစ်ပေါ် လာရ လေတော့သတည်း။

မေး။ ။တွင်းပြင်ပေါင်းစပ် နံ့သိဓာတ်၌၊သုံးသပ်ဘို့ရာ၊ ဒေသနာ၊ ကောင်းစွာ ညွှန်ပြပါ။

ဖြေ။ ။ဿာနံ့ အနိစ္စတော ဒုက္ခတော အနတ္တတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

မေး။ ။ဒေသနာ့ကျမ်းဂန်၊ ဘာသာပြန်ပြီး၊ ဝေဘန်ပြချက်၊ အဓိပ္ပာယ်နက်၊ဆက်လက်ရှက်ဟောပါ။

ဖြေ။ ။ဿာနံ၊ တွင်းပြင်ပေါင်းစပ် နံသိခေတ်၌ ဖြစ်တတ်သော ဿာနဝိညာဏ်စိတ်ကို။ အနိစ္စတော၊ ဖြစ်ပျက်ယှဉ်တွဲ ကုန်ခန်းစဲ၍ မမြဲသော အနိစ္စအားဖြင့် ဒုက္ခတော နှိပ်စက်မှုသဲ ကြိတ်ချေဆွဲသည့် ဆင်းရဲသော ဒုက္ခအားဖြင့်။ အနတ္တတော၊ အတ္တအားလုံး ကင်းဆိတ်သုံး၍ သိမ်းကျုံးရှုက အစိုးမရသော အနတ္တအားဖြင့်။ ဇာနတော၊ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် တွင်တွင်ကြီးသိထားသော။ ပဿတော၊ရုပ်နာမ် အရုပ်ချုပ်အ,ဒု,နတ် ဟု အထပ်ထပ်မြင်ထားသော၊ အသူ၊ ထိုယောဂီခေါ်အပ် ပုဂ္ဂိုလ်မြတ်အား။ အဝိဇ္ဇာ၊ သစ္စာလေးဖြာ မမြင်သာအောင် ဆို့ကာပိတ်ဆီး မှောင်ခေတ်ကြီးကို။ ပဟီယတိ၊ နေ့ညကြိုးစား မဂ္ဂင်ပွား၍ ပယ်ရှားဖြတ်တောက် အပ်လေတော့၏။ ဝိဇ္ဇာ၊ သစ္စာ လေးဖြာ သိမြင်ပါတဲ့ ပညာ တန်ဆောင် အလင်းရောင်ကြီးသည်။ ဥပ္ပဇ္ဇတိ၊ သမထသန် ဝိပဿနာဉာဏ်

ကြောင့် ဧကန် ဖြစ်ပေါ် လာရလေတော့ သတည်း။

မေး။ ။တွင်းပြင်ပေါင်းစပ်၊ စားသိ ခတ်၌၊ သုံးသပ်ဘို့ရာ၊ ဒေသနာ၊ ကောင်းစွာ ညွှန်ပြပါ။

ဖြေ။ ။ဇီဝှာ အနိစ္စတော ဒုက္ခတော အနတ္တတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

မေး။ ။ဒေသနာ ကျမ်းဂန်၊ ဘာသာပြန်ပြီး၊ ဝေဘန်ပြချက်၊ မိပ္ပာယ်နက်၊ ဆက်လက်ရှတ်ဟောပါ။

ဖြေ။ ။ဇီဝှာ၊ တွင်းပြင်ပေါင်းစပ် စားသိခတ်၌ ဖြစ်တက်သော ဇီဝှာ ဝိညာဏ်စိတ်ကို။ အနိစ္စတော၊ ဖြစ်ပျက်ယှဉ်တွဲကုန်ခန်းစဲ၍ မမြဲသောအနိစ္စအားဖြင့်၊ ဒုက္ခတော၊ နှိပ်စက်မှုသဲ ကြိတ်ချေဆွဲသည့် ဆင်းရဲသောဒုက္ခအားဖြင့်။ အနတ္တတော၊ အတ္တအားလုံး ကင်းဆိတ်သုဉ်း၍ သိမ်းကြုံးရှုက အစိုးမရသော အနတ္တအားဖြင့်။ ဇာနတော သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် တွင်တွင်ကြီးသိထားသော။ ပဿတော၊ ရုပ်နာမ်အရုပ်ရုပ် အာဒိုနဝ်ဟုအထပ်ထပ်မြင်ထားသော။ အဿ၊ ထိုယောဂီခေါ်အပ်ပုဂ္ဂိုလ်မြတ်အား။ အဝိဇ္ဇာ၊ သစ္စာလေးဖြာ မမြင်သောအောင် ဆို့ကာပိတ်ဆီး မှောင်ခတ်ကြီးကို။ ပဟီယတိ၊ နေ့ညကြိုးစား မဂ္ဂင်ပွား၍ ပယ်

ရှား ဖြတ်တောက် အပ်လေတော့၏။ ဝိဇ္ဇာ၊ သစ္စာလေးဖြာ သိမြင်ပါသဲ့ ပညာတန်ဆောင် အလင်းရောင်ကြီးသည်။ ဥပ္ပဇ္ဇတိ၊ သမထသန် ဝိပဿနာဏ်ကြောင့် ကေန်ဖြစ်ပေါ် ရလေတော့သတည်း။

မေး။ ။တွင်းပြင်ပေါင်းစပ်၊ ထိသိခွတ်၌၊ သုံးသပ်ဘိုရာ၊ ဒေသနာ၊ ကောင်းစွာ ညွှန်ပြပါ။

ဖြေ။ ။ကာယံ အနိစ္စတော ဒုက္ခတော အနတ္တတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

မေး။ ။ဒေသနာကျွန်းဂန်၊ ဘာသာပြန်ပြီး၊ ဝေဘန်ပြချက်၊ ဓိပ္ပာယ်နက်၊ ဆက်လက် ရှုတ်ဟောပါ။

ဖြေ။ ။ကာယံ၊ တွင်းပြင်ပေါင်းစပ် ထိသိမှတ်လျက်ဖြစ်တတ်ပေါ်လှင် ကာယာဝိညာဏ်စိတ်ကို။အနိစ္စတော၊ ဖြစ်ပျက်ယှဉ်တွဲ ကုန်ခန်းစဲ၍ မမြဲသောအနိစ္စအားဖြင့်။ ဒုက္ခတော၊ နှိပ်စက်မှုသဲ ကြိတ်ချေဆွဲသည့် ဆင်းရဲသော ဒုက္ခအားဖြင့်။ အနတ္တတော၊ အတ္တအားလုံး ကင်းဆိတ်သုဉ်း၍ သိမ်းကြုံးရှုက အစိုးမရသော အနတ္တအားဖြင့်။ ဇာနတော၊ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် တွင်တွင်ကြီး သိလေသော။ ပဿတော၊ ရုပ်, နာမ် အရပ်ရပ် အ, ဒု, နတ် ဟု အထပ်ထပ် မြင်ထား

သော။ အသ၊ ထိုယောဂီခေါ်အပ် ပုဂ္ဂိုလ်မြတ်အား။ အဝိဇ္ဇာ၊ သစ္စာ လေးဖြာ မမြင်သာအောင် ဆို့ကာပိတ်ဆီး မှောင်ခေတ်ကြီးကို။ ပဟီယတိ၊ နေ့ညကြိုးစား မဂ္ဂင်ပွားရှဲ ပယ်ရှားဖြတ်တောက် အပ်လေတော့၏။ ဝိဇ္ဇာ၊ သစ္စာလေးဖြာ သိမြင်ပါတဲ့ ပညာတန်ဆောင် အလင်းရောင်ကြီးသည်။ ဥပ္ပဇ္ဇတိ၊ သမထသန့် ဝိပဿနာဉာဏ်ကြောင့် ကေန် ဖြစ်ပေါ်လာရလေတော့သတည်း။

မေး။ ။နှလုံးအိမ်မှီ၊တွေးကြံစည်တဲ့၊ စိတ်မည်သတ်မှတ်၊ မနောခေတ်၌၊ သုံးသပ်ဘိုရာ၊ ဒေသနာ၊ကောင်းစွာ ညွှန်ပြပါ။

ဖြေ။ ။မနံ အနိစ္စတော ဒုက္ခတော အနတ္တတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

မေး။ ။ဒေသနာ ကျန်းဂန်၊ ဘာသာပြန်ပြီး၊ ဝေဘန်ပြချက်၊ ခိပ္ပာယ်နက်၊ ဆက်လက် ရွတ်ဟောပါ။

ဖြေ။ ။မနံ၊ နှလုံးအိမ်မှီ တွေးကြံစည်၍ အမည်ပေါ်လွင် မနော ဝိညာဏ်စိတ်ကို။ အနိစ္စတော၊ ဖြစ်ပျက်ယှဉ်တွဲ ကုန်ခန်းစဲ၍ မမြဲသော အနိစ္စအားဖြင့်။ ဒုက္ခတော၊ နှိပ်စက်မှုသဲ ကြိတ်ချေဆွဲသည့် ဆင်းရဲသော ဒုက္ခအားဖြင့်။ အနတ္တ

တော၊ အတ္တအားလုံး ကင်းဆိတ်သုဉ်း၍ သိမ်းကြုံးရှုက အစိုးမရသော အနတ္တအားဖြင့်။ ဇာနတော၊ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် တွင်တွင်ကြီးသိထားသော။ ပဿတော၊ ရုပ်,နာမ်အရုပ်ရုပ် အ,ဒု,နုတ်ဟု အထပ်ထပ် မြင်ထားသော။ အဿ၊ ထိုယောဂီ ခေါ်အပ် ပုဂ္ဂိုလ်မြတ်အား။ အဝိဇ္ဇာ၊ သစ္စာ လေးဖြာ မမြင်သာအောင် ဆို့ကာပိတ်ဆီး မှောင်ခာတ်ကြီးကို။ ပဟီယတိ၊ နေ့ညကြိုးစား မဂ္ဂင်ပွားး၍ ပယ်ရှားဖြတ်တောက်အပ်လေတော့၏။ ဝိဇ္ဇာ၊ သစ္စာလေးဖြာ သိမြင်ပါတဲ့ ပညာတန်ဆောင် အလင်းရောင်ကြီးသည်။ ဥပ္ပဇ္ဇတိ၊ သမထသန့် ဝိပဿနာဉာဏ်ကြောင့် ကေန် ဖြစ်ပေါ် လာရလေတော့သတည်း။

မေး။ ။ခြောက်ပါး အာရုံ၊ သင့်ရာ ဆုံ၍၊ ဉာဏ်ဟုန်မယှဉ်၊ သူငါ ထင်ကာ၊ ခိုဝင်အပြစ်၊ မိုက်ဆိုးညစ်၊ စိစစ် ဖော်ပြပါ။

ဖြေ။ ။တွင်းပြင် နှစ်တန်၊ ပေါင်းဆုံပြန်၍၊ ရုပ်နာမ်တိုင်းပင်၊ သူငါ ထင်သော်၊ ပူးယှဉ် ကပ်လာအဝိဇ္ဇာကြောင့်၊ မိစ္ဆာ အမှား၊ အမိုက် ပွား၍၊ တရား လွတ်ကင်း၊ အပါယ်ဆင်း၊ ဉာဏ်သွင်းကြည့်ပါ ကြောက်စရာ။

မေး။ ။မြင်သိ ရုပ်နာမ်၊ အနိစ္စံ၊ ဒုက္ခံ, အနတ္တာ။
ကြားသိ ရုပ်နာမ်၊ အနိစ္စံ၊ ဒုက္ခံ, အနတ္တာ။
နံသိ ရုပ်နာမ်၊ အနိစ္စံ၊ ဒုက္ခံ, အနတ္တာ။
စားသိ ရုပ်နာမ်၊ အနိစ္စံ၊ ဒုက္ခံ, အနတ္တာ။
ထိသိ ရုပ်နာမ်၊ အနိစ္စံ၊ ဒုက္ခံ, အနတ္တာ။
ထင်မြင်လာက၊ သူငါ ပြုတ်ရှင်း၊ ဒိဋ္ဌိ ကင်း
သော်၊ အလင်းရောင်ဟော၊ ဘယ်သဘော၊
စစ်ကြော ဖော်ပြပါ။

ဖြေ။ ။အာရုံ ပေါလတ်၊ အ, ဒု, နတ် ဟု၊ သုံးသပ်
ဆင်ခြင်၊ ပညာယှဉ်လျက်၊ ထင်မြင် ဆောင်ပွား
ယောဂီများ၌၊ မိုက်မှားခပင်း၊ ဆင့်ဆင့် လင်း၍၊
ဖြူဝင်း ဝိဇ္ဇာ၊ မဂ္ဂင်ပါသည့်၊ သမ္မာဒိဋ္ဌိ၊ အမြင်
ရှိ၊ ကျယ်သိ လေးသစ္စာ။
အာရုံ ခြောက်ရပ်၊ သဘော မှတ်၍၊ ဝိပဿနာ၊
မေးဖြေရာ၊ ကောင်းစွာ ပြီးဆုံးပါ။
စိတ်ပါဝင်စား၊ သတိထားလျက်၊ တရားနာပုံ၊
သူတော်စုံ၊ သာဓု, သာဓု, သာဓု, ခေါ်ကြပါ
ကုန်လော့။

—

မဂ္ဂင်ရှစ်ပါး (အမေး အဖြေ)

မေး။ ။အရိယာ ဖြစ်ကြောင်း၊ အကျင့်ကောင်း၊ လမ်း
ဟောင်း ဖော်ပြပါ။

ဖြေ။ ။အရိယာ ဖြစ်ရန်၊ အကျင့်မှန်ကား၊ မဂ်တရား ရှစ်ပါးသိလေပါ။

မေး။ ။မဂ္ဂင်ရှစ်ဖြာ၊ စိတ်သန်ချာ၊ ကောင်းစွာရေးပြပါ။

ဖြေ။ ။သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ၊ ရှစ်ဌာန၊ နှုတ်ရ ဆောင်ထားပါ။

မေး။ ။မဂ္ဂင် ရှစ်ပါး၊ သိက္ခာထား၊ ပိုင်းခြား ဖော်ပြပါ။

ဖြေ။ ။သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ၊ သုံးဌာနကို၊ အဓိသီလသိက္ခာ ခေါ်ရပါသည်။

သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ မဂ်တြိုကို၊ အဓိစိတ္တသိက္ခာ ခေါ်ရပါသည်။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ၊ နှစ်ဌာနကို၊ အဓိပညာ သိက္ခာ ခေါ်ရပါသည်။

မေး။ ။သိက္ခာ သုံးဝ မဂ်အဋ္ဌကို၊ စရဏဝိဇ္ဇာ၊ ရေတွက်ခါ၊ ကောင်းစွာ ဖော်ပြပါ။

ဖြေ။ ။အဓိသီလ၊ ဓိစိတ္တ နှင့်၊ ခြောက်ဝ မဂ္ဂင်၊ ကျင့်လမ်းစဉ်၊ သိမြင် စရဏာ။

အဓိပညာ၊ မဂ်နှစ်ဖြာကို၊ ဝိဇ္ဇာ နယ်တွင်း၊ ရေတွက်သွင်း၊ အကျဉ်း မှတ်လေပါ။

မေး။ ။သမာဓိနှင့်၊ ဝိပဿနာ၊ မဂ္ဂါ ဘောင်ဖော်ပြပါ။

ဖြေ။ ။သီလ,သမာ၊ မဂ်ခြောက်ဖြာကို၊ နာမ ဘ၀၊ သမထ ဟု၊ ထိုမှ ကြွင်းကျန်၊ မဂ်နှစ်တန် နှင့်၊ ပညာ ပေါင်းစပ်၊ အမည်မှတ်၊ ဝိပဿနာ သာ။

မေး။ ။မဂ္ဂင် ရှစ်ဖြာ၊ ဒေသနာ၌၊ ပညာရှေ့သွား၊ ဟောညွှန် ကြားခဲ့၊ ကြိုးအားထုတ်ချင်၊ လုပ်ငန်းဝင်၊ ကျင့်စဉ် ဖော်ပြပါ။

ဖြေ။ ။ပါဠိတော်လာ၊ ဒေသနာ၌၊ ပညာ ရှေ့တင်၊ ဟောရိုးပင်တည်း၊ ကျင့်စဉ်သို့ကျ၊ ဓိသီလ၊ အစ ရှေ့ဦးပါ။

မေး။ ။စရဏဂုဏ်၊ မပြည့်စုံဘဲ၊ ကျော်ခုန်ပညာ၊ လုပ်ငန်းရှာက၊ ရ, မရ၊ ကျမ်းပြ ဖြေစမ်းပါ။

ဖြေ။ ။သီလက္ခန္ဓ အပရိပူရိတွာ သမာဓိက္ခန္ဓံ ပရိပူရိဿာမီတိ တိ နေတံ ဌာနံ ဝိဇ္ဇတိ၊ သမာဓိက္ခန္ဓံ အပရိပူရိတွာ ပညာက္ခန္ဓံ ပရိပူရိဿာမီ တိ နေတံ ဌာနံ ဝိဇ္ဇတိ။

သီလက္ခန္ဓံ၊ ဝိတိက္ကမံ ကိလေရန်ကို ပယ်လှန် တိုက်ဖျက် သီလက္ခန္ဓကို။ အပရိပူရိတွာ၊ နှုတ်မြွက် ကြုံပုံ ဆောက်တည် ပုံကို လောက်လုံအခွင့် မပြည့်ကျင့်မူ၍။ ဝါ၊ မပြည့်စုံဘဲလျက်။ သမာဓိက္ခန္ဓံ၊ ပရိယုဋ္ဌာနံ ကိလေရန်ကို ပယ်လှန် ချိုးနှိပ် သမာဓိက္ခန္ဓကို။ ပရိပူရိဿာမိ၊ ပြည့်စုံကုန်လတံ့။ တော်ဌာနံ၊ ဤ

အကြောင်းသည်။ နဝိဇ္ဇတိ၊ အစဉ် ပျက်ပြား ငါဘုရားသာသနာတော်၌ မရှိ။ သမာဓိက္ခန္ဓ၊ သမာဓိက္ခန္ဓ မဂ္ဂင် သုံးဝကို။ အပရိပူရိတွာ၊ နိဝရဏာ ကိလေသာတို့ ဝေးကွာ စင်လွင် မပြည့်ကျင့်မူ၍။ ပညာက္ခန္ဓ၊ အနုသယ ကိလေရန်ကို ပယ်လှန် တိုက်ဖျက် ပညာက္ခန္ဓကို။ ပရိပူရိဿန္တိ၊ ပြည့်စုံကုန်လတံ့။ တော်ငြာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ အစဉ်ပျက်ပြား ငါဘုရား သာသနာတော်၌ မရှိချေ။

မြတ်စွာ ဟောကြား၊ ဤစကားကြောင့်၊ ပယ်ရှား စရဏ၊ မကျင့်က၊ မရ မဂ်ပညာ။

မေး။ ။သမ္မာကမ္မန္တ၊ မဂ္ဂင် ရအောင်၊ ကိစ္စ တန်တန်၊ ရှက်ဆောင်ရန်၊ ဝေဘန် ဖော်ပြပါ။

ဖြေ။ ။ ကိုယ်၌ဖြစ်ထ၊ ဒု လေးဝကို၊ ဝေရမဏီ၊ နှုတ်မြွက်သိ၍၊ သတိချုပ်ခါ၊ စောင့်ရှောက်ပါက၊ သမ္မာကမ္မန္တ၊ မဂ်ကိစ္စ၊ ပေါ်ရ ပွားသူသာ။

မေး။ ။သမ္မာဝါစာ၊ မဂ္ဂင်၏၊ ကောင်းစွာ ဖြစ်ရန်၊ ပွားနည်းမှန်၊ ဝေဘန် ဖော်ပြပါ။

ဖြေ။ ။ဝစီလေးဝ၊ ဒု ပါပကို၊ ဝိရမဏီ၊ ဝစီကံဖြင့် ပယ်လှန် ရှောင်ရှား၊ သတိထား၍၊ ပွားများသောခါ၊ သမ္မာ၊ ကောင်းစွာ ဖြစ်ပေါ်လာ။

မေး။ ။သမ္မာအာဇီဝ၊ မဂ္ဂင်၏၊ ကိစ္စမကြံ၊ ကျင့်စဉ်မှန်၊ ဝေဘန် ဖော်ပြပါ။

ဖြေ။ ။မနော သုံးလီ၊ မိစ္ဆာဇီကို၊ ဝစီနှုတ်မြွက်၊ ရှောင်ကြဉ်ဖျက်၍၊ နှစ်ချက် နာမ်ရုပ်၊ အမှားပြုတ်အောင်၊ အားထုတ် ဆင်ခြင်၊ ပညာရှင်က၊ အာဇီဝ၊ ခေါ်ရ မဂ္ဂင်ါ။

မေး။ ။သမ္မာဝါယာမ၊ မဂ္ဂင်ရအောင်၊ ကိစ္စ အပြား၊ ဘယ်နှစ်ပါး၊ ပိုင်းခြား ဖော်ပြပါ။

ဖြေ။ ။ ၁ - နောက်က စုဆောင်း၊ အကုပေါင်းဝယ်၊ အဟောင်း ပယ်ရန်၊ လုံ့လ သန်၊ မှတ်ရန် တကိစ္စာ။

၂ - အလွန်ဆိုးညစ်၊ တွင်တွင် ဖြစ်တဲ့၊ အသစ် အကု၊ ပယ်ဖြတ်မှု၌၊ အားပြု မြဲမြန်၊ လုံ့လ သန်၊ မှတ်ရန် နှစ်ကိစ္စာ။

၃ - သဒ္ဒါရကာ၊ တွန်းပယ်လှန်ဘို့၊ မဂ်ဉာဏ်ပေါ် ဖြစ်၊ တရားစစ်ရှာ၊ အားသစ်လုံ့လ၊ ကြိုးစားက၊ မှတ်ကြ သုံးကိစ္စာ။

၄ - ရှာကြံ သိအပ်၊ မဂ္ဂင်ရပ်ကို၊ အထပ်ထပ်ပွား၊ အားထုတ်ငြားတဲ့၊ ထင်ရှား လုံ့လ၊ ဝီရိယ၊ သိကြ လေးကိစ္စာ။

ကိစ္စ လေးပါး၊ အစဉ်ပွား၊ မှတ်သားဝါယာမာ။

မေး။ ။သမ္မာသတိ၊ အမည်ရှိတဲ့၊ ဤသည့် မဂ္ဂင်၊ လုပ်ငန်းဝင်၊ ကျင့်စဉ် ဖော်ပြပါ။

No 21

ဖြေ။ ကာယနုပဿီ၊ ကောဋ္ဌာသရုပ်၊ သုံးသပ် ဒိဋ္ဌိခွာ၊ ဝေဒနာစု၊ ဖြစ်ပေါ်မှု၊ ကြည့်ရှု ဒုက္ခသာ။ ကောင်းဆိုး၌ယှဉ်၊ စိတ်အစဉ်၊ ဆင်ခြင်ဖြစ်ပျက်သာ။

ခန္ဓာငါးဝ၊ အာယတန နှင့်၊ ဓာတု သစ္စာ၊ ဗော ဇ္ဈင်ခါ၊ ဓမ္မာ ရှုလေပါ။

ကာ,ဝေ,စိတ္တ၊ ဓမ္မာကျအောင်၊ လေးဝ သတိ၊ သဘောမိ၊ သတိ မဂ္ဂင်ါ။

မေး။ ။သမ္မာသမာဓိ၊ မဂ္ဂင် ရှိတဲ့၊ မြင်သိဘို့ရန်၊ ကိစ္စ မှန်၊ ဝေဘန် ဖော်ပြပါ။

ဖြေ။ ။ကောဋ္ဌာသစု၊ ပွားစီးမှုကြောင့်၊ အကုနီဝရဏ၊ ဆိတ်ငြိမ်က၊ ဈာန ပဌမာ။

ကောဋ္ဌာသပင်၊ ပွားများစဉ်၌၊ ကြံဆင် ဝိတက်၊ သုံးသပ်ချက်ကင်း၊ ငြိမ်သက်ခြင်း၊ ဈာန်သွင်း ဒုတိယာ။

ကောဋ္ဌာသကြည့်၊ နှစ်သက်ဘိခြင်း၊ ပီတိကင်း ကွာ၊ မှ သွယ်ရာမျှ၊ သိမြင်က၊ ဈာန တတိယာ။

ကောဋ္ဌာသစု၊ ပွားစီးမှုကြောင့်၊ သု, ဒု, သော, ဒေါ၊ ချုပ်ငြိမ်းသောခါ၊ စတုတ္ထာ၊ ဈာန်သာ မှတ်ကြပါ။

သုံးဆယ့် နှစ်လီ၊ ကောဋ္ဌာသမှီ၍၊ တည်ကြည် ငြိမ်သက်၊ တည်နှားချက်မှာ၊ ကေဂ္ဂါ၊ သမာဓိပင်သာ။

မေး။ ။သမ္မာဒိဋ္ဌိ၊ မဂ္ဂင် ပြည့်အောင်၊ အသိတရား ဘယ်နှစ်ပါး၊ ထင်ရှား ဖော်ပြပါ။

ဖြေ။ ။ရုပ် နှစ်ဆယ့် ရှစ်၊ လောကီဖြစ်စိတ်၊ စေတသိက်စစ်၊ ငါးဆယ့် တစ် ပင်၊ လောဘ ကြဉ်ချန်၊ ရုပ် နှင့် နာမ်၊ သိရန် ဒုက္ခသာ။

လောဘတဏှာ၊ ရာ့ရှစ်ဖြာကား မျိုးစွာဒုက္ခ၊ ကြောင်းအစ ဟု၊ ဉာဏ်ဖြင့်ရှု သမုဒယသာ။

မျိုးစွာ ဒုက္ခ၊ သမုဒယတို့၊ ကင်းပ ချုပ်ရာ၊ နိရောဓာကို၊ ခေမာ ခေါ်ပြန် မြိုက်နိဗ္ဗာန်၊ သိရန် ဉာဏ်ဖြင့်သာ။

ကိလေသာသတ်၊ နိဗ္ဗာန်ကပ်တဲ့၊ ရှစ်ရပ်မဂ္ဂင်၊ ကျင့်လမ်းစဉ်ကား၊ သိမြင်မဂ္ဂ၊ သစ္စာပြ၊ဆောင်ရပွားရပါ။

သစ္စာ လေးဖြာ၊ သိမြင်ပါ၊ သမ္မာဒိဋ္ဌိသာ။

မေး။ ။သမ္မာသင်္ကပ္ပ၊ မဂ္ဂင် ရအောင်၊ ကိစ္စ အပြား၊ ဘယ်နှစ်ပါး၊ ထင်ရှား ဖော်ပြပါ။

ဖြေ။ ။ကာမဝိတ္တက်၊ ပစ္စည်းစုမှ၊ လွတ်မှုအကြံ၊ ထွက်မြောက်ရန်၊ ရည်သန်စိတ်ထားပါ။

ကပ်ငြိခင်တွယ်၊ ကိလေနယ်မှ၊ ဖြတ်ပယ် ရှောင်
ကွင်း၊ ထွက်မြောက်ခြင်း၊ဉာဏ်သွင်းကြံစည်ပါ။
သတ္တဝါများ၊ ချမ်းသာပွားရန်၊ စိတ်ထားသန်
လျက်၊ ကြံစည်ချက်၊ တိုးတက် အားထုတ်ပါ။
နှလုံး ဖြောင့်စင်း၊ စိတ်ကောင်း သွင်းလျက်၊
ခပင်းများစွာ၊ သတ္တဝါ၌၊ ဗျာပါဒမျိုး၊ ပယ်
ဖြတ်ချိုး၊ ကောင်းကျိုး ကြံစည်ပါ။

ဝိတက် လေးဖြာ၊ ဆင်ခြင်ပါ၊ သမ္မာ သင်္ကပ္ပါ။

မေး။ ။မဂ္ဂင်ရှစ်ပါး၊ ကျင့်ကြံပွားက၊ ဘုရားဘယ်
လို၊ ချီးမွမ်းဆို၊ ကြည်ညိုရွတ်ပြပါ။

ဖြေ။ ။သေဝ မဂ္ဂေါ နတ္ထညော၊
ဒဿနဿ ဝိသုဒ္ဓိယာ။
ဧတဉှိ တုမှေ ပဋိပဇ္ဇထ၊
မာရဿေတံ ပမောဟနံ။

ရှေးနှုတ်တော်ထွက်၊ အရကျက်၊ ဆောင်ရွက် ဒေ
သနာ။

မေး။ ။ဒေသနာငယ်၊ အသိလွယ်ဘို့၊ ဓိပ္ပာယ်ဖော်ထွက်၊
မြန်မာနက်၊ ဆက်လက် ရွတ်ပြောပါ။

ဖြေ။ ။ဘိက္ခဝေ၊ ဝဋ်မှ လွတ်ရန် လုပ်ငန်းမှန်ကို ရှာကြံ
ကြငြား၊ အိုချစ်သားတို့။ ဒဿနဿ၊ သောတာ
ပန်ဟူ၊ တံခွန်ထူသော အယူအမြင် သဘော၏။

ဝိသုဒ္ဓိယာ၊ မိစ္ဆာ ဖြတ်ပယ် သမ္မာ သယ်၍ စင်
ကြယ်ခြင်း အကျိုးငှာ။ ဧသေဝ၊ ပဟာန်သုံး
ချက် ကိလေ ဖျက်သည့် ဤမဂ္ဂင် ရှစ်ပါးသည်
သာလျှင်။ မဂ္ဂေါ၊ နိဗ္ဗူပြည်ကြီး ရောက်လွယ်
နီးတဲ့ ခရီးကောင်း မည်ပါပေ၏။ အညော။
မဂ္ဂင် ရှစ်ပါး ကျင့်တရားမှ တပါးသော ခရီး
သည်။ နတ္ထိ၊ မိစ္ဆာ ကပ်ငြိ ရှာဘွေကြည့်သော်
လဲ မရှိမတွေ့ နိုင်ခဲ့တော့ပေ။ တေဥ္စ· တေံဧဝ။
ကိလေ သုံးချက် ဆင့်ဆင့်ဖျက်တဲ့ ဤမဂ္ဂင်ခရီး
ကို သာလျှင်။ ပဋိပဇ္ဇထ၊ သိက္ခာသုံးပါး အစဉ်
အားဖြင့် ကျင့်သွားကြပါ ကုန်လော့။ ဧတံ၊
အယုတ် ယယ်ကြဉ် အမြတ်ယှဉ်တဲ့ မဂ္ဂင် လမ်း
ကြီး ဤခရီးသည်။ မာရဿ၊ အမှန်ကိုကွင်း
အမှားသွင်းတဲ့ မာရ်မင်းယုတ်၏။ ပမောဟနံ၊
မရှုပ်တွေးနိုင် မဘမ်းနိုင်ဘဲ ငေးမှိုင် ၍ သာ
တွေဝေရာသည်။ ဟောတိ၊ မဂ္ဂင်တရား အကျင့်
များကြောင့် ထင်ရှားဖြစ်ရလေတော့ သတည်း။

မေး။ ။မဂ္ဂင် အလုပ်၊ ကြိုးအားထုတ်သော်၊ ပယ်ဖြုတ်
နိုင်ကြ၊ သဘာဝ၊ ဖော်ပြ ရွတ်ဟောပါ။

ဖြေ။ ။တေသု ံ တုမှေ ပဋိပန္နာ၊
ဒုက္ခဿန္တံ ကရိဿထ။
အက္ခာတော ဝေါ မယာ မဂ္ဂေါ၊
အညာယ သလ္လကန္တနံ။

ဟောဖော် ထားရှိ၊ မြတ်ပါဠိ၊ မြင့်သိ ဆောင်ကြပါ။

မေး။ ။ပါဠိတော်ရပ်၊ ဓိပ္ပာယ်မြတ်ကို၊ သိမှတ်ဘို့ရန်၊ အနက်မှန်၊ ဝေဘန် ဟောပြပါ။

ဖြေ။ ။တုမှေ၊ တရားလောကုတ် ကျိုးမယုတ်ဘို့ အားထုတ်လိုကြွား သင်ချစ်သားတို့သည်။ တေဦ- တော်ဝေ၊ ဘေးရန်မရှိ စင်ကြယ်ဘိသည့် အရိယာမဂ်တည်းဟူသော ဤခရီးသို့ သာလျှင်။ ပဋိပန္နာ၊ ကလျာဏ သုံးပါး အစဉ်အားဖြင့် ကျင့်သွားကြကုန်သည် ရှိသော်။ ဒုက္ခဿ၊ အို, နာ, သေ, နေ ဘေးတွေ့ကြောင့် ညှိုးခွေနွမ်းလျ ပင်ပန်းရသော ဆင်းရဲအပေါင်း၏။ အန္တံ၊ ပျောက်ပြေ ချေမှုန်း လက်စတုံး၍ အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ကရိဿထ၊ ကိလေ ကင်းပျောက် မဂ်ဖိုလ်ပေါက်၍ မျက်မှောက်ပြုကြရကုန်လတံ့။ သလ္လကန္တနံ၊ ရာဂစသား ငြောင့်ကြီးများတို့ ပယ်ရှားတတ်ပါ တုတ်နှုတ်ရာ ဖြစ်သော နိဗ္ဗာန်ကို။ အညာယ၊ သဗ္ဗညုတ် မြတ်ရွှေဉာဏ်ဖြင့် ကောန် သိသည် ဖြစ်၍။ မဂ္ဂေါ၊ အရိယာများ အမြဲ သွားတဲ့ ရှစ်ပါးမဂ္ဂင် ခရီးစဉ်ကို။ ဝေါ၊ တေဘူမ္မိထောင် ဒုက္ခဘောင်မှ လွတ်အောင် ကြိုးစား သင်ချစ်သားတို့အား။ မယာ၊ ကရုဏာပွား ငါဘုရားသည်။

အက္ခာတော၊ မနေမနား သိစေသား ဟု ဟောကြားတော် မူအပ်လေတော့၏။

မေး။ ။သိက္ခာ သုံးတန်၊ မဂ္ဂင်ကို၊ ကျင့်ကြံသူများ၊ မြတ်ဘုရား၏၊ ဟောကြား တဖန်၊ ဒေသနာ၊ မှတ်ရန်ဖော်ပြပါ။

ဖြေ။ ။သီလံ သမာဓိ ပညာ စ၊
ယဿ ဧတေ သုဘာဝိတာ။
အတိက္ကမ မာရဓေယျံ၊
အာဒိစ္စော ဝ ဝိရောစတိ။

မြတ်စွာဘုရား၊ ဟော ညွှန်ကြား၊ မှတ်သား ဆောင်ကြပါ။

မေး။ ။ဟောဖော် ညွှန်ကြား၊ ပါဠိသွား၏၊ မှတ်သား နိုင်ရန်၊ မြန်မာပြန်၊ ဆောင်ရန် ထုတ်ပြပါ။

ဖြေ။ ။ယဿ၊ ဝဋ်မှလွတ်ချင် လုပ်ငန်းဝင်သည့် အကြင်ပုဂ္ဂိုလ်သည်။ သီလဥ၊ ဒုစရိုက် ဆိုလျှင် နှုတ်မြွတ်ကြဉ်သည့် မဂ္ဂင်သုံးပါး သီလတရားကိုရင်း။ သမာဓိစ၊ လုံ့လ မြဲစွာ ဒွတ္တိံသာကို ကောင်းစွာပွားများ စိတ်တည်နားမှ ထင်ရှား လာသိ သမာဓိမဂ္ဂင် သုံးပါးကိုရင်း။ ပညာစ၊ ကာယဂတာ ကောဋ္ဌာသာကို မဟာပညာ ခုနှစ် တန်ဖြင့် ဝေဘန် ပွားစည်း ပညာတည်းဟူသော

မဂ္ဂင်နှစ်ပါးကိုရှင်း။ ဧဝေ သီလာ ဒယော၊ ဤ
သီလက္ခန္ဓ အစရှိသော သိက္ခာ သုံးပါးတို့ကို။
သုဘာဝိတာ၊ ကောင်းစွာ ရှိသေ ပွားများ စေ
အပ်ကုန်၏။ သောပုဂ္ဂလော၊ သိက္ခာ သုံးတန်
မဂ္ဂင်ကို သန့်သန့်ပွားသော ထိုပုဂ္ဂိုလ်သည်။
အာဒိစ္စောဝ၊ အနောက် အယှက်ကင်း တောက်
ပခြင်းရှိသော နေမင်းကြီးကဲ့သို့။ မာရဓေယျံ၊
မာရ်မင်းပိုင်စံ သုံးနိုင်ငံကို။ အတိက္ကမ၊ အကျင့်
အလျောက် ခမ်ိးပေါက်ခါ လွန်မြောက်တော့
သည် ဖြစ်ရ၏။ ဝိရောစတိ၊ ကိလေ သုံးသွယ်
ဆင့်ဆင့်ပယ်လျက် တင့်တယ်ရလေတော့၏။

သမ္ဗဒါ ရှစ်ပါး (အမေး အဖြေ)

မေး။ ။တရားသမ္ဗဒါ၊ ဤရှစ်ဖြာကား၊ မြတ်စွာ ဇိန၊
သမ္ဗုဒ္ဓ၊ ဟောပြ ဘယ်ဌာနာ။

ဖြေ။ ။ကက္ကရပတ္တာ၊ နိဂမ မည်၊ တိုင်းကောဋ္ဌိယ၊ စံနေ
မျှ၊ ဟောပြ ကျမ်းဦလာ။

မေး။ ။ဟောပြသည်ဆို၊ ဘယ်ပုဂ္ဂိုလ်က၊ ကြည်ညို
သဒ္ဓါ၊ တောင်းပန်ရှာ၊ သေချာ ညွှန်ပြပါ။

ဖြေ။ ။အိမ်ရာတည်ထောင်၊ လူတို့ဘောင်ကို၊ မရှောင် မရှား၊ နေသူများမှာ၊ စီးပွား ကီ့ကုတ်၊ ကျိုး မယုတ်အောင်၊ အားထုတ် လိုလှ၊ ကျင့်ဓမ္မကို၊ ဗျဂ္ဃပဇ္ဇ၊ အမည်ရခြား၊ သတိုသား၊ လျှောက် ထား စိန္တေယျာ။

မေး။ ။ပြည့်စုံသူများ၊ မျက်မြင်အားဖြင့်၊ ထင်ရှား ချမ်းသာ၊ သမ္ပဒါကို၊ စိတ်ဖြာ ပိုင်းခြား၊ ဘယ်နှစ်ပါး၊ ထင်ရှားဖော်ပြပါ။

ဖြေ။ ။မျက်မှောက် ချမ်းသာ၊ သမ္ပဒါကား၊ ဥဋ္ဌာန သမ္ပဒါ၊ အာရက္ခသမ္ပဒါ၊ ကလျာဏမိတ္တတာ၊ သမဇီဝိတာ၊ ဤလေးဖြာသည်၊ ဒိဋ္ဌဓမ္မ၊ အ ကျိုးရ၊ မုချမှတ်လေပါ။

မေး။ ။ဥဋ္ဌာန၊ သမ္ပဒါ၊ မြတ်အင်္ဂါ၏၊ စိတ်ဖြာ ပိုင်း ခြား၊ သဘောများ၊ ထင်ရှား ဖော်ပြပါ။

ဖြေ။ ။ဥဋ္ဌာန သမ္ပဒါ သဘောမှာကား၊ ဖွေရှာ နေ့ည၊ ဝီရိယနှင့်၊ ထကြွလျှင်မြန်၊ လာဘ်ရရန်၊ စီမံ အားထုတ်ပါ။

မေး။ ။အာရက္ခ သမ္ပဒါ၊ မြတ်အင်္ဂါ၏၊ စိတ်ဖြာ ပိုင်း ခြား၊ သဘောများ၊ ထင်ရှား ဖော်ပြပါ။

ဖြေ။ ။လုံ့လ ထကြွ၊ ဝီရိယကြောင့်၊ ပိုင်သ နေပြီး၊ ရှိပစ္စည်းကို၊ ရန်ကြီး ငါး၀၊ မတွေ့ရစေအောင်၊

နေ့ည မပျက်၊ စောင့်ရှောက်ချက်ကို၊ အာရက္ခ သမ္ဗဒါ၊ ခေါ်သည်သာ၊ ကောင်းစွာ မှတ်သင့်ပါ။

မေး။ ။ကလျာဏမိတ္တာ၊ မြတ်အင်္ဂါ၏၊ စိတ်ဖြာ ပိုင်းခြား၊ သဘောများ၊ ထင်ရှား ဖော်ပြပါ။

ဖြေ။ ။စိတ်စေတနာ၊ ဖြူစင်စွာနှင့်၊ ပညာ ပွားစီး၊ အမှားနားသည့်၊ လူကြီးလူကောင်း၊ ရှာကြံပေါင်းက၊ အကြောင်းလှ၍၊ နေ့ည ကြီးပွား၊ လွန်ထင်ရှား၊ မှတ်သား ကလျာဏမိတ္တတာ။

မေး။ ။သမဇီဝိတာ၊ မြတ်အင်္ဂါ၏၊ စိတ်ဖြာ ပိုင်းခြား၊ သဘောများ၊ ထင်ရှား ဖော်ပြပါ။

ဖြေ။ ။ဝန်နှင့်ကား၊ အား၊ များ နှင့် ကား လေး။ ပမာပေးလျက်၊ စဉ်ဆေး လုံးစုံ၊ စာရင်းခြုံသော်၊ ရကုန် နှစ်ပါး၊ အရများမှ၊ တည်နား ပစ္စယ၊ ပြည့်ကြွယ်ဝ၊ သမဇီဝိတာ။

မေး။ ။လောကီသမ္ပဒါ၊ ဤလေးဖြာ၌၊ ကောင်းစွာ ညွှန်ကြား၊ သဘောများကို၊ မှတ်သား တန်တန်၊ ပြီးခဲ့ပြန်၍၊ သုခ ကြီးမား၊ တန်ခိုးတွားသည့်၊ မိန့်ကြား ကျမ်းလာ၊ သမ္ပဒါ၊ ကောင်းစွာ ဖော်ပြပါ။

ဖြေ။ ။လောကုတ္တရာ၊ သမ္ပဒါကား၊ သဒ္ဓါ သမ္ပဒါ၊

သီလ သမ္မဒါ၊ စာဂ သမ္မဒါ၊ ပညာ သမ္မဒါ၊ ဤလေးဖြာ၊ ကောင်းစွာ မှတ်သင့်ပါ။

မေး။ ။သဒ္ဓါ သမ္မဒါ၊ ကျမ်းဂန်လာကို၊ ကောင်းစွာ သုတ်သင်၊သဘောမြင်အောင်၊ ပေါ်လွင် ဖြောင့်တန်း၊ ကျင့်စဉ်လမ်း၊ ခွဲခြမ်း ဖော်ပြပါ။

ဖြေ။ ။ရတနာသုံး၊ ဂုဏ်အားလုံးကို၊ သိမ်းကြုံး ယုံကြည်၊ ကံလေးလီ၏၊ စွဲမှီ အကျိုး၊ အမျိုးမျိုးကို၊ အားကိုးသည် သာ၊ တည်မြဲပါ၊ သဒ္ဓါ သမ္မဒါ၊ မှတ်ကြောင်းတည်း။

မေး။ ။သီလ သမ္မဒါ၊ ကျမ်းဂန်လာကို၊ ကောင်းစွာ သုတ်သင်၊ သဘော မြင်အောင်၊ ပေါ်လွင် ဖြောင့်တန်း၊ ကျင့်စဉ်လမ်း၊ ခွဲခြမ်း ဖော်ပြပါ။

ဖြေ။ ။ဒုစရိုက်ရန်၊ ကံသုံးတန်၌၊ ပယ်လှန် တွန်းချ၊ ဝါရိတ္တနှင့် စာရိတ္တပါ၊ သီလဆိုဘိ၊ မဂ္ဂင်ညှိက၊ သုဒ္ဓိဖြစ်ငြား၊ သီလများကို၊ မှတ်သားယူကြ၊ ဖြူစင်လှ၊ သီလသမ္မဒါ မှတ်ကြောင်းတည်း။

မေး။ ။စာဂ သမ္မဒါ၊ ကျမ်းဂန်လာကို၊ ကောင်းစွာ သုတ်သင်၊ သဘော မြင်အောင်၊ ပေါ်လွင် ဖြောင့်တန်း၊ ကျင့်စဉ်လမ်း၊ ခွဲခြမ်း ဖော်ပြပါ။

ဖြေ။ ။ပစ္စည်းကိုပေး၊ ဥစ္စာဌေးဘို့၊ လှူရေး တန်းရေး၊ ပေးကမ်းရေး၌၊ နှောင့်နှေးကြုံ့ကြာ၊ မရှိပါဘဲ၊

စိတ်မှာ ခွဲဝေ၊ ပေးလှူချေက၊ မှန်ပြတ်လှ၊ စာဂ သမ္ပဒါ မှတ်ကြောင်းတည်း။

မေး။ ။ပညာသမ္ပဒါ၊ ကျမ်းဂန်လာကို၊ ကောင်းစွာ သတ်သင် သဒ္ဒါ မြင်အောင်၊ ပေါ်လွင် ဖြောင့်တန်း၊ ကျင့်စဉ်လမ်း၊ ခွဲခြမ်း ဖော်ပြပါ။

ဖြေ။ ။အနုလောမ ပညာ၊ ပဋိလောမ ပညာ၊ ဈာနာ နုလောမ ပညာ၊ ကသိဏာနုလောမ ပညာ၊ အနုလောမ ခန္တီ ပညာ၊ ဂေါတြ ဘူ ပညာ၊ ဝေါဒါန ပညာ၊ ခုနစ်ဖြာကို၊ ကောင်းစွာ ပိုင်ပိုင်၊ ပွားစီးနိုင်မှု၊ ကြီးခိုင် ဝိဇ္ဇာ၊ မဂ်ဉာဏ်ဖြာ၊ ပညာ သမ္ပဒါ မှတ်ကြောင်းတည်း။

လောကီ့လောကုတ်၊ နှစ်ပါး ချုပ်အောင်၊ အား ထုတ်ဘို့ပင်၊ ရေးစီစဉ်ပါ၊ အဋ္ဌဂုံတွာရ၊ ကျမ်း၌ ပြသည်၊ နေ့ည အမြဲ၊ ဆောင်ကျင့်တည်း။

သစ္စာအနက် ၁၆ · ချက် (အမေး · အဖြေ)

မေး။ ။၁ · ဒုက္ခအတွက်၊ သစ္စာနက်ကို၊ ရေတွက်ကျမ်းလာ၊ သဘောပါ၍၊ သချာဆောင်ပုဒ်၊ အကျဉ်းထုတ်၊ အချုပ် ဖော်ပြပါ။

ဖြေ။ ။၁ · နေ့ည ကူးစက်၊ ပင်ပန်းချက်၊ နှိပ်စက် ပီဠနာ။
၂ · ပူပြင် နေ့ည၊ ဆင်းရဲလှ၊ သန္တာပသာ။

၃ ・ မစဲခဏ၊ ပူပန်ရ၊ သန္တာပဋ္ဌသာ။

၄ ・ ဖန်ဖန်ပြောင်းလွှဲ၊ ပျိုပျက်ကွဲ၊ ခေါ်မြဲဝိပရိဏာ၊ ဒုက္ခ အတွက်၊ ဤလေးချက်၊ ဉာဏ်သက်ဆင်ခြင်ပါ။

မေး။ ။၂ ・ သမုဒယဝယ်၊ နက်လေး သွယ်ကို၊ သိလွယ်ထင်ရှား၊ လက်ာသွားဖြင့်၊ မှတ်သား ဘို့ရန်၊ သဘောမှန်၊ ဝေဘန် ဖော်ပြပါ။

ဖြေ။ ။၁ ・ မီးစာ အစု၊ ရှာမှီးမှု၊ အာယူဟနဋ္ဌာ။

၂ ・ မီးစာပုံကြီး၊ စုသိမ်း၊ သိမ်းဆည်း နိဒါနာ။

၃ ・ မီးစာကိုပင်၊ မလွှတ်ချင်၊ ခင်မင် သံယောဂါ။

၄ ・ မီးစာ စုမိ၊ ကြောင့်ကြရှိ၊ ဗလိ ဗောဓသာ။ သမုဒယာတွက်၊ ဤလေးချက်၊ ဉာဏ်သက်ဆင်ခြင်ပါ။

မေး။ ။၃ ・ နိရောဓဟု၊ မျက်မှောက် ပြုဘို့၊ သိမှု အချက်၊ သစ္စာနက်ကို၊ ရေတွက် သင်္ချာ၊ ကျဉ်းလင်္ကာ၊ ကောင်းစွာ ဖော်ပြပါ။

ဖြေ။ ။၁ ・ တဏှာ သုံးတန်၊ ကျွတ်လွှတ်ပြန်၊ နိဗ္ဗာန် နိဿရဏာ။

၂ ・ ဘေးပေါင်း တရံ၊ မဆက်ဆံ၊ နိဗ္ဗာန်ဝိဝေကာ။

၃ ・ မပြု မပြင်၊ ငြိမ်းအေးစဉ်၊ အသင်္ခတ သာ။

၄ ・ သေခြင်း ဘေးရန်၊ မဆက်ဆံ၊ နိဗ္ဗာန်အ,မတာ။ နိရောဓတွေက်၊ ဤလေးချက်၊ ဉာဏ်သက် ဆင်ခြင်ပါ။

မေး။　　။၄ ・ မဂ္ဂသစ္စာ၊ ကျမ်းဂန်လာ၏၊ လင်္ကာ　အနက်၊ အရ ကျက်၍၊ နှုတ်တက် ဆောင်ရန်၊ သဘောမှန်၊ ဝေဘန် ဖော်ပြပါ။

ဖြေ။　　။၁ ・ သံသာသမုဒ်၊ ဝဇ်လုပ်၊ ကယ်ထုတ် နိယျာနာ။

၂ ・ ကိလေ ကင်းစင်၊ ဟိတ် ကောင်းယှဉ်၊ သိမြင် ဟေတွဋ္ဌာ။

၃ ・ သစ္စာလေးအင်၊ ကျယ်ပွားထင်၊ သိမြင်ဒဿနာ၊

၄ ・ ကိလေ မငြိ၊ စိုးပိုင်သိ၊ အဓိပတေယျာ။

မဂ္ဂအတွက်၊ ဤလေးချက်၊ ဉာဏ်သတ်ဆင်ခြင်ပါ။

(က) ဘုရားပျောက်လျှင်၊ စိတ်၌ပင်၊ ဆင်ခြင်ဖူးတွေ့ပါ။

(ခ) တရားပျောက်လျှင်၊ ကိုယ်၌ပင်၊ ထင်မြင်ပွားရှာပါ။

(ဂ) သံဃာပျောက်လျှင်၊ လူ့ဘဝယ်ပြင်၊ ကြည်လင်ကိုးကွယ်ပါ။

လင်္ကာသုံးပုဒ်အဓိပ္ပာယ်ကား—

(က) "ဂုဏ်တော်ကိုးအင်၊ စိတ်၌တင်၊ ဖူးမြင်မြတ်ဗုဒ္ဓါ။"

ဘုရားရှင်ကို ဖူးမြင်လိုသော သူသည် အရဟံဂုဏ်

သမ္မာသမ္ဗုဒ္ဓဂုဏ်, ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်, သုဂတဂုဏ်, လောကဝိဒူဂုဏ်, အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်, သတ္ထာဒေဝ မနုဿာနဂုဏ်, ဗုဒ္ဓဂုဏ်, ဘဂဝါဂုဏ် ဤဂုဏ်တော် ကိုးပါးကို စိတ်၌ထားလျက် ဆင်ခြင် စဉ်းစား၍ ကြည်ညိုရာဌာန ဦးချ ရှိခိုးခြင်း ပြုပါ က ဘုရားစစ်, ဘုရားမှန် တွေ့လိမ့်မည်ဟု မှတ်ကြ လေကုန်။

(၁) "တရားပျောက် ကိုယ်၌ရှာ" ဟူရာဝယ် အဓိပ္ပာယ် ကား အနိစ္စ, ဒုက္ခ, အနတ္တ တရားသုံးပါး ပျောက် သော သူသည် တဏှာ,မာန, ဒိဋ္ဌိ သုံးပါး ငြိနေ၍ ပျောက်သည် ဟုမှတ်ရမည်၊ ထိုတရားများကို ပယ် ရှားလိုပါက မိမိကိုယ်ကာယ ဒွတ္တိံသ ကာမဋ္ဌာန်း ကို သာ ထင်မြင်အောင် စီးဖြန်းပွားများ ရှာခဲ့ သော် တဏှာကင်းပ အနိစ္စ မြင်လတံ့၊ မာနကင်း ပ ဒုက္ခမြင်လတံ့၊ ဒိဋ္ဌိကင်းပ အနတ္တ မြင်လတံ့။

တဏှာကင်းပ၊ ကောဋ္ဌာသ၊ မြင်ရ အနိစ္စာ။
မာနကင်းပ၊ ကောဋ္ဌာသ၊ မြင်ရ ဒုက္ခသာ။
ဒိဋ္ဌိကင်းပ၊ ကောဋ္ဌာသ၊ မြင်ရ အနတ္တာ။

(၂) သံဃာပျောက်ခဲ့သော် မိမိကိုယ်တိုင် သီလသိက္ခာ, သမာဓိ သိက္ခာ, ပညာသိက္ခာ · ဤ သုံးဖြာကို ကောင်းစွာ ကျင့်ပြီးလျှင် သံဃာတော် အရှင်တို့၌ တည်နားသည့် သုပ္ပဋိပန္န, ဥဇုပ္ပဋိပန္န, ဉာယပ္ပဋိပန္န,

သာမိစိပ္ပဋိပန္န အဘင်္ဂဂုဏ်လေးပါး နှင့် အာဟုနေယျ၊ ပါဟုနေယျ၊ ဒက္ခိဏေယျ၊ အဉ္ဇလိကရဏီယ အနုတ္တရံပုညက္ခေတ္တအပြင်ဂုဏ် ငါးပါးကိုပါ ထင်မြင်အောင် ဆင်ခြင်လျက် မိမိ တတ်အားသမျှ ဒါနဝတ္ထု တခုခုကို လှူဒါန်းခြင်း ပြုပါကဗုဒ္ဓသာဝက သံဃာအစစ် တွေ့နိုင်သည် ဟုမှတ်ကြလေကုန်။

သံဃာ၏ဂုဏ်၊ စိတ်၌ထုံ၊ အာရုံပြုပြီးခါ။
ရှောင်ပွား ထင်လှူ၊ လှန်စင်ဖြူ၊ မှတ်ယူအားထုတ်ပါ။

—

ဝိသုဒ္ဓိ ၇ ပါး

စတုဘုမ္မိက ကျင့်စဉ် လုပ်ငန်းဝင်သည့် လူရှင်ရဟန်းတို့၌သဘာဝ ဆိုက်သလို သိထိုက်၊ မြင်ထိုက်၊ တည်နားအောင် ကြိုးစားထိုက်သည့် ဝိသုဒ္ဓိ ၇-ပါး နှင့် ဉာဏ်စဉ်များကို အကျဉ်းအားဖြင့် မှတ်သားကြရမည်။

၁ - ကိုယ်၊ နှုတ်၊ စိတ်၌ ဒုစရိုက်ဆိုလျှင် အလုံးစုံ နှုတ်မြှက်ကြဉ်လျက် ဖြူစင်စွာ တည်နားလာသော သုစရိုက်များကို သီလဝိသုဒ္ဓိ ဟု လူတို့အတွက် မှတ်သား၍ သာမဏေ၊ ရဟန်းတို့ အတွက်မှာ တရာ့ ကိုးပါးသော သိက္ခာပုဒ်၊ နှစ်ရာ့နှစ်ဆယ့် ခုနစ်သွယ် သော သိက္ခာပုဒ်များ အကျဉ်းအားဖြင့် စင်ကြယ်စွာ တည်

နားပြည့်စုံမှုကို 'သီလဝိသုဒ္ဓိ'ဟု မှတ်သား သိမြင်ကြလေ။

၂ · ကာယဂတာ သတိ အမည်ရှိသည့် သတိပဋ္ဌာန် ကမ္မဋ္ဌာန်း ကောဋ္ဌာသ လုပ်ငန်းကို စည်းကမ်းကြီး ငါးပါး ဉာတပရိညာ ပွားနည်းများဖြင့် ကြိုးစားနိုင်ကြသည် အားလျော်စွာ နီဝရဏ အဆင့်ဆင့် ကွာသောကြောင့် တည်လာ, နားလာသော စင်ကြယ်သည့် စိတ်မြတ်ကို 'စိတ္တဝိသုဒ္ဓိ'ဟု မှတ်သား သိမြင်ကြလေ။

၃ · ကောဋ္ဌာသ အတန်တန်တို့သည် မနားမရပ် ဖောက်ပြန်တတ်သောကြောင့် ရုပ်တရား ဟု အကျဉ်းအားဖြင့် မှတ်သား လေ့လာကြလေ၊ ပွားများ ဆင်ခြင်တတ်တဲ့ စိတ်အစဉ်သည် ကြံတတ် သိတက် သောကြောင့် နာမ်တရား ဟု အကျဉ်းအားဖြင့် မှတ်သား လေ့လာကြလေ၊ လေ့လာ လေ့ကျင့်သည့် အတိုင်း ရုပ် နာမ်မှ တပါး ပုဂ္ဂိုလ်, သတ္တဝါ ခေါ်ဝေါ်စရာ နှင့် သူငါတွေ မတွေ့ဘဲ ရုပ်,နာမ် နှစ်ပါးသာ ဟု ထင်မြင်အောင် ရှုနိုင်သောအခါ နာမ, ရူပ ပရိစ္ဆေဒ ဉာဏ်ကြောင့် အမြင် စင်ကြယ်သော 'ဒိဋ္ဌိဝိသုဒ္ဓိ'ဟုမှတ်သားကြလေ။

၄ · ယောဂီပုဂ္ဂိုလ်၏ ဉာဏ်, အမြင်မှန်နေသော ရုပ် နာမ် နှစ်ပါးသည် အဝိဇ္ဇာ, တဏှာ, ကံ ပြုစီမံသောကြောင့် ဖြစ်ခဲ့ဘူးပြီ၊ ဖြစ်နေရသည်၊ နိဗ္ဗာန်သို့ မရောက် သေး

ပါက ဖြစ်ရလိမ့်အုံးမည် ဟု အကြောင်းကို သိမ်းဆည်း သိမြင်သော ဉာဏ်ကြောင့် ယုံမှားခြင်း ရှစ်ပါး, ယုံမှားခြင်း ၁၆ - ပါး လွန်မြောက် စင်ကြယ်သောအခါ 'ကင်္ခါဝိတရဏ ဝိသုဒ္ဓိ' ဟု မှတ်သားကြလေ။

၅ - ရုပ်ပိုင်း၌ ၄၆ - ပါး, နာမ်ပိုင်း၌ ၁၂ - ပါး - ပေါင်းစပ်သောအားဖြင့် တရား့ရှစ်ချက် တီရဏ ပရိညာ ပေါ်လာအောင် အားထုတ်သောကြောင့် သမ္မသနဉာဏ် အထူးရင့်သန်သော အခါ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ဖြစ်ပျက်မှု အတန်တန် သဘောမှန် တို့ကို ကောင်းသိမြင်နိုင်သော ဥဒယဗ္ဗဉာဏ်သည် ဖြစ်ပေါ်လာသော အခါ၌ အန္တရာယ် ၁၀ - ပါးမှ လွတ်ထွက်သွားအောင် မဂ်ဟုတ်သည်, မဟုတ်သည်၌ ဆုံးဖြတ်နိုင်သော ဉာဏ်အမြင် စင်ကြယ်မှုသည် 'မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ' ဟု မှတ်သားကြလေ။

မှတ်သားရန်။ ။ဝိပဿနာစိတ်ကြောင့် ဖြစ်ပေါ်လာတတ်သော မဂ္ဂန္တရာယ် ၁၀ - ပါး ဆိုတာက—၁ - အလင်းရောင် ဩဘာသ, ၂ - နှစ်သက်ခြင်း ပီတိ, ၃ - ငြိမ်းခြင်း ပဿဒ္ဓိ, ၄ - ဆုံးဖြတ်ခြင်း အဓိမောက္ခ, ၅ - ထောက်ပံ့နိုင်စေခြင်း ပဂ္ဂဟ, ၆ - ချမ်းသာခြင်း သုခ, ၇ - အထူးမြင်ခြင်း ဉာဏ, ၈ - ထင်လွယ်ခြင်း ဥပဋ္ဌာန, ၉ - လျစ်လျူရှုခြင်း ဥပေက္ခာ, ၁၀ -

ဤပြဆိုခဲ့သော ကိုးပါးတို့၌ စွဲမက်ခြင်း နိကန္တိက ဝိပဿနာဉာဏ်၏ ဌြစ်ဌြုးကြောင်း ဘေးရန် ၁၀ - ပါးတို့သည် ဖြစ်တတ်ကုန်၏၊ ဖြစ်ပေါ်လာခဲ့သော ဤသဘောများသည် မဂ်အစစ် မဟုတ်၊ မဂ်အစစ်သည် သစ္စာ လေးပါး ၁၆ - ပါးကို တပြိုင်နက် သိသော သတ္တိရှိသည်ဟု ယုံကြည် ဆုံးဖြတ်လျက် ဥဒယဗ္ဗယဉာဏ်ကို သန်သန်အားထုတ်၍ လွတ်ထွက်စေရမည်။

၆ - ဥဒယဗ္ဗယဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ် ကိုးပါးကို အထူးကြိုးစား အားထုတ်မှုကြောင့် အကျင့်မှန်ဘဲ ဟု ဉာဏ်ဖြင့် သိမြင် စင်ကြယ်သောအခါ 'ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ' ဟု မှတ်သားကြလေ။

—

ဉာဏ်စဉ် အဆင့်ဆင့်တက်ပုံ ပြဆိုခန်း

" ၁၆ - ဆင့်ဉာဏ်၊ သော့တာပန်၊ ဝေဘန် ပွားတတ်သည် "

ဉာဏ်စဉ် ၁၆ - ပါး ဟူသော်ကား—

၁ - ကောဋ္ဌာသအစု ရုပ်ဓာတ်ရှု၍ သိမှု အစားစား နာမ်တရား ဟု နာမ်ရုပ်နှစ်ပါး ပိုင်းခြားထင်ထင် သိမြင်ခြင်းသည် နာမရူပပရိစ္ဆေဒ ဉာဏ် မည်၏။

၂ - ကောဋ္ဌာသ အစားစား ရုပ်တရား နှင့် သိမှုအစားစား နာမ်တရားတို့သည် အဝိဇ္ဇာ တဏှာ ကံ စသော

အကြောင်းများကြောင့် အဟောင်းကုန်ပျက် အသစ်ထွက်နေ၏ ဟု အကြောင်းကို ပယ်ဖြတ် သိမ်းဆည်း၍ သိမြင်သော ဉာဏ်သည် 'ပစ္စယပရိဂ္ဂဟ' ဉာဏ်မည်၏။

ဤဉာဏ်နှစ်ပါးကို ဝိပဿနာဉာဏ် ဖြစ်ပေါ်လာအောင် အခြေတည်ပေးသောကြောင့် 'ဝိပဿနာပါဒက' ဉာဏ် နှင့် နှစ်ပါး ခေါ်ရ၏၊ ဝိပဿနာဉာဏ်စဉ် မဟုတ်သေး။

၃ - ကောဋ္ဌာသ အစားစား ရုပ်တရားနှင့် သိမှုကျယ်ပွားနာမ်တရားတို့၌ ကုန်နိုးတတ်သောကြောင့် အနိစ္စ၊ နှိပ်စက်တတ်သောကြောင့် ဒုက္ခ၊ အစိုးမရသောကြောင့် အနတ္တ ဟု သုံးသပ် ဆင်ခြင် အမှန်မြင်နေခြင်းသည် 'သမ္မသန' ဉာဏ် မည်၏။

၄ - ကောဋ္ဌာသ အစားစား ရုပ်တရား နှင့် သိမှု အစားစား နာမ်တရားတို့သည် ဖြစ်ပြီးသည့်နောက် ပျက်ခြင်းသို့ ရောက်၏၊ ဖြစ်ပျက် နှစ်အင် အမှန် မြင်နေခြင်းသည် 'ဥဒယဗ္ဗယ' ဉာဏ် မည်၏။

၅ - ရုပ်ခတ်လေးပါး ကောဋ္ဌာသ အစားစား နာမ်ခတ်လေးပါး စိတ်တရားတို့သည် အဖြစ်ကနဲ အပျက်ကသဲသည် ဟု အပျက်ကို သာလျှင် အမှန်မြင်နေခြင်းသည် 'ဘင်' ဉာဏ် မည်၏။

၆ - ပျက်မှုလွန်ကဲ၍ ပျက်မှုသာ တည်နားနေသော ရုပ်တရား နာမ်တရားတို့သည် ကြောက်ဘွယ်လိလိ ဘေးမျိုးစုံရှိသည် ဟု အသိမှန်ဖြင့် အတန်တန် ရှုနေမှုသည် 'ဘယ' ဉာဏ် မည်၏။

၇ - ကြောက်ဘွယ်လိလိ ဘေးမျိုးစုံရှိတဲ့ ရုပ်နာမ် နှစ်ပါးတို့သည် အပြစ်တွေ အနန္တ ရေတွက်၍ မပြနိုင်အောင် ပေါများလှသည်ကို ပင် အမှန်မြင်သိ၍ နေခြင်းသည် 'အာဒီနဝ' ဉာဏ် မည်၏။

၈ - အပြစ်တွေများ ရုပ်နာမ် နှစ်ပါးတို့က အားထားခြင်းကင်း ငြီးငွေ့ခြင်းသာ အခါခါ ဖြစ်ပေါ် သိမြင်နေမှုသည် 'နိဗ္ဗိန္ဒ' ဉာဏ် မည်၏။

၉ - ဝဋ်ဘုံဝလေ့ မပျော်မွေ့ နိုင်ဘဲ ငြီးငွေ့ခြင်းအစားစား ရုပ်နာမ် တရားတို့မှ လွတ်အောင် ကျွတ်အောင် လွတ်ချင်နေမှု အမှန်ရှုနေခြင်းသည် 'မုဉ္စိတုကမျတာ' ဉာဏ် မည်၏။

၁၀ - လွတ်ချင် ကျွတ်ချင်သည့်အတွက် ရုပ်နာမ်တွေ ပေါ်ထွက်တိုင်း ပေါ်ထွက်တိုင်း အချိန်မလပ် တဖန်ထပ်၍ အနိစ္စ, ဒုက္ခ, အနတ္တ ဟု သုံးသပ် ဆင်ခြင်နေမှုသည် 'ပဋိသင်္ခါ' ဉာဏ် မည်၏။

၁၁ - ရုပ်, နာမ်အစားစား အကျိုးတရားတို့ကို ကျယ်ပွားအောင် ပြုပြင်စီရင်တတ်သော အကြောင်းတရား သုံးပါး, အကျိုး သင်္ခါရတရား, အကြောင်း အကျိုး

သင်္ခါရတရားတို့ကို မချစ်မမုန်း လျစ်လျူသုံး၍ လုံးလုံး ပယ်ခွာ အနိစ္စသာ, ဒုက္ခသာ, အနတ္တသာ ဟု အခါခါ ရှု၍နေခြင်းသည် 'သင်္ခါရုပေက္ခာ' ဉာဏ် မည်၏။

၁၂ - သင်္ခါရအစု အနိစ္စဟု, ဒုက္ခဟု, အနတ္တဟု အထပ်ထပ် ရှုဘန်များသဖြင့် ဗောဓိပက္ခိယတရား မဂ်ဖိုလ် ဉာဏ် အား လျော်စွာ မလိုချင်သော အလောဘ, မခက်ထန်သော အဒေါသ, မတွေဝေသော အမောဟ သုံးဌာန တည်နား၍ ကြီးမားသော ဉာဏ် အမြင်သန်နေမှုသည် 'အနုလောမ ခန္တိ' ဉာဏ် မည်၏။

၁၃ - အလောဘကြောင့် ရာဂက္ခယနိဗ္ဗာန်, အဒေါသကြောင့် ဒေါသက္ခယနိဗ္ဗာန်, အမောဟကြောင့် မောဟက္ခယ နိဗ္ဗာန် သန်သန်ကြီးမြင်၍ ပုထုဇဉ်ရိုက် ပုထုဇဉ်လိုက် စားတဲ့ ဒုစရိုက်တရားတို့ကို ပယ်ရှား ရှောင်ကြဉ်ပြီး သုစရိုက် အစားစား သိက္ခာ တင်ထားခြင်းသည် 'ဂေါ တြဘူ' ဉာဏ် မည်၏။

၁၄ - ဂေါတြဘူတိုင်ဖျား ရပ်တံ့နားလျက် သ-ဒု- နိ-မ သစ္စာ လေးဝကို သဘာဝအလျောက် ထွင်းဖောက် ထိုးထွင်း၍ မြင်ရခြင်းသည် 'သောတာပတ္တိမဂ်' ဉာဏ် မည်၏။

၁၅ - သစ္စာ လေးအင် သဘောမြင်၍ ကြည်လင်ခြင်း အဖြာ ဖြာ ကိုယ်စိတ်ချမ်းသာ ဖြစ်ပေါ်လာခြင်းသည် 'သောတာပတ္တိဖိုလ်' ဉာဏ် မည်၏။

၁၆ - ကိုယ်စိတ်နှစ်ဖြာ ကြည်လင် ချမ်းသာ၍ ငါသည် မဂ်ကို

ရပြီ၊ ဖိုလ်ကိုရပြီ၊ နိဗ္ဗာန်ကို ရပြီ ဟု ဆင်ခြင်စဉ်းစားခြင်း, ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ နှစ်ရပ် ပယ်ကြဉ်ဖြတ်နိုင်ပြီးနောက် ဖြတ်ဘို့ရာ ရှစ်မျိုးသာကျန်တော့သည်ဟု ဆင်ခြင် စဉ်းစားမှုများသည် 'ပစ္စဝေက္ခဏာ' ဉာဏ်မည်၏။

(က) ခန္ဓာတိုင်းပင်၊ သဘောမြင်၊ ဉာဏ်စဉ် ၁၆ - ဖြာ။

(ခ) ရုပ်နာမ်တိုင်းပင်၊ ၁၆ - အင်၊ ဉာဏ်စဉ်ရှာကြည့်ပါ။

(ဂ) ဉာဏ်စဉ်ဆုံးဖြတ်၊ သဘောမှတ်၊ ဝိပဿနာသာ။

အဆင့်အတန်း နှင့် လုပ်ငန်းအားလျော်စွာ ဆက်ခါဆက်ခါ အားထုတ်ကြပါမူ ပဌမ ဝေါဒန် သကဒါဂါမိ မဂ်ဖိုလ်, ဒုတိယ ဝေါဒန် အနာဂါမိ မဂ်ဖိုလ်, တတိယ ဝေါဒန် အရဟတ္တမဂ်ဖိုလ် တို့သည် ပုဂ္ဂိုလ်အားလျော်စွာ ဖြစ်ပေါ်လာကြကုန်၏။

တဆယ့်ခြောက်ပါးသော မဂ်ကိစ္စ ဟူသည်ကား—

၁ - ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း။

၂ - သမုဒယသစ္စာကို ပယ်စွန့်နိုင်ခြင်း။

၃ - နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း။

၄ - မဂ္ဂသစ္စာကို ပွားများစေခြင်း။

ဤကိစ္စ လေးပါးကို သောတာပတ္တိမဂ်သည်, သကဒါဂါမိမဂ်သည်, အနာဂါမိမဂ်သည်, အရဟတ္တမဂ်သည် တပြိုင်နက် သိကြရသောကြောင့် မဂ်ကိစ္စ ၁၆ - ပါး ဖြစ်၏။

တဆယ့်ကိုးပါးသော ပစ္စဝေက္ခဏာဉာဏ် ဟူသည်ကား —

၁ · မိမိရသော မဂ်ကို
၂ · မိမိရသော ဖိုလ်ကို
၃ · မျက်မှောက်ပြုသော နိဗ္ဗာန်ကို
၄ · ပယ်ပြီးသော ကိလေသာကို
၅ · မပယ်ရသေးသော ကိလေသာကို
} ဆင်ခြင်သည်။

သောတာပန် ပုဂ္ဂိုလ်၌ ငါးပါး, သကဒါဂါမ် ပုဂ္ဂိုလ်၌ ငါးပါး, အနာဂါမ် ပုဂ္ဂိုလ်၌ ငါးပါး, ရဟန္တာပုဂ္ဂိုလ်၌ ကြွင်းကျန်သော ကိလေသာ မရှိ၍ လေးပါး· ပေါင်း ၁၉ · ပါး ဖြစ်၏။

—

မဂ်ပယ်စဉ် ဖြစ်သော ကိလေသာ ဆယ်ပါး

၁ · ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ နှစ်ပါးကို သောတာပတ္တိမဂ် ပယ်သတ်၍ လောဘ, ဒေါသ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ရှစ်ပါးကို မပယ်မသတ်နိုင်သေး ဟု မှတ်။

၂ · သကဒါဂါမိမဂ်သည်ရှုန့်ရင်းကြမ်းတမ်းသောလောဘ, ဒေါသ, မောဟ ကိလေသာ တို့ကို ခေါင်းပါးစေ၍ သိမ်မွေ့သော ရာဂ, ဒေါသ, မောဟ, မာန, ဥဒ္ဓစ္စ အဟိရိက, အနောတ္တပ္ပ ကိလေသာတို့ကို မခေါင်းပါးစေနိုင်သေး ဟု မှတ်။

၃ ။ အနာဂါမိ မဂ်သည် ကာမရာဂ, ဒေါသတို့ကို အပြတ် ပယ်သတ်နိုင်၏၊ ဘဝရာဂ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ကိလေသာ တို့ကို အကြွင်းမဲ့ မပယ်နိုင်သေး ဟု မှတ်။

၄ ။ အရဟတ္တမဂ်သည် ဘဝရာဂ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ကိလေသာ တို့ကို အကြွင်းအကျန် မရှိ အလုံးစုံ ပယ်သတ်နိုင် သဖြင့် ကြွင်းသော ကိလေသာ မရှိတော့ ဟု မှတ်။

မဂ္ဂ ဝီထိကျပုံ

ဘဝင်္ဂစလ, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, သောတာ ပတ္တိမဂ်စိတ် တကြိမ်, ဖိုလ်စိတ် နှစ်ကြိမ် သုံးကြိမ်, ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။

၁ ။ ဘဝင်္ဂစလန ။ ဘဝင်လှုပ်ခြင်း။

၂ ။ ဘဝင်္ဂုပစ္ဆေဒ ။ ဘဝင်ပြတ်ခြင်း။

၃ ။ မနောဒွါရာဝဇ္ဇန်း ။ အာရုံ ဆင်ခြင်ခြင်း။

၄ ။ ပရိကံ မဂ်ကို ပြုပြင်တတ်သည်။

၅ ။ ဥပစာ ။ မဂ်၏ အနီး၌ ဖြစ်သည်။

၆ ။ အနုလုံ မဂ်အား လျော်သည်။

၇ ။ ဂေါတြဘူ ပုထုဇဉ်အနွယ်ကို နှိပ်ကွက်၍ အရိယာ အနွယ်ကို ပွားစေတတ်သည်။

၈ ။ မဂ်- ဆိုင်ရာ ကိလေသာတို့ကို သတ်၍ သစ္စာ လေးရပ်ကို တပြိုင်နက် သိသည်။

၉ ・ ဖိုလ်— မဂ်၏ အကျိုး ဖြစ်သည်။
၁၀ ・ ဘဝင်・ ဖြစ်ဆဲဘာ မနောသပြတ် တစပ်ဘည်း ဖြစ်ကြောင်း။

မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ စိတ်တို့သည် ကောဘုမ္မိက သင်္ခါရ တို့ကို အာရုံပြုသည်။

ဂေါတြဘူ မဂ်စိတ် ဖိုလ်စိတ် တို့သည် နိဗ္ဗာန်ကို အာရုံ ပြုကြကုန်၏။

ရှေ့ဘဝင် နောက်ဘဝင် တို့သည် ကံ, ကမ္မနိမိတ်, ဂတိ နိမိတ် အားဖြင့် သုံးပါး တို့ဘွင် တပါးပါးကို အာရုံပြု ကုန်၏။

၇ ・ ဉာဏ ဒဿန ဝိသုဒ္ဓိ ဟူသည်ကား—

မဂ်ဉာဏ် လေးပါး ဖိုလ်ဉာဏ် လေးပါး ရှစ်ပါး အပေါင်း ကို ခေါ်ရသည်၊ သောတာပတ္တိ မဂ္ဂဝီထိ၌ ဂေါတြဘူ ရှိသော် လည်း သကဒါဂါမိ မဂ္ဂဝီထိ၌ ပဌမဝေါဒါန်, အနာဂါမိ မဂ္ဂဝီ ထိ၌ ဒုတိယဝေါဒါန်, အရဟတ္တ မဂ္ဂဝီထိ၌ တတိယဝေါဒါန် ကို အစဉ်အတိုင်း ထည့်သွင်း ရေတွက်နည်းများ သတိ အထူး ပြု၍ မှတ်သားလေ့လာ ဆည်းပူးနိုင်ကြ စေကုန်။

မှတ်ချက်။ ။ဤကျမ်း၌ အကျဉ်းသဘောပ လုပ်ငန်းစဉ် ပြလိုက် သည်၊ အကျယ်ကို သိလိုပါက "ဒွတ္တိံသလောကဒီပနီ" အမည် ရှိသော ကျမ်းကြီးကို ဆက်လက် ကြည့်ရှု ပါလေ။

အဘိဏှာသုတ်

—

ရွတ်ပွားရန် နှိုးဆော်ချက်

သာသနာဝင်၊ သူတော်စဉ်ဟု၊ ပေါ်လွင်ထင်ရှား၊ ရှင်လူများတို့၊ စဉ်းစား ဆင်ခြင်၊ မပြတ်မြင်အောင်၊ နေ့စဉ်ကြံတွေး၊ သတိပေးဘို့၊ အရေးကြီးစွာ၊ အဘိဏှာ ဟု၊ သညာဘွဲ့ချုပ်၊ သဘောဟုတ်သည့်၊ လောကုတ္တရာ၊ သုတ်မဟာကို၊ မြတ်စွာဘုရား၊ တပည့်များကို၊ ဟောကြားမိန့်မှာ၊ ရှိခဲ့ပါ၏၊ ရောက်လာတည်နှား၊လူနတ်များတို့၊ ဝင်စားစိတ်မှာ၊နာကြားပါလော့၊ ပညာဉာဏ်အား၊ တိုးတက် ပွားလျက်၊ မိုက်မှား ပယ်ဖျောက်၊ အလင်းရောက်လိမ့်၊ မဂ်ပေါက် ဖိုလ်ဝင်၊ နိဗ္ဗာန်မြင်အောင် မဂ္ဂင် ရှစ်ပါး၊ ဆောင်ကျင့်ပွားဘို့၊ တရား ဉာဏ်ထူး၊ လွန့်ကွန့်မြူးလျက်၊ ဆည်းပူးလမ်းမှန်၊ အားထုတ်သန်၍၊ မဂ္ဂဉာဏ်ပွားတိုး၊ မြတ်ကောင်းကျိုးကို၊ အားကိုး ယုံကြည်၊ ပညာတည်လျက်၊ စွဲမည်ဝဋ္ဋနှောင်၊တေးဘုံထောင်မှ၊ ခွာရှောင်ဘို့ရန်၊လုံ့လသန်ပြီး၊ နိယံမပြတ်၊ ဆင်ခြင်အပ်သည့်၊ အမြတ်သမုတ်၊ အဘိဏှာသုတ်ကို ဖော်ထုတ်ပြတ်သား၊ ရွတ်ဆိုပွားမည်၊ ကောင်းနှားစိုက်ကြပါကုန်လော့။

အဘိဏှသုတ်

၁ ။ ပဥ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိ
တဗ္ဗာနိ၊ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန
ဝါ ပဗ္ဗဇိတေန ဝါ ကတမာနိ ပဥ္စ—

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေးရှုတတ် အိုသူမြတ်တို့။ ပဥ္စ၊ သရုပ်ပိုင်းခြား သဘောအားဖြင့် ငါးပါး ရှိကုန်သော။ ဣမာနိဋ္ဌာနာနိ၊ ကျရောက် စုပေါင်း ကြောက် ဘွယ်ကောင်း၍ အကြောင်းထင်ရှား ဤတရားတို့ကို။ ဣတ္ထိယာ ဝါ၊ သာသနာသုံးဝ ဆောင်ပွားခွင့်ရတဲ့ မိန်းမများသည် ၎င်း။ ပုရိသေန ဝါ၊ သိက္ခာသုံးပါး ဆောင်ကျင့်ပွားနိုင်တဲ့ ယောကျ်ား များသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ အိမ်ရည်ပေါ်များ လူ့ခေါ်ထားတဲ့ လူသား, လူစစ်သည်၎င်း၊ ပဗ္ဗဇိတေန ဝါ၊ လောကုတ္တရာလမ်း လွန်ကြိုးပမ်းတဲ့ ရဟန်း သာမဏေများသည်၎င်း။ အဘိဏှံ၊ နေ့စဉ်မပြတ် သတိချပ်လျက် အထပ်ထပ် အကြိမ်ကြိမ် သာ။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ကိုယ်တွေ့မျက်မြင် ဉာဏ်၌ ထင်အောင် ဆင် ခြင်အပ်ကုန်၏။ ပဥ္စ၊ ငါးပါးစုပေါင်း ဟောင်းသစ် ပြောင်းတဲ့ အကြောင်း တရားတို့ ဟူသည်။ ကတမာနိ၊ အဘယ်သို့ ထင်ရှား အဘယ်တရားတို့နည်း ဟူမူကား—

၂ ။ ဇရာဓမ္မောပိ ဇရံ အနတီတော တိ
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

အဟံ၊ ခန္ဓာငါးစု ဟောင်းသစ် ပြုလျက် ပေါင်းစုနေသော ငါသည်။ ဇရာဓမ္မော၊ ရုပ်နာမ်ခပင်း ပျက်ပြိုဆင်း၍ အိုခြင်း

ရင့်ခြင်းသဘော ရှိသည်။ အမှို၊ ဉာဏ်ဖြင့် စဉ်းစား သတိထား ပါက ထင်ရှား ဖြစ်ရလေတော့၏။ ဇရ ၊ ပြုပြင်နေယင်း ရွတ်ယို ယွင်း၍ အိုမင်း ရင့်သော ဇရာသဘော တရားတွေကို။ အနတိ တော၊ လောကဓာတ်ဉာဏ် အစွမ်းသန်သော်လဲ ကေန် မလွန် ဆန်နိုင်တော့ချေ။ ဣတိ၊ သဘောမချို့ လမ်းမှန်ပို့၍ ဤသို့ သာလျှင်၊ အဘိဏှံ၊ အချိန်မလပ် ဉာဏ်ဖြင့် စပ်လျက် အထပ် ထပ် အကြိမ်ကြိမ် သာ။ ပစ္စဝေက္ခိတဗ္ဗံ၊ ဟုတ်မှန်တိုင်းပင် တကယ်မြင်အောင် ဆင်ခြင် အပ်လေတော့ သတည်း။ ဝါ၊ ဟုတ်မှန်တိုင်းပင် တကယ်မြင်အောင် ဆင်ခြင် စဉ်းစားကြပါ တော့လော။

၃ ・ ဗျာဓိဓမ္မောမှိ ဗျာဓိံ အနတီတော တိ
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

အဟံ၊ အဟောင်းကုန်ပျက် အသစ်ဆက်၍ အသက်ရှင်နေ သော ငါသည်။ ဗျာဓိဓမ္မော၊ ရုပ်နာမ်နှစ်ဖြာ မသက်သာအောင် ကျင်နာခြင်း အစားစား ဗျာဓိသဘောတရား ရှိသည်။ အမှို၊ အချိန်တိုင်းပင် ပူးကပ်ယှဉ်လျက် တွင်တွင်ကြီးနှိပ်စက် ဖြစ်ပေါ် နေတော့၏။ ဗျာဓိံ၊ ခေတ်အား လျော်စွာ ဖြစ်ပေါ်လာတဲ့ ရောဂါ အစားစား နာခြင်းတရားတွေကို။ အနတီတော၊ ဝိဇ္ဇာ ပါရဂူ ဂုဏ်ထူး ယူကြသော်လဲ ဘယ်သူမှ မလွန်ဆန်နိုင်ပါပေ။ ဣတိ၊ သဘောမချို့ လမ်းမှန်ပို့၍ ဤသို့သာလျှင်။ အဘိဏှံ၊ မပြတ်မလပ် ဉာဏ်၌ စပ်အောင် အထပ်ထပ် အကြိမ်ကြိမ် သာ။ ပစ္စဝေက္ခိတဗ္ဗံ၊ ဟုတ်မှန်တိုင်းပင် သဘောမြင်အောင် ဆင်ခြင်

အပ်လေတော့သတည်း။ ဝါ၊ ဟုတ်မှန်တိုင်းပင် သဘောမြင်
အောင် ဆင်ခြင်ကြပါတော့လော။

၄ - မရဏဓမ္မောမှိ မရဏံ အနတီတော တိ
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

အဟံ၊ ရုပ်နာမ်ဖြစ်ရာ ပညတ်ပါ၍ ငါငါသမုတ် အကျွန်ုပ်
သည်။ မရဏဓမ္မော၊ ခန္ဓာပြိုပျက် အသက် မဆက်၍ အသက်
ကုန်ကင်း သေရခြင်း သဘောတရား ရှိနေသည်။ အမှိ၊ မြေကြီး
လက်ခတ် မလွဲအပ်သို့ မပြတ်ပုံသေ ဖြစ်ပေါ် နေရတော့၏။
မရဏံ၊ ခန္ဓာပျက်ပြုန်း ကာယ်သူ့ရှုံးရတဲ့ သေဆုံးခြင်း သဘော
တရားတွေကို။ အနတီတော၊ ဝိဇ္ဇာပါရဂူ ဂုဏ်ထူး ယူကြသော်
လဲ ဘယ်သူမှ မလွန်ဆန်နိုင်ပေ။ ဣတိ၊ သဘောမချို့ လမ်းမှန်
ပို့တဲ့ ဤသို့သာလျှင်။ အဘိဏှံ၊ အချိန်မလပ် နေ့ ညဉ့် မပ်
အောင် အထပ်ထပ် အကြိမ်ကြိမ် သာ။ ပစ္စဝေက္ခိတဗ္ဗံ၊ သံဝေ
ဂယှဉ် ဉာဏ်အမြင်ဖြင့် ဆင်ခြင်အပ်လေတော့ သတည်း။ ဝါ၊
တရားမဂ္ဂင် လုပ်ငန်းဝင်နိုင်အောင် ဆင်ခြင်ကြပါ တော့လော။

၅ - သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ
ဝိနာဘာဝေါ မှိတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

မေ၊ ပညတ်စိုးအုပ် ငါသမုတ်သော်လဲ နာမ်ရုပ်သာဖြစ်သော
အကျွန်ုပ်အား။ သဗ္ဗေဟိ၊ ရုပ်နာမ်ဘည်ကိန်း ပူမငြိမ်းတဲ့ ခပ်
သိမ်းကုန်သော။ မနာပေဟိ၊ အသစ်အသစ် မေတ္တာစစ်ဖြင့်
ချစ်နှစ်သက် အပ်ကုန်သော။ မနာပေဟိ၊ မေတ္တာရစ်ဖုံး မြှယ်

မနှုန်းအောင် နှလုံးကို ပွားစေတတ်သော ဆွေမြတ် မျိုးမြတ် မိတ်ဆွေမြတ်တို့နှင့်။ နာနာဘာဝေါ ဝါ၊ အသက်ရှင်ဆဲ အနန်နဲ့ ဖြင့် မလွဲသာပေ ခွဲခွာနေရခြင်းသည်ရင်း။ ဝိနာဘာဝေါ၊ ဘဝ တပါး ရွှေ့ပြောင်းသွားသဖြင့် ပူပွားကြေကွဲ လွမ်းမှုသဲလျက် သောကွဲ ကွဲရခြင်းသည်ရင်း။ အမှိ၊ အကြိမ် များစွာ မရေသာ အောင် ထပ်ကာ ထပ်ကာ ဖြစ်ခဲ့ပါတော့၏။ ဉာတိ၊ သဘော မချို့ လမ်းမှန်ပို့၍ ညွှန်သို့ သာလျှင်။ အဘိဏှံ၊ မပြတ်မလပ် နေ့စဉ်စပ်အောင် အထပ်ထပ် အကြိမ်ကြိမ်သာ။ ပစ္စဝေက္ခိတဗ္ဗံ၊ သဘောလမ်းမှန် တူသောဉာဏ်ဖြင့် သန့်သန့်ကြီး သာ ဆင်ခြင် အပ်လေတော့သတည်း။ ဝါ၊ သိက္ခာသုံးပါး တွင်တွင်ပွားနိုင် အောင် ကြိုးစား ဆင်ခြင်ကြပါတော့လော။

၆-ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ
ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော ယံကမ္မံ ကရိဿာမိ
ကလျာဏံ ဝါ ပါပကံ ဝါ တဿ ဒါယာဒေါ
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

အဟံ၊ ပုဂ္ဂိုလ်သန္တာန် ပညတ်စုံ ထုတ်သော်လဲ နာမ်ရုပ် သာ ဖြစ်သော ငါသည်၊ ကမ္မဿကော၊ ကံယုတ်ကို ပယ်ခွာ ကံမြတ် သာလျှင် ဥစ္စာအနှစ် မိမိပိုင် ဖြစ်ခွင့်ရှိသည်။ ကမ္မဒါယာဒေါ၊ ကံမြတ်သာလျှင် ကောင်းကျိုး ထင်အောင် ပို့တင်နိုင်ပေ ပွား တည်စေ၍ အမွေခံ ရှိသည်။ ကမ္မယောနိ၊ ကံမြတ် သာလျှင် ဘေးရန်ကင်းစင်အောင် ကယ်တင် ပို့ဆောင်နိုင်ခြင်း အကြောင်း

ရင်း ရှိနေသည်။ ကမ္မဗန္ဓု၊ ကံမြတ်သာလျှင် ဆွေမျိုးအသွင်ဖြင့် လိုအင်ရှိသမျှ ပြည့်ကြွယ်ဝအောင် မုချပေးနိုင်ခြင်း သဘောရင်း ရှိသည်။ ကမ္မပဋိသရဏော၊ ကံမြတ် သာလျှင် အရိယာလမ်းစဉ်ကို ပို့တင်ဆက်သွယ် ရောက်ခစလွယ်သောကြောင့် ကိုးကွယ်လည်းလျောင်းရာ ရှိသည်။ အမို၊ သာသနာခေတ် သဘောစစ်ပါက ပေါ်ဖြစ်ရလေဘော့၏။ ကလျာဏံ ဝါ၊ သာသနာသုံးရပ် လုပ်ငန်းစပ်သဖြင့် ကောင်းမြတ်သည်လည်း ဖြစ်သော။ ပါပကံ ဝါ၊ ဆင်းရဲအပေါင်း စုဆုံထောင်းသဖြင့် မကောင်းသည်လည်းဖြစ်သော။ ယံကမ္မံ၊ မြတ် ယုတ် နှစ်အင် ပိုင်းခြားမြင်သင့်တဲ့ အကြင် ကံတရားတွေကို။ ကရိဿာမိ၊ အယုတ်ပယ်ခွာ အမြတ်သာအောင် ကောင်းစွာ ပြုမိတော့၏။ တဿ ကမ္မဿ၊ မကောင်းမှု ပယ်လှန် ကောင်းမှုသန့်တဲ့ ထိုကံတရားများ၏။ ဒါယာဒေါ၊ ဆိုးမှုကိုပယ် ကောင်းမှုကို သယ်၍ စင်ကြယ်သော အမွေခံတတ်သည်။ ဘဝိဿာမိ၊ ဗုဒ္ဓသာသနာ ကြုံတွေ့ပါ၍ ကောင်းစွာ ဖြစ်ရပေတော့အံ့။ ဣတိ၊ သဘောမချို့ လမ်းမှန်ပို့၍ ဤသို့သာလျှင်။ အဘိဏှံ၊ အသိဉာဏ်မြတ် အမှန်ကပ်အောင် အထပ်ထပ် အကြိမ်ကြိမ် သာ။ ပစ္စဝေက္ခိတဗ္ဗံ၊ သဘောလေးအင်ဉာဏ်၌ မြင်အောင် ဆင်ခြင် အပ်လေတော့ သတည်း။ ဝါ၊ မဲသောကံ မဲသော အကျိုး, ဖြူသောကံ ဖြူသောအကျိုး, ရောနှောသောကံ ရောနှောသော အကျိုး, သန့်ရှင်းသောကံ သန့်ရှင်းသော အကျိုး အသိဉာဏ် တိုးအောင် အမျိုးမျိုး ဆင်ခြင်ကြရာတော့သတည်း။

၇ • ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ဌာနာနိ
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ၊ ပုရိသေန ဝါ
ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ဘိက္ခဝေ၊ ဗုဒ္ဓသာသနာ ယုံကြည်ပါ၍ ကောင်းစွာ ဆောင်ပွား အိုယောဂီအများတို့။ ဣမာနိ ပဉ္စ ဌာနာနိ၊ သဘော ထင်ရှား ဉာဏ်ဝင်စားသင့်တဲ့ ဤငါးပါးသော အကြောင်းတရားတို့ကို။ ဣတ္ထိယာ ဝါ၊ အရိယာနယ်ကူး အကျင့်ထူးကို ဆည်းပူးကြိုးစား မိန်းမများသည်ရင်း။ ပုရိသေန ဝါ၊ မဂ်ဖိုလ်တရား လွန်လိုလားတဲ့ ယောကျ်ားများသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ တရာ့တပါး အမည်များတွင် လူပါး လူနပ် လူပရမတ်များသည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ သာသနာလုပ်ငန်း လွန်ကြိုးပမ်းတဲ့ ရဟန်းသာမဏေ များသည်ရင်း။ အဘိဏှံ၊ ကိလေသာခတ် မယှဉ်မကပ်အောင် အထပ်ထပ် အကြိမ်ကြိမ် သာ။ ပစ္စဝေက္ခိတဗ္ဗာနိ၊ သံဝေဂပွားဉာဏ် ကြီးမားအောင် စဉ်းစား ဆင်ခြင်ကြပါကုန်တော့လော။

—

သံဝေဂ ဂါထာ

သဗ္ဗေ သတ္တာ မရိဿန္တိ၊ မရန္တိ စ မရိံသု စ။
တထေဝါဟံ မရိဿာမိ၊ နတ္ထိ မေ ဧတ္ထ သံသယော။

သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံ ကုန်သော။ သတ္တာ၊ ယုတ်မြတ်ဆိုးကောင်း အပေါင်းများစွာ သတ္တဝါတို့သည်။ မရိဿန္တိ၊

ရေမျောမီးဖုတ် မြေမြှုပ်သဂြိုဟ် ခန္ဓာကိုယ် အညွန့်တုံးသဖြင့် အကုန်လုံး သေကြကုန်လတံ့။ မရန္တိ နေ့ညဉ့်မစဲ ဘုန်းဘုန်း လဲ၍ ပုပ်ပွတွေကြုံ သေလဲသောကြရကုန်ဆဲ။ မရိ သုစ၊ ဟို ရှေး ယခင် ဖြစ်ခဲ့စဉ်လည်း ချမြင်ခုပျောက် သေခြင်းသို့ ရောက်ခဲ့ကြ ကုန်လေပြီ။ တထော၊ ထိုသေသူအများ မခြားနမူ အလားတူ သာလျှင်။ အဟံ၊ သက္ကာယနယ် ကျယ်ထက် ကျယ်အောင်အပုပ် ကောင်ကို ရုပ်ဆောင်မှန်းတင် နယ်ချဲ့ ထွင်သော ငါသည်၊ မရိဿာမိ၊ ပွဲလယ်ပြင်ပ ရုပ်မလှဘဲ မုချကို သေရဦးအံ့။ မေ၊ ကုသိုလ်ဆိုလျှင် စိတ်ငြိုငြင်၍ သဘင်ပျော်ပွဲ ဖော်သဟဲနှင့် အ တော်နွဲချင်သော ငါ့အား၊ ဧတ္ထ၊ ဤလူလယ်ခေါင် ပုတ်ပွပွနှင့် ရုပ်မလှတာတွေကို ထုတ်ပြရတဲ့ ဒုက္ခဆိုသော ့သေခြင်း တရား ၌။ သံသယော၊ သေရအံ့လော မသေလော ဟု တွေးတော ယုံ မှား သံသယ တရားသည်၊ နတ္ထိ၊ သေသူစိစိ ဉာဏ်ရှုကာ ကြည့် လိုက်တော့ အော် - အမှန် ပင် မရှိတော့လေပြီတကား။

—

သီလတော်း

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသ ပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ။

သာသနေ၊ ငါးထောင် သာသနာ တော်ဝဇ္ဇာ ဟု ရောင်ဝါ ပွင့်လင်း ခေတ်ကောင်းကြီး အတွင်း၌။ ကုလပုတ္တာနံ၊ သာသ နာတော် တန်ဘိုး အလှန် အားကိုးကြတဲ့ အမျိုးကောင်း သား၊ သမီးတို့အား။ ယံသီလံ၊ ဒုစရိုက်ဆိုလျှင် အကုန် ပယ်ကြဉ်ရတဲ့

မဂ္ဂင် သီလမြတ်ကို။ ဝိနာ၊ ဆောင်ပွားမှုများ မလေးစား တော့ဘဲ ကြဉ်ထားကြသည် ရှိသော်။ ပတိဋ္ဌာ၊ ချမ်းသာ အလီလီ တိုးတက်စည်နိုင်တဲ့ ဆောက်တည်ရာများသည်။ နတ္ထိ၊ ပညာ မျက်စိ အစွမ်းကို ကြည့်သော်လဲ မရှိ မတွေ့နိုင်တော့ပေ။ တဿ သီလဿ၊ လောကုတ္တရာနယ်ဘက် ဆောင်ပို့တတ်စေသည့် ထို မဂ္ဂင် သီလထူးများ၏။ အာနိသံသပရိဗ္ဗောဒ်၊ ကိလေသာ ဖယ်ချိုး ချမ်းသာတွေ တိုးရမည့် အကျိုးထူး အပိုင်းအခြားကို။ ကောပုဂ္ဂ လော၊ ပုထုဇဉ်နယ် အမြင်ကျယ်ကြတဲ့ အဘယ်ပညာရှိများ သည်။ ဝဒေ၊ မဂ္ဂင်သီလအား သဘောများကို ဟောကြားနိုင်ပါ အံ့နည်း။ နဝဒေ ကိလေသာပယ်မျော မဂ်သဘောများကြောင့် မဟောကြားနိုင်ရာ တော့သတည်း။

ပါကဋ၊ ပညာရှင်အစားစား အသုံးအစွဲများသောကြောင့် ထင်ရှားလှပေသော။ ဝစနံ၊ ဗုဒ္ဓမတည့ ခေါ်တွင် ပြုရအောင် ညဏ်ထုကြီးမားတဲ့ စကားရပ်တွေကို။ သုတွာန၊ အာရုံဆောင် ထား သဘောသွားကို နာကြားရပါကုန်သည် ဖြစ်၍။ အမှာ ကံ၊ သေးမျိုးသော အသိ အမြဲ ရှိကြတဲ့ တပည့်တော်တို့အား။ တွံ၊ သာသနာသုံးအင် လုပ်ငန်းဝင်ပေသည့် အရှင်မြတ်ဘုရား သည်။ သီလံ၊ အမျော နှင့် အမြုပ် ပယ်ကြည်ဖြုတ်နိုင်တဲ့ လော ကုတ္တရာ နယ်သွား မဂ္ဂင်သီလ တရားတော်ကို။ ဒေထ၊ ပီသပြတ် သား မတိမ်း မမှားရအောင် သင်ကြား ဆိုပေးပါကုန် အရှင် ဘုရား။

သီလတောင်း

နတ္ထိ မာတာ ပိတာ ကယိရာ၊ အညေ ဝါပိစ ဉာတကာ။
သမ္မာ ပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။

တံသုခံ၊ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ဆိုတဲ့ ထိုချမ်းသာကြီးတွေကို။ မာတာ၊ မွေးသမိခင် ကျေးဇူးရှင်သည်။ နကယိရာ၊ ရပါစေ ဟု အားထုတ်မှုဖြင့် မပြု မပေးနိုင်ပေရာ။ ပိတာ၊ ကျွေးမွေးပြုပြင် ကျေးဇူးရှင် ဖြစ်တဲ့ ဖခင်ကြီးသည်။ နကယိရာ၊ ရပါစေဟု အားထုတ်မှုဖြင့် မပြု မပေးနိုင်ပေရာ။ အညေ၊ မိခင် ဖခင် ကျေးဇူးရှင်များမှ တပါး တခြား ဖြစ်ကုန်သော။ ဉာတကာဝါ ပိစ၊ ဆွေမျိုးသားချင်း မိတ်ဆွေရင်း နှင့် အသင်း အဖွဲ့တို့သည်လည်း။ နကရေယျုံ၊ ရအောင်ဆည်းစု ရစေမှုဖြင့် မပြုမပေးနိုင် ကြကုန်ရာ။ သမ္မာပဏိဟိတံ၊ ဒုစရိုက်ကုန် ပယ်ခွာ သုစရိုက် တည်လာအောင် ကောင်းစွာ ဆောက်တည် ပွားများ၍ ထားအပ်သော။ စိတ္တံ၊ ဒေါသ ပယ်ဖြတ် စိတ်ကောင်း စိတ်မြတ်၊ လောဘပယ်ဖြတ် စိတ်ကောင်း စိတ်မြတ်၊ မောဟပယ်ဖြတ် စိတ်ကောင်း စိတ်မြတ်များသည် သာ။ တတော၊ ထိုမိဘ ဆွေမျိုး သဘောရိုးတဲ့ အားကိုးလောက်သော သူအပေါင်းထက်။ နံပုဂ္ဂလံ၊ မဂ်သာသီလ, မဂ်သီလ ဟု နေ့ညဆောင်ပွားသော ထိုပုဂ္ဂိုလ်မြတ်ကို။ သေယျသော၊ တဆင့်ထက် တဆင့် အသိဉာဏ်ရင့်၍ အမြင့်ကြီးမြင့် အမြတ်ကြီး မြတ်ရလေအောင်။ ကရေ-ကရေယျတိ၊ စိတ်ကောင်း ကြံ့ခိုင် ပွားများမှု ပိုင်သဖြင့် ပြုနိုင် ပေးနိုင်လေတော့သတည်း။

ပါဠိတော်မြတ် သဘောရပ်တို့ကို သုံးသပ်ဆင်ခြင် ဉာဏ်ဦး မြင်၍ မဂ္ဂင်သီလ ယူလိုကြသဖြင့် ဌာနများစွာမှ တည်ရောက် လာကြတဲ့ ဒကာ, ဒကာမအပေါင်း အမျိုးကောင်း တို့အား အကြောင်း အားလျော်စွာ ထေရ်သံဃာက ညီညာဖျဖျ ကိုယ် စီရအောင် ရှေ့က ဆိုပေးပါမည့် အကြောင်း အခွင့်တောင်း လျှောက်ထား ပါသည် သံဃာတော်သခင် အရှင်သူမြတ်ဘုရား။

—

သီလတောင်း

(သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဘာသာပြန် နံပတ် ၁၃ ၌)

သဗ္ဗဒါ သီလသမ္ပန္နော၊ ပညဝါ သုသမာဟိတော၊
အာရဒ္ဓဝီရိယော ပဟိတတ္တော၊ ဩဃံ တရတိ ဒုတ္တရံ။

ယောဇနော၊ မင်ဖိုလ်လမ်းစဉ် ဆောင်ပွားယှဉ်လိုတဲ့ အကြင် သူသည်။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ကံသုံးဖြာ၌ အခါခပ်သိမ်း။ သီလသမ္ပန္နော၊ ဒုစရိုက်ဆိုလျှင် နှုတ်မြွက်ကြဉ်၍ ပြုစင်သော သီလနှင့် ပြည့်စုံ၏။ ပညဝါ၊ အကျယ်ပွားကာ သိမြင်ပါတဲ့ ပညာလုပ်ငန်း ရှိပါပေ၏။ သုသမာဟိတော၊ ပရိညာငါးလီ ပွားနည်းစုံမှီလျက် ခိုင်တည်သော သမာဓိ ရှိပေ၏။ အာရဒ္ဓဝီရိ ယော၊ မဂ္ဂင်အလုပ် နောက်မဆုတ်ဘဲ အားထုတ်အပ်သော လုံ့လဝီရိယ ရှိပါပေ၏။ ပဟိတတ္တော၊ ကမ္မဋ္ဌာန်းဝင်၌ ဒုက္ခကျွတ် အောင် စွန့်လွှတ်အပ်သော ကိုယ်စိတ် ရှိပါပေ၏။ သောဇနော၊ သောတာပန်တူ အကျင့်ပြုသည့် ထိုသူမြတ်သည်၊ ဒုတ္တရံ၊

သံသရာတလျှောက်လုံး အချိန်တော့ ဖြုန်းခဲ့သဖြင့် အဆုံးတိုင် ကူး သွားနိုင်ခဲ့ထသော။ ညြဿံ၊ မြုပ်ကြ မျောကြ ဆင်းရဲလှတဲ့ ညြဿလေးဖြာ သံသရာကြီးကို။ တရတိ၊ သိက္ခာ သုံးဆိုင် ကျင့် ပွားပိုင်၍ ကူးနိုင်, ထွက်နိုင်လေတော့သတည်း။

သဂါထာ၀ဂ္ဂ၊ အမည်ရသည့်၊ ဗုဒ္ဓအာဘော်၊ ပါဠိတော်ကို ရှုမျှော်ထောက်ထား၊ သတိထားလျက်၊ စဉ်းစားဝေဖန်၊ အမြင် သန့်သော်၊ သုံးတန် သိက္ခာ၊ ဆောင်ပွားပါမှ၊ လေးဖြာ ညြဿ၊ ကျွတ်လွတ်ရ၍၊ ဒုက္ခများစွာ၊ ချုပ်ငြိမ်းရာ၏၊ သံဿာတော်သခင် ထေရ်အရှင်က၊ သုံးအင် သာသနာ၊ ပေါ်ရှိလာအောင်၊ မေတ္တာ ရှေ့ထား၊ တပည့်များကို၊ သင်ကြား ဆိုပေးပါမည့်အကြောင်း အခွင့်တောင်း လျှောက်ထားအပ်ပါသည် သံဿာတော် သခင် အရှင်သူမြတ်ဘုရား။

—

တရားတော်

အဘယေ ဘယဒဿိနော၊ ဘယေစ ဘယဒဿိနော။
မိစ္ဆာဒိဋ္ဌိ သမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

အဘယေ၊ အပြစ်ကင်းဘိ ဘေးမရှိတဲ့ အဓိသီလ, အဓိစိတ္တ, အဓိပညာ သာသနာတော်၌။ ဘယဒဿိနော၊ အဝိဇ္ဇာကံစု မိစ္ဆာထုံကြောင့် ဘေးဟုရှုလေ့ရှိကြကုန်၏။ ဘယေစ၊ ပုံသူ တိုင်းမျောမြုပ် အဝိဇ္ဇာစိုးအုပ် ဘေးဟုတ်တဲ့တရား သခ်ါရ သုံးပါး၌လည်း။ အဘယဒဿိနော၊ အစဉ်ထာဝရ ပုံနေကြမို့ ဘေးမဟုတ်ဟု ရှုလေ့ရှိကုန်၏။ မိစ္ဆာဒိဋ္ဌိ သမာဒါနာ၊ လော

ကုတ္တရာကိုပယ်ရှား လောကီတရားကို သာ ကြိုးစား ဆောက်တည် ပွားများ ယုံကြည် နေကြကုန်သော။ သတ္တာ၊ သတ္တဝါ လေးတန် သဘောမှန်ကို ကောန်မသိပါ သတ္တဝါ တို့သည်။ ဒုဂ္ဂတိ၊ လူမိုက် အစားစား စု တည် နားရတဲ့ လေးပါးသော အပါယ်ဘုံကြီးများသို့။ ဂစ္ဆန္တိ၊ အမှန်ကိုပယ်ရှား မိစ္ဆာတရား တို့ကြောင့် ရောက်လားကျဆင်း ရလေကုန်တော့ သတည်း။

မြတ်စွာဇိန၊ ဟောညွှန်ပြသည့်၊ ဓမ္မဒေသနာ၊ ဤဂါထာကို လေ့လာစဉ်းစား၊ သတိထားသော်၊ အမှားနှင့်အမှန်၊ ဤနှစ်တန်ကို၊ ဝေဘန်ပိုင်းခြား၊သိသူများကား၊နည်းပါးလှပါ၊ မသိသာ၍ မိစ္ဆာတရား၊ အကျင့်မှားကြောင့်၊ လေးပါးပါယ်ရွာ၊ ရောက်ရပါ၏။ သံဃာတော်သခင်၊ ထေရ်အရှင်က ပေါ်လွင်ပြတ်သား ပါယ်မလားအောင်၊ တရားလမ်းမှန်၊ ကျင့်ပွားရန်ကို၊ ဝေဖန်ဆုံးဖြတ်၊ပရိသတ်တို့အား၊ ကန့်သတ်ပိုင်းခြား၊ အသိပွားအောင်၊ ဟောကြားတော်မူပါမည့် အကြောင်း အခွင့်တောင်း လျှောက်ထားအပ်ပါသည် သံဃာတော်သခင် အရှင်သူမြတ်ဘုရား။

ခေတ်မီ တရားတော်

ဗုဒ္ဓသာသနာ၊ တေဝိဇ္ဇာ၍၊ လူ့ရွာတည်နား၊ လူအများတို့ သုံးပါးကိလေ၊ ဝဋ်နှောက်မြှေ၍၊ ငြစ်ပေဒုစရိုက်၊ မှားအမိုက်ကို အားတိုက် ကြိုးစား၊ သဘောများကြောင့်၊ ဘုရားရှင်ကိုမေ့၊ တရားကျင့်စဉ်ကွေ့လျက်၊ အလေ့ကောင်းရှိပါ၊ မြတ်သံဃာကို ရှောင်ခွာဖြတ်ပယ်၊ ယောင်လယ်လယ်နှင့်၊ စင်ကြယ်စိတ်ထား

မတည်နှားတဲ့၊ ယောကျ်ား - မိန်းမ၊ ပေါ်များလှ၍၊ ရာဂဒေါသ မောဟပွားစီး၊ မိုက်လုံးကြီးလျက်၊ ပူမီးမအေး၊ ဒုက္ခဘေးတို့ ရှောင်ပြေးမလွတ်၊ ဝဋ်မကျွတ်ဘဲ၊ တော်မွတ်ပင်ပန်း၊ မရှင်လန်း အောင်၊ညှိုးနွမ်းနေပါ၊လူများစွာတို့သည်၊ချမ်းသာဘို့ရေး၊ မျှော် လင့်တွေး၍၊ ကောင်းရေးကောင်းရာ ပြုလုပ်ပါလည်း၊ ပညာကန့် ညက်ကမဲ့သဖြင့်၊ တူးကဲ ကောင်းကျိုး၊ မပွားတိုးဘဲ၊ ဘေးမျိုးစုံ စွာ၊ ဘုံသုံးရွာ၌၊ ထပ်ကာထပ်ကာ၊မြုပ်မျောပါ၍၊ သုံးဖြာ ဝဋ် နှောင်၊ တေဘုံတောင်မှ၊ လွတ်အောင်ကြိုးစား၊ နည်းလမ်းများ ကို၊ တရားနာသူ၊ အပေါင်းလူတို့၊ ကြည်ဖြူ စိတ်ယှဉ်၊ အား ထုတ်ချင်အောင်၊ မဂ္ဂင်ပွားနည်း၊ နိဿျည်းနှင့်၊ ပူမီးကုန်ခန်း၊ တဖက်ကမ်းသို့၊ တက်လှမ်းနိုင်သည်၊ ပါရမီဟု၊ ဆယ်လီလုပ်ငန်း ကျင့်စည်းကမ်းတို့ကို၊ ကြိုးပမ်းပြုလုပ်၊ နောက်မဆုတ်ဘဲ၊ အား ထုတ်ဘို့ရေး၊ ဝန်မလေးအောင်၊ ငြိမ်းအေးဓမ္မ၊ အာရုံပြုလျက်၊ ကရုဏာသခင်၊ ဘုရားရှင်၏၊ သုံးအင် သာသနာ၊ ကြီးပွားလာ ၍၊ လေးရွာပါယ်ရုပ်၊ သေခန်းပြတ်အောင်၊ အမြတ် သံဃာ၊ ထေရ်ဆရာက၊ ရောက်လာပြည့်ကြပ်၊ ပရိသတ်တို့အား၊ နိပါတ် ဇာတ်လမ်း၊ အခမ်းခမ်းဖြင့်၊ စည်းကမ်းကျနာ၊ ဟောညွှန်ပြဘို့၊ ဂါရဝပွားတိုး၊ လက်အုပ်မိုးလျက်၊ ရှိခိုး တောင်းပန်ပါသည် သံဃာတော်သခင် အရှင်သူမြတ်ဘုရား။

တရားတောင်း

မျက်မှောက်၊ မျက်ကွယ်၊ မျောမြုပ်မှုပယ်၍၊ စင်ကြယ်နှာမံ၊ အရဟံဟု၊သုံးတန်ဘုန်းနှယ်၊ ဂုဏ်ထူးကြွယ်လျက်၊ တင့်တယ်ထင်

ရှား၊ မြတ်စွာဘုရား၏ ညွှန်ကြားတော်မူခဲ့ပါ၊ ဒေသနာကို၊ လေ့လာကြိုးစား သဘောများကြောင့်၊ တရားဟောပြ၊ ကထိကဟု၊ နာမတွင်လာ၊ ထေရ်သံဃာဘုရား၊ အကြောင်းတိုက်ဆိုင်၊ အကျိုးဟုန်တို့ကြောင့်၊ စုဆို တည်နား၊ တပည့်များတို့အား၊ လေးပါး သစ္စာ၊ ကျွန်းဂန်လာကို၊ စိတ်ဖြာဝေဘန်၊ အမြင်သန်အောင်၊ လမ်းမှန်ကိုကား၊ ထောက်အထားဖြင့်၊ ဇာတ်သွားဝတ္ထု၊ ပုံစံပြုလျက်၊ လူထုပရိသတ်၊ နာကြားတတ်အောင်၊ ကန့်သတ် ပိုင်းခြား၊ ဟောညွှန်ကြားမှ၊ ကျင့် ပွားမှု သန့်၊ ဝိပဿနာဉာဏ်ကို၊ ကောင် ရယူ၊ ဆင်းရဲထုတ်၊ တောဘုမိထောင်၊ တကျောင်းနှောင်မှ၊ လွတ်အောင်ကြိုးစား၊ ထွက်နိုင်သူများပါလိမ့်။ ဘုရားရှင်ကိုယ်စား၊ အရှင်မြတ်ဘုရားက၊ လေးပါးသစ္စာ၊ ခွဲစိတ်ဖြာလျက်၊ သေချာပြတ်သား၊ ဟောညွှန်ကြားပါမည့်အကြောင်း ပရိသတ် အပေါင်းတို့ ကိုယ်စား လျှောက်ထားအပ်ပါသည် သံဃာတော်သခင် အရှင်မြတ်ဘုရား။

သစ္စာလေးပါး ခေတ်မှီ တရားတောင်း

ငါးထောင် သာသနာ၊ တေဝိဇ္ဇာဥ်၊ လူ့ရွာတည်နား၊ လူအများတို့သည်၊ သုံးပါးစိုးအုပ်၊ ကာလိယုဂ်ကြောင့်၊ အလုပ် မမှန်၊ အပြောသန်လျက်၊ သုံးတန် ကိလေ၊ မိုက်မဲကြွဘဲ၊ ဆူဝေလျှံတက်၊ လွန်ကြူးချက်ဖြင့်၊ တိုးတက်ထကြွ၊ သောင်းကျန်းကြ၍၊ မောဟ မိုက်ဆက်၊ မျိုးမပျက်ဘဲ၊ အသက် ခန္ဓာ၊ တည်ရပါလည်း၊ ယုတ်မာမှုများ၊ အားထုတ်ပွားပြီး၊ တာဆီးမရ၊

ဒိဋ္ဌိကြွလျက်၊ မာနတဏှာ၊ လွန်ကဲစွာဖြင့်၊ ဖြာဖြာမှုမိုက်၊ ဒုစရိုက်ကို၊ အားတိုက်စုဆောင်း၊ အပါယ်အောင်းဘို့၊ မကောင်းမှုကား၊ အချိန်တိုင်းပွားလျက်၊ တရားကောင်းရော၊ မပွားသာအောင်၊ လေ့လာမှုတိုး၊ အကျင့်ဆိုးတို့၊ ပြည့်ဖြိုးတည်ရောက်၊ အမြင်မှောက်၍၊ အံ့လောက်ဘုရား၊ အံ့လောက်တရား၊ အံ့လောက်သံဃာ၊ မသိပါဘဲ၊ သာသနာသုံးပါး၊ ကျင့်တရားလဲ၊ အင်အား ဆုတ်ယုတ်၊ ကွယ်တိမ်မြုပ်ဘို့၊ သေးနုတ် ဂုဏ်ဝါ၊ မလင်းသာအောင်၊ မိစ္ဆာယူမှား၊ အကျင့်မျှားက၊ အင်အားအရှိ၊ စွမ်းကုန်ဖိလျက်၊ သတိ ပညာ၊ သေးသူမှာကား၊ မိစ္ဆာကိုပင်၊ သမ္မာထင်ပြီး၊ နေ့စဉ်ကြိုးစား၊ ပြုပါငြားလည်း၊ ဘုရားရှင်အလို၊ မဂ်နှင့် ဖိုလ်ကို၊ ဝင်ခိုဘို့ရေး၊ ခရီးဝေးလျက်၊ ရှုပ်ထွေးခန္ဓာ၊ သံသရာ၌၊ လှည့်ကာလှည့်ကာ၊ လည်ရပါ၍ များစွာပင်ပန်း၊ မရှင်လန်းဘဲ၊ ညှိုးနွမ်းအားပျက်၊ ဒုက္ခစက်ဖြင့်၊ ဝါးလျက်တည်နေ၊ ယောဂီတွေကို၊ မထေရ်သံဃာ၊ မြတ်ဆရာက၊ မိစ္ဆာပယ်ရှား၊ သမ္မာပွားတတ်အောင်၊ လေးပါးသစ္စာ၊ ကြောင်းကျိုးဖြာ၍၊ လေ့လာသူများ၊ လမ်းမှန်ပွားဘို့၊ ဟောကြားတော်မူပါမည့်အကြောင်း အခွင့်တောင်း လျှောက်ထားအပ်ပါသည် သံဃာတော်သခင် အရှင်သူမြတ်ဘုရား။

—

တရားသိမ်း

ပုဗ္ဗေပုဗ္ဗေ ပိ ယံကာယော၊ ဘုဝိ ရောဂါသယိ သယိ။
ကတံကတံ မုခ တောန၊ တဒတ္ထံ ဒုစရေ စရေ။

အယံကာယော၊ ပညတ်ထိုထို သင်ပြောဆိုနေတဲ့ ဤကာယ

ကိုယ်ကြီးသည်။ ပုဒ္ဓောပုဒ္ဓော ပိ၊ နေ့စဉ်နေ့စဉ် စားပွဲပြင်ဝယ် ချိုချဉ်ဆိမ့်အေး ရသာပေး၍ ကျွေးမွေးသုတ်သင် ဘယ့်က လောက် ပင် ပြုပြင်ငြားသော်လည်း။ ရောဂါသယီ၊ ကျင်နာ ညစ်ဆိုး အမျိုးမျိုးတို့ အုပ်စိုး တည်နားရာ လူနာရုံကြီး အစစ် ကေန် ဖြစ်ချေ၏။ ဘုဝိ၊ တခါရောက်က တခေါက်မပြန် သုသာန်သင်းချိုင်း မြေလုပ်တိုင်း၌။ သယီ၊ ဥစ္စာစည်းစိမ် ဂုဏ်တသိမ်နှင့် ထိန်ထိန် ဝတ်စား မော်ကြွားဝင့်ဝါ မောက်မာခဲ့သမျှ ဘိုင်းဘိုင်းကျ၍ ဖွဲလောက်မျှ မတန် ညှီနံ့ သိုးပုပ် စက်ဆုပ် ရွံရှာ ညာတကာ အားလုံး ရွံမုန်း မသဒ္ဒီ တထွေထွေနှင့် ပြည့်ရှာကိုခွင်း ခြောက်ပေတင်းဝယ် စင်းစင်းကြီး အိပ်ရလေတော့၏။ ကတံကတံ၊ စည်းစိမ်ရှိသမျှ အိပ်သွန်မှောက်၍ အမြောက်အမြား စားရန် ဝတ်ရန် အဆမတန်ဘဲ ဆယ်ပြန်ထပ်လောင်း ကောင်းသထက် ကောင်းအောင် သောင်းကုန်သိန်းကုန် အားလုံးပုံ၍ စုပုံနှံ့စပ် ပြုပြင်အပ်သမျှသော အရေးအရာတေ့သည်။ မုခ၊ စုတေသောအခါ ဘာတခုမျှ စမ်းမရဘဲ ကွယ်ပပြုန်းတီး အလုံးစုံ ပျက်စီးရလေတော့၏။ အတော· တသွာ၊ထိုသို့ သက်စွန့်ကြိုးပမ်း နေ့စဉ်ထမ်း၍ ပင်ပမ်းကြီးစွာ ဖွယ်ဖွယ်ရာနှင့် တွယ်တာယုယ ပြုသမျှသည် သဲကျရေယဉ် ကဲ့အသွင်သို့ လိုအင်မပြီး အချည်းနှီးသာ ဖြစ်ရလေသောကြောင့်။ တဒတ္တံ၊ ထိုအနှစ်ကင်းသဉ်း ထင်းတုံးလက်ပံ ရုပ် နှင့် နာမ်ကို ပြုပြင်ရန်အကျိုးငှာ။ ဒုစရေ၊ မကောင်းမှုမျိုးမျိုးပင်ပြိုး၍ ပြစ်မျိုးမှုမိုက် ဒုစရိုက်တို့ကို။ န စရေ- န အာစရေ၊ တနပ်စားမျိုး တပွဲတိုးဉာဏ် စိတ်အကြံနှင့် ဖောက်ပြန်နောက်

လွဲ နာမ်ဆင်းရဲအောင် ဘယ်နည်းနှင့်မှ မပြုကျင့်ကောင်းလေ ရာတော့သတည်း။

—

မေတ္တာပို့

ဒုက္ခာပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပတ္တာ စ နိဗ္ဘယာ။
သောကပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေ ပိ ပါဏိနော။

ဒုက္ခပတ္တာ၊ အိုဘေးဒုက္ခ နာဘေးဒုက္ခ သေဘေးဒုက္ခ တွေ့ကြုံ၍ နေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ ဖိုမ များစွာ သတ္တဝါတို့သည်။ နိဒ္ဒုက္ခာ စ၊ အိုဘေးဒုက္ခ, နာဘေးဒုက္ခ, သေဘေးဒုက္ခ မတွေ့မကြုံ နိုင်ကြကုန်သည်လည်း။ ဟောန္တု၊ သာသနာသုံးပါး အကျင့်မှန် တရားကြောင့် ထင်ရှား မသေ့ ဖြစ်ကြပါစေကုန်သတည်း။

ဘယပတ္တာ၊ မီးဘေး မင်းဘေး ခိုးသူဘေးစ တွေ့ကြုံ၍ နေကြကုန်သော။ သဗ္ဗေ ပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ပုပု ရွရွ သတ္တဝါမှန်သမျှတို့သည်။ နိဗ္ဘယာစ၊ မီးဘေး, မင်းဘေး, ခိုးသူဘေး စ မတွေ့ မကြုံနိုင်ကြကုန်သည် လည်း။ ဟောန္တု၊ မဂ္ဂင်ရှစ်ပါး လုပ်ငန်းများကြောင့် ထင်ရှား မသေ့ ဖြစ်ကြပါစေကုန် သတည်း။

သောကပတ္တာ၊ စိုးရိမ်ပူဆွေး ငိုကြွေးသောက ဖြစ်ပေါ်၍ နေကြကုန်သော။ သဗ္ဗေ ပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော၊ သတ္တဝါ ဖိုလ်မ အနန္တတို့သည်။ နိဿောကာ စ၊ စိုးရိမ်ပူဆွေး ငိုကြွေးသောက မဖြစ်မပေါ်နိုင်ကြကုန်သည်လည်း။ ဟောန္တု၊ ရတနာသုံးပါး အစစ် အမှန် တန်ခိုးအားကြောင့် ထင်ရှားမသေ ဖြစ်ကြပါစေကုန်သတည်း။

ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ယေဇနာ၊ ရှစ်ပါးသော မဂ္ဂင် လုပ်ငန်းဝင်ကြတဲ့ အကြွင်သူတော်ကောင်းတို့သည်။ ပဒက္ခိဏာနိ၊ မွန်မြတ်သော အဓိသီလသိက္ခာ၊ မွန်မြတ်သော အဓိစိတ္တသိက္ခာ၊ မွန်မြတ်သော အဓိပညာသိက္ခာတို့ကို။ ကတွာန၊ ဆောက်တည်ပွားများ ဉာဏ်ရှေ့သွားဖြင့် ကြိုးစားအားထုတ် နောက်မဆုတ်ဘဲ ပြုလုပ်ကြကုန်သည်ဖြစ်၍။ ပဒက္ခိဏေ၊ အရိယာဇာတ် ခိုဝင်ကပ်နိုင်သဖြင့် မွန်မြတ်လှကုန်သော။ အတ္ထေ၊ ငါးအာရုံသိမ်း ဒု မလိမ်းဘဲ တည်ကိန်းမဂ်တရား အကျိုးထူး အစားစားတို့ကို။ လဘန္တိ၊ အားထုတ်တိုင်းပင် တည်နားယှဉ်လျက် ပေါ်လွင်ရရှိလေကုန်၏။ အတ္ထလဒ္ဓါ၊ အာနိသင် အစားစား တည်ရှိနားသဖြင့် ထင်ရှား ရရှိကြကုန်သော။ သုခိတာ၊ အဓိသုံးဖြာ သာသနာကြောင့် ချမ်းသာခြင်းရှိကြ ကုန်သော။ တေဇနာ၊ အရိယာနည်းတူ အကျင့်မြူကြသည့် ထိုသူတော်ကောင်းတို့သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား

တည်ထောင်ထားတဲ့ သုံးပါးသော သာသနာတော်မြတ်ကြီး၌။ ဝိရုဠှာ၊ အတွင်းအပြင် လွန်ကြည်လင်၍ စည်ပင်ပြန့်ပွား မဂ်ဖိုလ်နှားအောင် တက်သွားနိုင်ကြကုန်သည် ဖြစ်၍။ သဒ္ဗဟိ၊ မိဘက်, ဘဘက် အနွယ်ဆက်သည့် အောက်ထက်နှစ်စုံ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ လောကီဆွေမျိုး, လောကုတ္တရာဆွေမျိုး ပွားစီးတိုးလာသည့် အမျိုးကောင်း အမျိုးမြတ်တို့နှင့်။ သဟ၊ သာသနာကြည်ဖြူ လုပ်ငန်းယူလျက် အတူတကွသာ။ အရောဂါ၊ ပိန်းကြာဖက်တွင် ရေမတင်ဘိ သကဲ့သို့ ကြည်လင် သန့်ရှင်း အနာရောဂါ ကင်းကြ ကုန်သည်။ သုခိတာ၊ အပါဒါန် အာပါဒီ ဘေးမသိဘဲ ခိုင်တည်သော ချမ်းသာ အေးမြစွာ ရှိကြကုန်သည်။ ဟောန္တု၊ ဘုရားတန်ခိုး, တရားတန်ခိုး, သံဃာ့တန်ခိုး အကျင့် တန်ဘိုးကြောင့် အမျိုးမျိုးသော အကျိုးထူးတွေ ရကြပါစေ ကုန်သတည်း။

—

စတုဘုမ္မိကရိပ်သာ အမျှဝေ

ဤသို့ ယနေ့ ယခု ပွားများ အားထုတ်ရသော စတုဘုမ္မိက ကုသိုလ်ကောင်းမှု၏ အဖို့ကို မွေးသမိခင်, မွေးသဖခင်, ဆရာသမား ဘိုးဘွားညာတိ အဆွေအမျိုးတို့မှ စ၍ ရေမြေသနင်း မင်းမိဖုရား သားတော်, သမီးတော်, ဆွေတော်, မျိုးတော်, မှူးတော်, မတ် တော် ပြည်သူ လူအပေါင်းတို့၏ ကိုယ်ကာယ စောင့်ကြပ်နတ်ပါ ဆယ်နှစ်ဖြာ မကြွင်း အိမ်စောင့်ခြင်းနတ် ကျောင်းစောင့်ခြင်း နတ်, စောင့်ကြပ်မြို့တော် တောစောင့်နတ်, တောင်စောင့်နတ်, ရုက္ခစိုး, ဘုမ္မစိုးပါ အာကာသစိုးမလပ် မိုးနတ်သား တထွေ

လေနုတ်သား တဝ, လံနုတ်သား တဖြာ စတုလောကပါလ မကြွင်း သိကြားမင်း အစုံ ခြောက်ဘုံသား တဖြာ ဗြဟ္မာနှစ်ဆယ် အောက်ဝယ် တဝ ဓတရဋ္ဌ, ဝိရူဠှက, ဝိရူပက္ခ, ကုဝေရနှင့် နဂါး ဂဠုံ, ဂုမ္ဘာန်ယက္ခ, ဂန္ဓဗ္ဗ နှင့် ရေ, မြေ, လေ မကြွင်းရသည့် ဇာတိ ခေတ်ပါ အာဏာခေတ် တဝ, ဝိသယခေတ်ပေ စက္ကဝါဠ ကုဋေ့တသိန်း မှီတင်းနေမျိုး သိန်းစိုး သင်္ခါတရောရုဝ, မဟာ ရောရုဝ, တာပဏ, မဟာတာပဏ အထိ အဝီစိအဆုံး ဘုံသုံး ဆယ်တစ် ဖြစ်ဖြစ်သမျှ သတ္တဝါသ ဘာဇေမ အမျှပေးဝေ ပါကုန်၏၊ ဤကောင်းမှုကို သောင်းထိုက်ဇမ္ဗူ နတ် နှင့် လူ ကြည်ဖြူ သာဓု - သာဓု - သာဓု ခေါ်စေသော်။

အမျှ - အမျှ - အမျှ - ယူတော်မူကြပါကုန်လော။
(၃) ခေါက်ဆိုပါလေ။

အရိယာနယ်ကူး၊ အကျင့်ထူး၊ ဆည်းပူးဆောင်ပွားပါ
အဓိသီလ ဆောက်တည်ရန်

သစ္စာ ငါးချက်- လက်နက် စွဲကိုင်၊
ဒုစရိုက်ပေါ်- မိုက်တော ခုတ်ချိုင်၊
ဝိရတီထုံး- ကျင့်သုံးပိုင်ပိုင်၊
ဒေါသကြမ်း- ကုန်းခန်း ဖျက်ဖြိုနိုင်။ ။

အဓိစိတ္တ ပွားများရန်

ပရိညာငါး- ဆောင်ပွား ရှုသော်၊
တဏှာခပင်း- ပယ်ရှင်း ဖြတ်နော်၊

ငါ သူ လူပုဂ္ဂိုလ်- နာမ်ရုပ် တွေပေါ်
လောဘဓာတ်- ခုတ်ဖြတ် ဆင့်ဆင့်ကျော်။ ။

အဓိပညာ ဆင်ခြင်ရန်

ပညာငါးရပ်- ထပ်ထပ် ဆင်ခြင်၊
ဒိဋ္ဌိစားစား- မြင်မှားလွင့်စင်၊
သစ္စာကျယ်သိ- သတိဉာဏ်ယှဉ်၊
မောဟယုတ်- တိုက်ထုတ် ကုန်အောင်ပင်။ ။

ကောဋ္ဌာသပွားရန်

မက်ရှု ဖျက်ရှု၊ ထွက်အောင်ရှု၊ အရှုသုံးမျိုးသာ။
ငါ သူ လူဟု၊ ထင်မြင်မှု၊ မက်ရှု မှတ်လေပါ။
မတင့်တယ်ဟု၊ ဉာဏ်ဥစု၊ ဖျက်ရှု ခေါ်ရပါ။
အ, ဒု, နတ်ဟု၊ တွေးထင်ပြု၊ ထွက်ရှုခေါ်သည်သာ။
မက်ရှုပယ်ရှား၊ ဖျက်ထွက်ပွား၊ မိုက်မှား ကင်းမည်သာ။ ။

ဒါနပါရမီ အကျိုးများ

အသက်ရှည်ခြင်း- အဆင်း လှစေ၊
ခြံရံပြည့်ပေါ- ကျော်ဇော ကောင်းပေ။
ချမ်းသာကြီးမား- အင်အား နှစ်ထွေ၊
ကျိုးခြောက်တန်- ဧကန် ရနိုင်ပေ၊
ပါရမီ- ယုံကြည် လှူဒါန်းလေ။ ။

ပါရမီ ဆယ်ပါး ကျင့်စဉ်တရား

ဒါနဂိုဏ်း ၄ · ပါး

ဒါန — အား ရှိသလောက် ပေး။
ဝီရိယ — မဂ္ဂင်ရေ နှင့် ဆေး။
မေတ္တာ — ရာဂကင်းအောင် ကျွေး။
ပညာ — အနိစ္စ မြင်အောင် တွေး။

သီလဂိုဏ်း ၄ · ပါး

သီလ — ဒု့ ကုန် ပယ်ကြဉ်ဆေး။
ခန္တိ — သည်းခံ ချုပ်ဘည်းရေး။
သစ္စာ — နှုတ်မြွက် ဆောက်တည်ပေး။
ပညာ — ဒုက္ခမြင်အောင် တွေး။

နိက္ခမဂိုဏ်း ၄ · ပါး

နိက္ခမ — ကျွတ်လွတ်ထွက်မြောက်ရေး။
အဓိဋ္ဌာန် — ချိန်မှန်ဆောင်ပွားပေး။
ဥပေက္ခာ — လျစ်လျူကြံရှုမွေး။
ပညာ — အနတ္တာမြင်အောင်တွေး။
လျစ်လျူကြံရှုမွေး။
ချိန်မှန်ဆောင်ပွားပေး။

ကျွတ်လွတ်ထွက်မြောက်ရေး။
နိဗ္ဗာန်ရောက်တဲ့ဆေး။
စားသုံးကြပါလေး။ ။

၁ ・ မရှိတာသိ၊ မှားမငြိ၊ ဒိဋ္ဌိ ကွာသည်သာ။
၂ ・ ရုပ်နာမ်သာရှိ၊ ပွားတိုင်းမိ၊ ဝိစိ ကွာသည်သာ။
၃ ・ မဂ္ဂင်အားထုတ်၊ ဒိဋ္ဌိ ဝိပြုတ်၊ ပယ်ဖြုတ် ဒုက်
သောတာပန်။
၄ ・ သောတာပန်တည်၊ လက်ဆုပ်ဖြည်၊ ယုံကြည်သာသနာ။
ဒုစရိုက်မျှ၊ မသိက၊ လူအ ခေါ်သည်သာ။
ရုပ် နာမ် ဓမ္မ၊ မသိက၊ လူန ခေါ်သည်သာ။
အ, ရင်လဲ အောက်ကျမယ်။
န, ရင်လဲ နောက်ကျမယ်။
အ,အ၊ န,န၊ ထိုနှစ်ဝ၊ ပယ်ကြ နေ့စဉ်သာ။

မီးဘေးရှောင် မလောင်ခင်တား

အဝိဇ္ဇာ, တဏှာ,ကံ၊ စသည်ဖန်၊ ငါးတန်ခန္ဓာ ဖြစ်ပေါ်လာ။
ခန္ဓာပွားစီး၊ ဆဲ့တမီး၊ ထိန်ငြီး လောင်နေပါ။
မီးမပွားအောင်၊ သတိဆောင်၊ ကွင်းရှောင် နေ့ညသာ။
အစ သုံးမီး မပွားစီး၊ ကျန်မီး အေးငြိမ်းပါ။
ဒေါသမီးထ၊ မိသီလ၊ နေ့ည ဆောက်တည်ပါ။
ရာဂမီးကြွ၊ မိစိတ္တ၊ ပွားကြ နည်းစုံသာ။
မောဟမီးဖြာ၊ မိပညာ၊ လေ့လာ ကြိုးစားပါ။
ရာ, ဒေါ, မောဟံ၊ မီးသုံးတန်၊ ငြိမ်းရန် အားထုတ်ပါ။
ရှစ်မီး အကျန်၊ အားမတန်၊ အမှန် ငြိမ်းပျောက်ပါ။
မီးဆဲ့တတန်၊ ငြိမ်းရာမှန်၊ နိဗ္ဗာန် ပြည်ခေမာ။
သိက္ခာရေအေး၊ သွန်းလောင်းပေး၊ မီးဘေး လွတ်မည်သာ။
မီးဘေးလွတ်အောင်၊ သတိဆောင်၊ ကွင်းရှောင်ကြလေပါ။
မီးအေးမီးငြိမ်း၊ မီးဇာတ်သိမ်း၊ အေးငြိမ်းချမ်းသာ၊ နိဗ္ဗာန်ပါ။

No 26

နိဂုံး

ဤ "စတုဘုမ္မိက ကျင့်စဉ်" စာအုပ်တွင် ပါရှိသော ကျင့်စဉ်လုပ်ငန်း အခန်းခန်းကို စွမ်းစွမ်းတမံ အားသန် လုလ္လ ဝိရိယဖြင့် နေ့ည မပြတ် အပတ်တကုတ် ကြိုးအားထုတ်မှု သမုဒ် အဏ္ဏဝါ ဝဲသြဃာမှ လွတ်ရာကောန် ချမ်းသာမှန်သည့် နိဗ္ဗာန်ခေမာ အမတာသို့ မှန်စွာ မသွေ ရောက်ရပေလိမ့်၊ စိတ်စေတနာ များစွာ စင်ဖြူ အပူခပ်သိမ်း ကင်းငြိမ်းလိုငြား ရဟန်းရှင်လူ ပြည်သူများသည် တရားမဂ္ဂင် ဝိပဿနာ လုပ်ငန်းစဉ်ကို တွင်တွင်ကြီး သာ လွန်စွာ ကြိုးစား အားထုတ်ရာ သတည်း၊ ကြိုးစား အားထုတ် ကြပါကုန်လော့။

သာသနာရေး ဦးဖိုးဒွာန ရှိ
အရှင်ကောဝိဒမှ
လှူဒါန်းပါသည်။

ဦးဝင်း(၀၀၁၂)ကာလာမောင်စင်းပုံနှိပ်တိုက် ၁၂၈-ဗိုလ်ချုပ်လမ်းရန်ကုန်၊